# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၃၀)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်နှင့်ဖလမ်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

## ဆူရ်ဘုန်(ဖလမ်း)လေဆိပ် အချိန်မီပြီးစီးရေးနှင့် ရေရှည်ခိုင်ခံ့ပြီး အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်မှာကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နယ် ဆူရ်ဘုန် (ဖလမ်း) လေဆိပ်သစ် ပထမအဆင့် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ဖလမ်း မေ ၁၉

**ချင်းပြည်နယ် တီးတိန်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက်တွင် တီးတိန်မြို့နှင့် ဖလမ်းမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။**

နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ၏ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ(တီးတိန်)သို့ ရောက်ရှိပြီး ခြံအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပိုးစာပင်များ၊ ပိုးချည်ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပိုးချည်စက်ရုံရှင်းလင်းဆောင်၌ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မော်က ပိုးစာထုတ်လုပ်မှုအား သမားရိုးကျနည်းမှ အဆင့်မြင့်နည်းပညာသို့ အဆင့်လိုက်ပြောင်းလဲဆောင်ရွက်နေမှု၊ လက်ရှိ ပိုးချည်ထုတ်လုပ်နေမှုနှင့် သုတေသနပြုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

> **“မြန်မာနိုင်ငံတွင် ပိုးစာသီးနှံကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိရာ စိုက်ကေစုစုပေါင်း ၆၄၃၇ ဒသမ ၉၈ ကေရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပိုးစာသုတေသနခြံနှင့် ပိုးစာခြံများမှ ပိုးဥမွေးမြူမှု ၂၃၁ ကတ်ရှိပြီး ပိုးအိမ်ထုတ်လုပ်မှုမှာ ၁၁၈၆၈ ပေါင် ထွက်ရှိ”**



**ဝါးပင်ကို လေကာတန်းအဖြစ် စိုက်ပျိုးခြင်းဖြင့် လေအောက်ရှိ အပင်၊ အဆောက်အအုံတို့ကို ကာကွယ်နိုင်** စာမျက်နှာ - ၆

**ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် မွေးကင်းစအရွယ်မှစ၍ လက်ခံစောင့်ရှောက်သွားနိုင်တော့မည်** စာမျက်နှာ - ၈

**တော်ဝင်လက်ထပ်ပွဲကို ကမ္ဘာတစ်ဝန်းမှ ကြည့်ရှုသူ သန်းချီရှိ** စာမျက်နှာ - ၁၄


နုပျို လန်းဆန်း ဖြူဝင်းမယ့် ရွှေပြည်နန်း သနပ်ခါး Body Lotion

ခေတ်အဆက်ဆက်မြန်မာတို့ရဲ့အသားအရေကို အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တဲ့ ဆေးဖက်ဝင်သဘာဝရတနာ မြန်မာ့သနပ်ခါးရဲ့အကျိုးကျေးဇူးအာနိသင်တွေနဲ့ ရွှေပြည်နန်းသနပ်ခါး Body Lotion ကိုရွှေပြည်နန်းသနပ်ခါးမှ ထုတ်လုပ်လိုက်ပါပြီ။ ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရရှိနိုင်တဲ့ မြန်မာ့သနပ်ခါးရဲ့အစွမ်းအာနိသင်တွေဖြစ်ကြတဲ့

(၁) အသားဖြူ အရွယ်တင် နုပျိုစေသော ဗီတာမင်စီထက်(၁၀)ဆပိုမိုများတဲ့ Antioxidant ဓာတ်

(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကို တားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်

(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကို ကာကွယ်ပေးတဲ့ (Marmesin) မာမီစင်ဓာတ်တို့အပြင် အသားအရေရှိုပြည့်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E ကိုဖြည့်စွက်ပေါင်းစပ်ပြီး ခေတ်မီနည်းပညာနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ရွှေပြည်နန်းရဲ့သနပ်ခါး Body Lotion ကို အချိန်ရာသီမရွေး ရေချိုးပြီးတိုင်း လိမ်းမယ်လေ....

SHWE PYI NANN



# ‘ဖော့’ ‘ဖုံး’ ‘ဖျောက်ကွက်’ အချက်တို့၏ နိုင်ငံရေးအကျိုးသက်ရောက်မှု

အမေရိကန်နိုင်ငံ၊ အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီက **Burma Act 2018** ဥပဒေကို အတည်ပြုခဲ့သည်ဟု သိရှိရပါသည်။ အဆိုပါ ဥပဒေပါ “မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခနှင့်သက်ဆိုင်သော အကြောင်းအရာများ”ဟူသော ခေါင်းစဉ်အောက်ရှိ “တွေ့ရှိချက်များ” ဟူသောခေါင်းစဉ်ခွဲ၌ “၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၌ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များသည် ၎င်းတို့၏ လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုအပေါ် အလွန်အကျွံ အင်အားသုံး၍ ရက်ရက်စက်စက် တုံ့ပြန်တိုက်ခိုက်မှုကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အစုအပြုံလိုက် နေအိမ်စွန့်ခွာသွားမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤကဲ့သို့ အစုအပြုံလိုက် နေအိမ်စွန့်ခွာ ထွက်ပြေးမှုကို ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ **(International Organization of Migration)** က “ထွက်ပြေးသော လူဦးရေပမာဏနှင့် ထွက်ပြေးမှု မြန်ဆန်နှုန်းသည် သမိုင်းတွင် မကြုံစဖူးဖြစ်သည်”ဟု ရေးသားထားပါသည်။ သမိုင်းတွင် မကြုံစဖူးဟုဆိုသော ဤအစုအပြုံလိုက် နေအိမ်စွန့်ခွာထွက်ပြေးမှု၌ **ARSA** အကြမ်းဖက်အဖွဲ့၏ သွေးထိုးလှုံ့ဆော် အကျပ်ကိုင်မှုက မည်သည့်အတိုင်းအတာအထိ ပါဝင်နေသည်ကို အသိအမှတ်ပြု စစ်ဆေးရန် ပျက်ကွက်ခြင်းသည် အဆိုပါ **Burma Act 2018** ၏ ရှင်းမရသော ပျက်ကွက်မှုသာ ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ ဖြစ်ရပ်အပေါ် **Burma Act 2018** က “မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့တို့၏ အလွန်အကျွံ အင်အားသုံး ရက်ရက်စက်စက် တုံ့ပြန်တိုက်ခိုက်မှု”ဟု ပုံဖော်ထားသည်ကို သတိပြုမိမည် ဖြစ်ပါသည်။ အရေးအကြီးဆုံးအချက်ဖြစ်သကဲ့သို့ ရှင်းရှင်းကြီးပေါ်လွင်နေသော အချက်မှာ “**ARSA** အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လုပ်ရပ်၊ ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်”တို့ကို တစ်လုံးတစ်ပါဒမျှ ရည်ညွှန်းမထားခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ပါနည်း။ အဖြေများ ရှင်းပါသည်။ **ARSA** အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များနှင့် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များအား ညွှန်းဆိုဖော်ပြပါက တစ်ပြိုင်တည်း ကျွဲကူးရေပါဆိုသလို မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့၏ တရားမျှတသော တုံ့ပြန်ပိုင်ခွင့်ဆိုသည်ကိုပါ မလွှဲသာမရှောင်သာ အသိအမှတ်ပြုရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

**Burma Act 2018** ၌ “မြန်မာ့လုံခြုံရေးစခန်းများအပေါ် တိုက်ခိုက်မှု”ဟုဆိုလျက် ဤစစ်ရေးဖြစ်စဉ်အပေါ် ‘ဖော့’ တင်ပြထားသကဲ့သို့ **ARSA** အကြမ်းဖက်အဖွဲ့၏ အခန်းကဏ္ဍကိုလည်း လုံးဝဖျောက်ထားပါသည်။ “မြန်မာ့လုံခြုံရေးစခန်းများအပေါ်တိုက်ခိုက်မှု” ဟူသော ဖော်ပြချက်နှင့် “မြန်မာ့လုံခြုံရေးစခန်း (၃၀)အား **ARSA** အကြမ်းဖက်တပ်ဖွဲ့များက တစ်ပြိုင်တည်းဝင်ရောက် စီးနင်းမှု” ဟူသောတင်ပြချက်ကို နှိုင်းယှဉ်ပါက ဖြစ်ပေါ်စေမည့် နိုင်ငံရေး အကျိုးသက်ရောက်မှု၌ သိသိသာသာကွဲပြားစေသည်ကို သတိပြုမိမည် ဖြစ်ပါသည်။ **Burma Act 2018** ၌ အမည်ဆန်းတပ်ထားသော ဘင်္ဂါလီမျိုးနွယ်တို့၏ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေးကို တောင်းဆိုထားပါသည်။ သမိုင်းကို ပြန်ကြည့်ပါက မြန်မာနိုင်ငံ အစိုးရအဆက်ဆက်သည် ယင်းမျိုးနွယ်တို့၏ နိုင်ငံသားအခွင့်အရေး ရရှိပိုင်ခွင့်ကို အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ အမှန်မှာမူ **ARSA** အကြမ်းဖက်အဖွဲ့၏ နိုင်ငံရေးရည်မှန်းချက် အစစ်အမှန်သည် ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့်အတူ မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင် နယ်မြေတစ်စိတ်တစ်ဒေသကို ဖဲ့ထုတ်သိမ်းပိုက်ရန်ဖြစ်ပါသည်။ **Burma Act 2018** ၌ **ARSA** အကြမ်းဖက်အဖွဲ့၏အဆိုပါ နိုင်ငံရေးရည်မှန်းချက်ကို ဖော်ပြထားခြင်းမရှိပါ။ ဤသည်မှာလည်း အံ့သြစရာ မဟုတ်ပါ၊ ထိုသို့ဖော်ပြပါက မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့၏ တရားမျှတသော ခုခံပိုင်ခွင့်ဟူသောအချက်က ပေါ်လွင်ထင်ရှားလာမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူတို့အား ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား သဘောတူညီချက်တစ်ရပ် အခိုင်အမာရှိထားခြင်းနှင့် အဆိုပါ သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် မြန်မာနိုင်ငံက အဆင်သင့်ဖြစ်နေခြင်းအပေါ် **Burma Act 2018** က အလေးအနက်မဖော်ပြခြင်းသည် စိတ်ပျက်စရာလုပ်ရပ်တစ်ခုသာ ဖြစ်ပါသည်။ ဤ **Burma Act 2018** ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူတို့ကို ပြန်လည်လက်ခံခြင်း၊ ထိရောက်သော လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခြင်း၊ နေရပ်စွန့်ခွာသွားသူတို့အား ပြန်လည်နေရာချထားပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖန်တီးရေးဟူသော မူဝါဒလေးရပ်ချမှတ်ထားခြင်းအား ဖော်ပြထားပါလျက် ပူးပေါင်းညှိနှိုင်းဖြေရှင်းခြင်းအစား ပြစ်ဒဏ်ခတ်အရေးယူခြင်းကို ဦးတည်ထားခြင်းသည် ပြဿနာ၏အဖြေကို ရှာဖွေနိုင်မည်မဟုတ်၊ ပြဿနာကိုသာ ပိုမိုဆိုးရွားစေမည်ဖြစ်ကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

# ပြင်ဦးလွင်မြို့နယ်၌ စေတီကို ဖုံးအုပ်နေသည့် ညောင်ပင်ကို ဖယ်ရှားရာမှ ဘုရားဆင်းတုတော်များ တွေ့ရှိ



**ပြင်ဦးလွင် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပင်လိန်အရှေ့ကျေးရွာ ရွှေလမင်းကျောင်းတိုက်အတွင်းရှိ ညောင်ပင်အမြစ်များ ဖုံးအုပ်နေသော စေတီကို ပြုပြင်ရန် ညောင်ပင်ကို ဖယ်ရှားရှင်းလင်းရာ စေတီအတွင်းမှ နှစ်ပေါင်း ၄၀၀ ခန့် သက်တမ်းရှိ ညောင်ရမ်းခေတ် ဘုရားဆင်းတုတော် ၁၀၀ ကျော် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းတိုက်အတွင်း၌ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသဖြင့် ကျောင်းထိုင်ဆရာတော်က ရှင်းလင်းစဉ် ယိုယွင်းပျက်စီးနေသည့် စေတီငုတ်တိုနှစ်ဆူနှင့် ညောင်ပင်ငုံထားသည့် စေတီတစ်ဆူကို တွေ့ရှိသဖြင့် ပြန်လည်ပြုပြင်ရန် ဖယ်ရှားရာမှ စေတီအတွင်းရှိ ဌာပနာတိုက်နှစ်ခုမှ ကျောက်ဆင်းတုတော်၊ ကြေးဆင်းတုတော်နှင့် နံ့သာဖြူသားဆင်းတုတော် ရုပ်ပွားတော် အဆူ ၁၂၀ ကျော် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးသုဇနက မိန့်ကြားသည်။

“ညောင်ပင်အောက်မှာ ရောက်နေတဲ့ စေတီကို မတွေ့ရပေမယ့် ရွာထဲက အသက် ၈၀ ကျော် ဒါယကာကြီးတွေက ဒီညောင်ပင်အောက်မှာ စေတီတစ်ဆူ ရှိတယ်လို့ ပြောကြတယ်၊ ဒါကြောင့် ပြုပြင်ဖို့ ဖယ်ရှားလိုက်တဲ့အတွက် ဒီဆင်းတုတော်တွေကို တွေ့ရတာပါပဲ၊ ဆင်းတုတော်တွေထဲမှာ အထူးခြားဆုံးကတော့ သလင်းကျောက်နဲ့ ထုဆစ်ထားတဲ့ ဘုရားဆင်းတုတော်တစ်ဆူ ပါလာတယ်၊ ဒါကြောင့် ဘုန်းဘုန်းက ဒီဆင်းတုတော်ကို စေတီအသစ်တည်ရင် ဌာပနာထဲ မထည့်ဘဲ အများဖူးမြော်နိုင်အောင် အပူဇော်ခံထားရှိမှာပါ၊ စေတီသုံးဆူစလုံးကို ပြန်လည်ပြုပြင်ဖို့ ရွာထဲက ဒါယကာ၊ ဒါယိကာမတွေ လုပ်အားနဲ့ လိုင်းကျင်းတွေတော့ တူးပြီးပါပြီ၊ အလှူရှင်ရှိရင်တော့ စပြီးတည်မှာပါ” ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါ ရှေးဟောင်းစေတီသုံးဆူနှင့် ဘုရားဆင်းတုတော်များ တွေ့ရှိမှုအပေါ် မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်ကလည်း “ဒီရှေးဟောင်းဆင်းတုတော်တွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ နီးပါးက ညောင်ရမ်းခေတ် လက်ရာတွေ ဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါ စေတီသုံးဆူအနက် ညောင်ပင်ကြောင့် ပျက်စီးသွားသည့် စေတီကိုတွေ့ရှိသည့် ရုပ်ပွားတော်များကို ဌာပနာသွင်းပူဇော်၍ အသစ်ပြန်လည်တည်ထားကိုးကွယ်မည်ဖြစ်ပြီး ကျန်ရှိသည့် စေတီနှစ်ဆူကိုလည်း ရှေးမူမပျက် ပြန်လည်ပြုပြင်သွားမည်ဖြစ်ကာ စေတီသုံးဆူကို ဉာဏ်တော် ၂၇ ပေ၊ အောက်ခံပလ္လင်တော် ၂၇ ပေအရွယ်ရှိ စေတီများ တည်ထားကိုးကွယ်သွားမည်ဖြစ်သောကြောင့် အလှူရှင်လိုအပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကျေးရွာ ၂၂ ရွာသို့ ဓာတ်အားပေးမည့် မိတ္ထီလာမြို့ ဖလံကျင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီး



**မိတ္ထီလာ မေ ၁၉**

မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာ၌ ဖလံကျင်းကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၂ ရွာသို့ လျှပ်စစ်ဓာတ်အားပေးမည့် ဖလံကျင်းဓာတ်အားခွဲရုံ တည်ဆောက်မှုလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်၍ အဆိုပါ ကျေးရွာ ၂၂ ရွာစလုံး မကြာမီအချိန်အတွင်း လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

“၅ အမ်ဗွီအေ ဖလံကျင်း လျှပ်စစ်ဓာတ်အားခွဲရုံကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ တည်ဆောက်ခဲ့တာပါ၊ တည်ဆောက်မှုလုပ်ငန်းအားလုံးပြီးနေပြီမို့ ဖလံကျင်း၊ မြောက်လည်၊ မုန်တိုင်၊ ဆပ်ပြာကျင်း၊ ထိန်ကန်၊ သိမ်ကုန်း၊ အိုင့်ကုန်း၊ သရက်ပင် (အရှေ့)၊ သရက်ပင် (အနောက်)၊ သရက်ခြံ၊ လဲတော၊ ညောင်ပင်သာ၊ မန်ကျည်းတန်း၊ လက်ပံအိုင့်၊ ကြာကန်၊ သဲတော၊ သပြေကုန်း၊ ဂုတ်ကုန်း၊ ညောင်လည်၊ ရေဝေ၊ အင်းမ ကျေးရွာပေါင်း ၂၂ ရွာကို အဲဒီဓာတ်အားခွဲရုံကနေ လျှပ်စစ်ဓာတ်အားပေးနိုင်တော့မှာဖြစ်တဲ့အတွက် မကြာမီ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းနိုင်တော့မှာပါ” ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသီဟဇော်က ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စု၌ ကျေးရွာပေါင်း ၃၇၉ ရွာရှိပြီး ကျေးရွာပေါင်း ၁၀၉ ရွာတွင် လျှပ်စစ်မီးလင်းနေပြီဖြစ်ကာ ယခု မီးထပ်လင်းမည့် ကျေးရွာ ၂၂ ရွာ အပါအဝင် ကျေးရွာပေါင်း ၅၀ တွင် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မီးလင်းရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပဲခူးတိုင်းဒေသကြီး၌ အကြီးစားစက္ကူစက်ရုံတည်ဆောက်ရန် ကမ်းလှမ်း

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ် ဧည့်ခန်းမသို့ ပဲခူးတိုင်းဒေသကြီးအတွင်း အကြီးစားစက္ကူစက်ရုံ တည်ဆောက်နိုင်ရန် ဟောင်ကောင်ဒေသအခြေစိုက် Le and Man Manufacturing Co., Ltd. မှ Chairman , Mr. Raymond Lee ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မေ ၁၈ ရက်က လာရောက်တွေ့ဆုံခဲ့သည်။

**၃ ဒသမ ၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်**

ရှေးဦးစွာ Mr. Raymond Lee က မိမိတို့ ကုမ္ပဏီသည် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝါးကိုအခြေခံ၍ ထုတ်လုပ်သော်လည်း လေလွင့်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်းနှင့် အခြားစွန့်ပစ်ပစ္စည်းများ ပြင်ပသို့ ထွက်ရှိမှု မရှိပါကြောင်း၊ စက်ရုံမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်ယူ၍ စက်ရုံကို လည်ပတ်သွားမည်ဖြစ်ကြောင်း၊ စက်ရုံအတွက် ပြင်ပမှလျှပ်စစ်ဓာတ်အား ထောက်ပံ့မှု မလိုအပ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သည့် မြေဧရိယာသည် ၃၄၀၀၀၀ စတုရန်းမီတာခန့် လိုအပ်မည်ဖြစ်ပြီး အစိုးရ၏ စီမံခန့်ခွဲမှုများကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စက်ရုံစီမံကိန်းဆောက်လုပ်ခွင့်ရရှိပါက ဒေသခံပြည်သူ ၃၀၀၀ ခန့်အား တရုတ်နိုင်ငံ၌ တစ်နှစ်သင်တန်းပေးသွားမည် ဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

**အခွင့်အလမ်းများ ရရှိ**

ထို့နောက် ဝန်ကြီးချုပ်က စက်ရုံများ ပဲခူးဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပြီး တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် မိမိတို့ အစိုးရအဖွဲ့မှလည်း ဥပဒေနှင့်အညီ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# လူငယ်များ ကိုယ်၊ နှုတ်အမူအရာ ယဉ်ကျေးလာစေရေး ဆောင်ရွက်

**နတ်မောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာ၊ ကန်စွယ်ကျေးရွာ အောင်ပြည်ငြိမ်းချမ်း ကျွဲတဲကျောင်းတိုက်အတွင်းရှိ သဒ္ဓမ္မပီတိဗိမာန်တော်ကြီး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဓမ္မစကူးဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်တိုက်အုပ် အဂ္ဂမဟာအကျော် သာသနဓဇဓမ္မာစရိယ ဝိသိဋ္ဌဝိနယဝိဒူ ဝိနယပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ၊ ဒွိပိဋက အရှင်သိရီကဉ္စနာဘိဝံသ (တောဆရာတော်)နှင့် ဆရာတော်ကြီးများ ဦးဆောင်၍ လူငယ်များ ကိုယ်၊ နှုတ်၊ အမူအရာ ယဉ်ကျေးလိမ္မာပြီး ဘာသာတရား ကိုင်းရှိုင်းလာစေရေးအတွက် မေ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော အခြေပြုဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုနှုတ်ဖြေ၊ ရေးဖြေစာမေးပွဲ ကြီးတွင် ကျေးရွာပေါင်း ၁၈ ရွာမှ ရှင်သာမဏေများ၊ လူပုဂ္ဂိုလ်၊ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၁၀၃ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **အောင်သန်းထွန်း (နတ်မောက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ရှေ့ဖုံးမှ*

### ပံ့ပိုးဆောင်ရွက်ပေးသွားရမည်

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပိုးစာပင်စိုက်ပျိုးခြင်းဖြင့် ဒေသခံမိသားစုဝင်များ၏ ဝင်ငွေကို တိုးတက်စေမည့်အပြင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းကို အစားထိုး လုပ်ကိုင်နိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ပိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများအား ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့နိုင်မည့် ပိုးချည်ထုတ်လုပ်မှုစက်ရုံများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုးစာစိုက်တောင်သူများအတွက် ပိုမို အကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ပဈေးကွက်၌ ပိုးချည်မျှင်ဝယ်လိုအားသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်တွင်း၌ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ခိုင်မာသော ဈေးကွက်ရရှိရေးကို ဌာနဆိုင်ရာများမှ ပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ အလားတူ ပိုးချည်မျှင်အပြင် ပိုးစာမှတစ်ဆင့် အခြားသော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုသွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

### ပိုးစာသီးနှံထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ပိုးစာသီးနှံကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိရာ စိုက်ဧကစုစုပေါင်း ၆၄၃၇ ဒသမ ၉၈ ဧကရှိပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပိုးစာသုတေသနခြံနှင့် ပိုးစာခြံများမှ ပိုးဥမွေးမြူ မှု ၂၃၁ ကတ်ရှိပြီး ပိုးအိမ်ထုတ်လုပ်မှု မှာ ၁၁၈၆၈ ပေါင် ထွက်ရှိသည်။ ပိုးစာတစ်ဧကစိုက်ပျိုးပါက ပထမနှစ်တွင် စိုက်ပျိုးစရိတ် ငွေကျပ် ၈သိန်းခွဲ၊ ဒုတိယနှစ်တွင် ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ပိုးဥ ၆ ကတ် မွေးမြူစရိတ် စုစုပေါင်းကုန်ကျငွေကျပ် ၉၇၈၀၀၀ ကုန်ကျပြီး ယင်းနှစ်မှာပင် ပိုးဥ ၆ ကတ်မှထွက်ရှိမည့် ပိုးအိမ် ၆၀၀ ပေါင်အား တစ်ပေါင်လျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ရောင်းချပါက ငွေကျပ် ၁၃၂၀၀၀၀ ရရှိမည်ဖြစ်၍ ဒုတိယနှစ်မှာပင် အမြတ်ငွေကျပ် ၃၄၂၀၀၀ ရရှိမည်ဖြစ်ရာ နှစ်နှစ်ခွဲကာလအတွင်း အရင်းကျေမည်ဖြစ်ကြောင်း သိရှိရသည်။

### မံဆောင်းကြိုးတံတား စစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် တီးတိန်-ရိဒ်လမ်းနှင့် ရိဒ်-ဖလမ်းလမ်းတို့အား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မံဆောင်းကျေးရွာအနီး ခွင့်ပြုတန်ချိန် ၁၆ တန်ရှိ မဏိပူရမြစ်ကူး ပေ ၃၆၀ အရှည် မံဆောင်းကြိုးတံတား၏ ကြံ့ခိုင်ကောင်းမွန်မှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းတံတားများ၏ ကြံ့ခိုင်ကောင်းမွန်မှုနှင့် လမ်းပိတ်ဆို့မှုများ မဖြစ်အောင် စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ရှိ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ(တီးတိန်)၌ ကြည့်ရှုစဉ်။ သတင်းစဉ်

ထို့နောက် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာသို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းသို့ရောက်ရှိပြီး နယ်စပ်ကုန်သွယ်မှုနှင့် စခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်ပပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မကြာမီက အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်နိုင်ငံအကြား ကူးသန်းသွားလာမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများ အဆင်ပြေမှုရှိအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

### ကုန်သွယ်မှုပမာဏ ပိုမိုရရှိ

ရိဒ်ကုန်သွယ်ရေးစခန်းကို ချင်းပြည်နယ် တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ရှိ မြေဧရိယာ ၄ ဒသမ ၈၁၄ ဧကတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၁၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၃၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၅၀ သန်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလတူ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၅၂ သန်းရှိ၍ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၈ သန်း ပိုမိုရရှိခဲ့ကြောင်း သိရသည်။

### ခြံစည်းရိုးကာရံခြင်း ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရိဒ်ခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ ဇိုးခေါထာရ်းမြို့တို့ကို ဆက်သွယ်ထားသည့် နယ်စပ်ကုန်သွယ်ရေးတံတား၊ တံတားအနီး မြေထိန်းနံရံနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ရိဒ်ခေါဒါရ်မြို့ အမှတ် ၂ ရပ်ကွက်တွင် ဧပြီ ၁၆ ရက် မီးလောင်မှုဖြစ်စဉ်ကြောင့် မီးဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့ အမှတ် ၁ ရပ်ကွက်အနီးရှိ ရိဒ်ရေကန်သို့ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ရိဒ်ရေကန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ရိဒ်ရေကန်သည် သဘာဝတရားမှ ပေးအပ်သည့် အကောင်းဆုံးလက်ဆောင်ကို ရရှိထားခြင်းဖြစ်ပြီး

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဏိပူရမြစ်ကူး မံဆောင်းကြိုးတံတား ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဌာနဆိုင်ရာများမှ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နေမှုကို ဒေသခံပြည်သူများက ဒေသချစ်စိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရိဒ်ဒေသအား ခရီးသွားလုပ်ငန်း၏ ခရီးစဉ်အသစ်တစ်ခုအဖြစ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရာတွင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားအကျိုးဖြစ်ထွန်းအောင်လည်း ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းမှုမဖြစ်အောင် ဒေသခံပြည်သူများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ရိဒ်ရေကန်သည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၉၇ ပေတွင် တည်ရှိပြီး ရေကန်၏ အကျယ်မှာ ၂ မိုင်ကျော်ခန့်ရှိသည်။ ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့ပြီး ချင်းပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားဒေသတစ်ခုအဖြစ် လည်းကောင်း၊ ဒေသတွင်း ရိုးရာယုံကြည်ကိုးကွယ်မှုအဖြစ်လည်းကောင်း နိုင်ငံတကာတွင် ထင်ရှားသည့် ရေကန်တစ်ခုဖြစ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ဒုတိယသမ္မတသည် ဖလမ်းမြို့နယ် သီးဘွာလ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုကို လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့နယ် ဆူရ်ဘုန်တောင်ကြောရှိ ဆူရ်ဘုန် (ဖလမ်း) လေဆိပ်သစ်ပထမအဆင့် တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်မှ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ အသုံးပြုရန် လိုအပ်သည့်ရေကို မိုးတွင်းကာလတွင် ကြိုတင်စုဆောင်းသိုလှောင်သွားရန် လိုအပ်ပါကြောင်း၊ လေယာဉ်ကွင်းတည်ဆောက်ရာတွင် မြေသားသိပ်သည်းမှုရှိစေရေးနှင့် မြေထိန်းနံရံခိုင်ခံ့မှုရှိအောင် အထူးအလေးထားဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင် အချိန်မီပြီးစီးရေးနှင့် ရေရှည်ခိုင်ခံ့ပြီး အရည်အသွေးပြည့်မီသည့် လေယာဉ် ကွင်းတစ်ခုဖြစ်အောင် ချိန်ညှိဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း မှာကြားသည်။

**လေယာဉ်ပြေးလမ်းကြည့်ရှု**

ထို့နောက် လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှုနှင့် မြေထိန်းနံရံ ၂ တည်ဆောက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆူရ်ဘုန်(ဖလမ်း) လေဆိပ်သစ်စီမံကိန်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကောင်အထည်ဖော်တည်ဆောက် လျက်ရှိရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် လေယာဉ်ပြေးလမ်း ၆၀၀၀×၁၀၀ ပေ တည်ဆောက်ရန်အတွက် မြေတူး၊ မြေဖြတ်၊ မြေဖို့ခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာယဉ်ကျေးမှု အကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား တာဝန်ရှိသူများက ရိဒ်ရေကန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

**❐ ရိဒ်ကုန်သွယ်ရေးစခန်းကို ချင်းပြည်နယ် တီးတိန်မြို့နယ် ဟိုင်မွာလ်ရွာသစ်ရှိ မြေဧရိယာ ၄ ဒသမ ၈၁၄ ဧကတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၁၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၃၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၅၀ သန်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကာလတူ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၅၂ သန်းရှိ၍ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၈ သန်း ပိုမိုရရှိခဲ့**



◆ **ကျောဖုံးမှ**

ကယားပြည်နယ်အတွင်း ပြည်နယ်အထိမ်းအမှတ် ငွေတောင်ဆည်၊ တောင်ကွဲစေတီ၊ လောပိတရေတံခွန်တို့အပြင် ယခုပြည်နယ်ဂုဏ်ဆောင် လွှတ်တော်အဆောက်အအုံကြီး ပေါ်ပေါက်လာခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ကယားပြည်နယ် လွှတ်တော်ရုံးအဆောက်အအုံသစ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် လွှတ်တော်အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ်ဝန်ကြီးချုပ်တို့က ဖွင့်ပွဲအထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကယားပြည်နယ် လွှတ်တော်ရုံး အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ် ကံ့ကော်ပင်စိုက်ပျိုးပေးစဉ်။**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မေ ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၈၃ လက်မ၊ နမ့်ဆန်မြို့၊ လွိုင်လင်မြို့၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်) တို့တွင် ၀ ဒသမ ၇၉ လက်မစီ၊ ကျောက်မဲမြို့နှင့် ရန်ကုန်(ကမ္ဘာအေး) တို့တွင် ၀ ဒသမ ၇၅ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရွေးချယ်ရေး ပထမအကြိမ် ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၉

**၂၀၁၇ခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်ရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်နိုင်ရေးအတွက် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းနှင့် ပြည့်ပြည့်စုံစုံဆွေးနွေးပေးကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် ဆရာကြီး ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ အတွင်းရေးမှူးဦးသန်းအုန်း(မောင်ဇေယျာ) နှင့် ကော်မတီဝင်များက အမျိုးသားစာပေဆုအမျိုးအစားများ၊ ဆုရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်များအတွက် အမျိုးသားစာပေဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်နိုင်ရန် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင် ၆၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၇ခုနှစ်အတွက် အမျိုးသား စာပေဆု ရွေးချယ်ရေးဆိုင်ရာ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

# (၁၆) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန်  မေ  ၁၉**

(၁၆) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတတိုးပွားစေသော စာအုပ်စာပေပွားများရေး အားပေးရန်၊ ထိုသို့ အားပေးရာတွင် နှစ်စဉ်စာအုပ်၊ စာမူတစ်မျိုးမျိုးကို မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာစာပေပညာရှင်ကြီးများ၏ ပါဝင်ကူညီမှုဖြင့် ရွေးချယ်၍ ချီးမြှင့်ရန်နှင့် မြန်မာစာပေကို ဘက်စုံ ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်း ကူညီရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၁ ခုနှစ်မှ စတင်ကာ ဆရာဝန်တင်ရွှေစာပေဆုများကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ဝမ်းသာဂုဏ်ယူ**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆရာဝန်တင်ရွှေ အပါအဝင် ဆရာဝန် စာရေးဆရာကြီးများနှင့် ပတ်သက်သည်များ၊ ယခုလို စာပေဆု တည်ထောင်ချီးမြှင့်သည့် အတွက် အကျိုးကျေးဇူးရှိမှု၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆုများချီးမြှင့်နေမှုသည် စာပေလောကအတွက် များစွာကျေးဇူးကြီးမားမှုနှင့် စာပေဆု ရွေးချယ်ရေးပုဂ္ဂိုလ်များက စာပေဥယျာဉ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ဆုရရှိသူများအတွက် ဝမ်းသာဂုဏ်ယူကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဆရာဝန်တင်ရွှေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (ဆရာမနုဿကျော်ဝင်း) က မုဒိတာစကားပြောကြားပြီး စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် သိပ္ပံစာရေးဆရာ ကိုကိုအောင်က ဆရာဝန်တင်ရွှေစာပေဆု စာအုပ်များ၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး က (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုရရှိသည့် စာရေးဆရာကြီးများဖြစ်ကြသည့် တစ်သက်တာ စာပေဆု ရရှိသူစည်သူ ဒေါက်တာ ဦးသော်ကောင်း၊ “သစ်သီးများနှင့် ကျန်းမာရေး” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်မောင်လွင်၊ “ကင်ဆာလူနာများအတွက် လက်တွေ့ ကျကျမေးခွန်းနှင့် အဖြေများ” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာလှမ်းမိုးဟန်၊ “ဖတ်ကြည့်” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်မောင်စံ (ကျော်စောမင်း) နှင့် “Myanmar English Dictionary of Ancient Myanmar Historical Terms” စာအုပ်ဖြင့် ဆုရရှိသူ ဦးသိန်းလှိုင်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆရာဝန်တင်ရွှေမိသားစုကိုယ်စား သားဖြစ်သူ Bright Corner Co., Ltd & Real Life Co., Ltd မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေက မြန်မာနိုင်ငံသက်ကြီးစာရေးဆရာပူဇော်ပွဲအတွက် အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) က လက်ခံရယူပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များပေးအပ်ရာ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စားဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ) က လက်ခံရယူသည်။

ဆက်လက်၍ (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ရရှိသည့် စာရေးဆရာများ ဖြစ်ကြသည့် ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာလှမ်းမိုးဟန်၊ ဒေါက်တာ မောင်မောင်စံ (ကျော်စောမင်း) နှင့် ဦးသိန်းလှိုင်တို့က အမှတ်တရ စကားပြောကြားပြီး စာပေဆုရှင် မိသားစုကိုယ်စား သမီးဒေါ်သက်သက်ရွှေ (တင်ရွှေစာပေ) က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် (၁၆)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရစာရေးဆရာကြီးများ၊ ဆရာဝန်တင်ရွှေ မိသားစုဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၆) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆု တစ်သက်တာစာပေဆုရရှိသော စည်သူဒေါက်တာ ဦးသော်ကောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ဦးရဲနိုင်၊ ဆရာဝန် တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရစာရေးဆရာကြီးများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လာမည့် (၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုတွင် စာအုပ်များအပြင် စာမူများကိုပါ တိုးမြှင့်၍ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးဝါးစက်ရုံ(အင်းစိန်) မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး



**ရန်ကုန်  မေ  ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မေ ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းဆေးဝါးစက်ရုံ (အင်းစိန်) ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို မှာကြားသည်။

ယင်းနောက် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲသို့ ရောက်ရှိပြီး မြွေဆိပ်အား အေးခဲခြောက်စနစ်ဖြင့် ထိန်းသိမ်းထားရှိမှု၊ မြွေပွေးနှင့်မြွေဟောက်များ စနစ်တကျမွေးမြူထားရှိမှု၊ မြင်းသွေးရည်ကြည်အား အရည်အသွေး ပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးနေသည့် အခြေအနေ၊ မြင်းသွေးရည်ကြည်အား မြွေဆိပ်ဖြင့် စမ်းသပ်စစ်ဆေးမှု၊ အအေးခန်းတွင် မြင်းသွေးရည်ကြည်များ ထားသိုမှု၊ မြင်းသွေးရည်ကြည်တွင် သတ်မှတ်ထားသော အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးသည့် အခြေအနေ၊ မြင်းများ စနစ်တကျမွေးမြူထားသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြွေဆိပ်ဖြေဆေးအား GMP Guide Line နှင့်အညီ ထုတ်လုပ်ရေး၊ မြင်းများအသေအပျောက်နည်းပါးအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ မြွေများအား ဘေးကင်းလုံခြုံစွာထားရှိရန်၊ မြင်းမွေးမြူရေးခြံများတွင် မြင်းများသဘာဝအတိုင်းလွတ်ကျောင်းနိုင်ရန် စီမံဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

မြွေဆိပ်အား ဩစတြေးလျနည်းပညာဖြင့် အေးခဲခြောက်စနစ်အတိုင်း ဆောင်ရွက်လျက်ရှိရာ ယင်းစနစ်ကြောင့် ပိုမိုတာရှည်ခံပြီး မြွေဆိပ်အရည်အသွေး ပိုမိုမြင့်မားစွာရရှိနိုင်မည်ဖြစ်သည်။

မြွေဆိပ်ဖြေဆေးအား ယခင်က သာမန်အပူချိန်တွင် ထားရှိနိုင်မှုမရှိဘဲ အအေးခန်းတွင် ထားသိုနိုင်သည့် အခြေအနေမှ ယခုအခါ အေးခဲခြောက်စနစ်ဖြင့် ထားသိုနိုင်အောင် ထုတ်လုပ်နိုင်ပြီဖြစ်၍ သာမန်အခန်း အပူချိန်တွင် ထားရှိနိုင်ပြီး ကျေးလက်ဒေသများသို့ ပို့ဆောင်အသုံးပြုနိုင်ပြီ ဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြွေဆိပ်ဖြေဆေးအနေဖြင့် မြွေဟောက် အဆိပ်ဖြေဆေးနှစ်သောင်း၊ မြွေပွေးအဆိပ်ဖြေဆေးတစ်သိန်း စုစုပေါင်းတစ်သိန်းနှစ်သောင်း ထုတ်လုပ်ရန် လျာထားကြောင်း သိရှိရသည်။ ထို့အပြင် ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာ ထုတ်လုပ်နိုင်ပြီဖြစ်၍ ပြည်ပနိုင်ငံများဖြစ်သော လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်ရောင်းချနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး၌ ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ လူမှုရေးလုပ်ငန်းများဆောင်ရွက်

**ပခုက္ကူ  မေ  ၁၉**

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းပေါင်းစုံ အ-သုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မြန်မာစာအဖွဲ့- အချိန်ပြည့်အဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန) ဦးဆောင်၍ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များ ပါဝင်သည့် လူမှုအကျိုးပြုအဖွဲ့သည် မေ ၁၀ ရက်မှ ၁၄ ရက်အတွင်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ မြောက်လူးကန်ကျေးရွာ၊ ပလောင်ကန်ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မြင်သာကျေးရွာတို့သို့ သွားရောက်၍ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့တွင် ပါရှိသည့် နှလုံးရောဂါ၊ သားဖွားနှင့် မီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ အကြောအဆစ်ရောဂါ၊ အထွေထွေ ရောဂါအထူးကုသမားတော်ကြီးများက ကျေးရွာလူထု ၁၀၀၀ ကျော်အား အခမဲ့စမ်းသပ်၍ ဆေးကုသပေးခြင်း၊ မျက်မှန်များ လှူဒါန်းခြင်း၊ အကြောအဆစ်ရောဂါရှင်များအတွက် ခါးပတ်များဖြန့်ဝေခြင်း၊ ကျေးလက်ဆေးပေးခန်းများအတွက် ဆေးဝါးများလှူဒါန်းခြင်းတို့ကို ဆောင်ရွက်၍ စာပေပညာရှင်များက ၈-တန်း၊ ၉-တန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအား ပညာရည်မြင့်မားရေးအတွက် သင်ကြားပို့ချပေးခဲ့ကြသည်။ ကျောင်းနှင့်ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများလှူဒါန်းခြင်း၊ စာပေဗဟုသုတနှင့် ကျန်းမာရေးဗဟုသုတ ပညာပေးဆွေးနွေးဟောပြောပွဲများ ကျင်းပခြင်း၊ ပရဟိတဘုန်းတော်ကြီးကျောင်းများအတွက် အဝတ်အထည်၊ စာအုပ်၊ စာရေးကိရိယာနှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဝါးပင်ကို လေကာတန်းအဖြစ် စိုက်ပျိုးခြင်းဖြင့် လေအောက်ရှိ အပင်၊ အဆောက်အအုံတို့ကို ကာကွယ်နိုင်

**ဒေါက်တာ စန်းဝင်း (သစ်တောနှင့် ပတ်ဝန်းကျင်တက္ကသိုလ်)**

ယခုခေတ်အခါဝယ် စိုက်ပျိုးရေးနည်းလမ်းများ ဖွံ့ဖြိုးလာကြသလို စိုက်ပျိုးရေးကို ဝါသနာပါသူများ ပိုမိုတွေ့ရှိလာရ၍ ဝမ်းသာမိပါသည်။ အထူးသဖြင့် နှစ်ရှည်သီးပင်များဖြစ်သော စိန်တစ်လုံးသရက်၊ ဒန့်သလွန် စသည်တို့ကို စီးပွားဖြစ် စိုက်လာကြသည်။ စိုက်ပျိုးနည်းမှန်ကန်သည့်တိုင်အောင် အသီးသီးပြီးနောက် ရင့်မှည့်ခါနီးမှ လေဒဏ်ခံရပြီး မျှော်မှန်းသလောက် ဝင်ငွေမရသည့် အဖြစ်အပျက်များကို မကြာမီကာလက လေပြင်းများကြောင့် ကြွေကျပျက်စီးခဲ့ရသည့် သရက်စိုက်ခင်းပိုင်ရှင်များတွင် တွေ့ခဲ့ရသည်။ ပါးစပ်ပေါက်နားရောက်ခါနီး ထမင်းလုတ်ပြုတ်ကျသွားသလို ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ သရက်သီးရင့်မှည့်ချိန်သည် လေပွေလှိုင်းများ ကျရောက်တတ်သောကာလနှင့် တိုက်ဆိုင်နေခြင်းကြောင့် ဖြစ်သည်။ အများအားဖြင့် လေပြင်းများ၊ လေပွေများသည် တောင်၊ အနောက်တောင်နှင့် အနောက်အရပ်တို့မှ ဝင်ရောက်တိုက်ခတ်ကြသည်။

ကဆုန်၊ နယုန်လများတွင် လေပြင်းများ ကျရောက်လေ့ရှိသည်။ ထိုကာလများသည် မိုးဦးကျ၊ လေဦးကျကာလဖြစ်ပြီး သရက်ရင့်မှည့်ချိန်လည်းဖြစ်နေ၍ သရက်ခင်းများ လေဒဏ်ကြောင့် အသီးကြွေကျမှုဖြစ်ကာ စီးပွားရေးနစ်နာဆုံးရှုံးတတ်ကြသည်။ ယင်းအဖြစ်အပျက်ကို ထိရောက်စွာ ကာကွယ်ရန်အတွက် သရက်ခင်း၏ အနောက်ဘက်နှင့် တောင်ဘက်ကို ဦးစားပေးပြီး လေကာတန်း စိုက်သင့်ပါသည်။

### လေကာတန်း၏ သဘောတရား

လေကာတန်းစိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ တိုက်ခတ်လာသော လေပြင်းဒဏ်ကို လျော့ပါးစေပြီး (ဖြစ်နိုင်ပါက ယင်းဒဏ်သက်ရောက်နေခြင်းကို ဖြတ်တောက်ပစ်ရန်) လေအောက်ရှိအပင်၊ အဆောက်အအုံ စသည်တို့ကို ကာကွယ်ပေးရန်ဖြစ်သည်။ သို့သော် လေကိုမဝင်နိုင်အောင် ပိတ်ဆို့ပြီး ကာရံထားပါက လေပြင်းဒဏ်ကာကွယ်နိုင်သော ဧရိယာမှာ အလွန်နည်းသွားပါသည်။ ယင်းအပြင် လေသိပ်ကြမ်းပါက လေကာပင် စသည်တို့ ကျိုးပျက်သွားတတ်သည်။ တိုက်ခတ်လာသောလေ သွားလာနိုင်အောင်စီမံထားသော လေကာတန်းသည် လေပြင်းတိုက်ခတ်မှုကို လျော့ပါးစေကာ လေပြင်းဒဏ်ကာကွယ်ပေးနိုင်သောဧရိယာမှာ အလွန်ကျယ်သည်။ ထိုကဲ့သို့ လေကာတန်းသည် လေကာတန်းပင် အမြင့်၏ သုံးလေးဆအထိကို ထိရောက်စွာ ကာကွယ်နိုင်ပြီး ၁၀ ဆအထိ အကျိုးသက်ရောက်မှုရှိသည်။ ဥပမာ- လေကာတန်းအမြင့်ပေ ၃၀ ရှိသည်ဆိုပါက ယင်းအပင်ကြောင့် ပေ ၁၀၀-၁၂၀ အတွင်းအထိ လေပြင်းဒဏ်ကို ကောင်းစွာကာကွယ်ပေးနိုင်ပြီး ပေ ၃၀၀ အထိ အတော်အတန် ကာကွယ်နိုင်ပါသည်။

### လေကာတန်းစိုက်ရန်အတွက် ဝါးပင်၏ အသုံးဝင်မှု

ဝါးပင်ကို လေကာတန်းအဖြစ် စိုက်ပျိုးပေးခြင်းသည် ကျန်လေကာပင်၊ ဝင်းထရံ စသည်တို့ထက် ပိုသင့်တော်သည်။ အကြောင်းမှာ ဝါးပင်သည် လေကို လုံးဝပိတ်ဆို့ထားခြင်း မဟုတ်ဘဲ လေသွားလာနိုင်မှု အတော်အတန်ရှိသည့်အတွက် ကာကွယ်လိုသော အပင်၊ အဆောက်အအုံတို့ကို လေပြင်းဒဏ်မှ သိသိသာသာ လျော့ပါးစေခြင်းကြောင့် ဖြစ်သည်။

ငယ်ငယ်တုန်းက သင်ခဲ့ရသော ကဗျာတစ်ပုဒ်တွင် “ပင်ဝါးရုံလေယူတိမ်းတယ် ယိမ်းနွဲ့မြောက်တောင်” ဟု ဖတ်ခဲ့ရဖူးသည်။ ဝါးပင်သည် လေတိုက်ရာနောက်ကို ကွေးညွတ်ပါသွားပြီး လေဟုန်နည်းလာသည်နှင့် တစ်ပြိုင်တည်း မူရင်းပေါက်နေသည့်ပုံစံအတိုင်း ပြန်လည်ရောက်ရှိသွားခြင်း စွမ်းအား (Resilient Power) ရှိပါသည်။ သစ်ပင်တွင် ထိုစွမ်းအားနည်းပါးသည်။ သစ်ပင်ကို လေပြင်းတိုက်လျှင်



ကျိုးပဲ့သွားသည်သာ ရှိသည်။ တိုက်ခတ်လာသော လေပြင်းသည် ဝါးပင်ကို ထိတွေ့သောအခါ လေပြင်းအဟုန် နည်းပါးသွားပါသည်။ ထိုအခါ လေအောက်အရပ်ရှိ အပင်၊ အဆောက်အအုံတို့ကို ပျက်စီးခြင်းမှ ကာကွယ်ပေးတော့သည်။ လေတိုက်ပြီး လေပြင်းဒဏ်လျော့ပါးသွားသည့်အခါ မူရင်းပေါက်နေသည့်ပုံစံအတိုင်းပြန်ဖြစ်သွားသည်။

ထို့ကြောင့် အဆောက်အအုံ၊ သီးနှံခြံများတွင် ဝါးပင်ကို လေကာတန်းစိုက်ပြီး ကာကွယ်ထားလျှင် အပျက်အစီး နည်းပါးသည်။ ဝါးပင်၏ အကြီးမြန်သော သဘောတရားကြောင့်လည်း လက်ရှိ သရက်ခင်းတည်ထောင်ထားသောပုဂ္ဂိုလ်များ ဝါးပင်ကို လေကာတန်းအဖြစ် စိုက်ပျိုးသင့်လှသည်။

### အကြံပြုသောဝါးမျိုးနှင့် ပန္နက်အကွာအဝေး

အကြံပြုသော ဝါးအမျိုးအစားများမှာ အပူပိုင်းဒေသရှိ သရက်ခင်းများအတွက် သိုက်၊ တင်း၊ မျှင်၊ ကြခတ်တို့ဖြစ်ပြီး မိုးကောင်းသောဒေသများအတွက် ဝါးပိုးဝါး၊ မျက်ဆန်ကျယ်စိုက်ဝါးကြီး၊ ကြသောင်းတို့ကို စိုက်သင့်ပါသည်။ ကြခတ်ဝါးမှာ ဆူးပါသဖြင့် လေကာတန်းအပြင် ခြံစည်းရိုးအကာအကွယ်အတွက်လည်း အသုံးဝင်ပါသည်။

စိုက်ရန်သင့်သော အကွာအဝေးနှင့်ပတ်သက်ပြီး အကြံပြုရသော် အပူပိုင်းဒေသများအတွက် (၆×၆) ပေ၊ (၉×၉) ပေ စိုက်သင့်ပြီး မိုးကောင်းသောဒေသများအတွက် (၁၂×၁၂) ပေ၊ (၁၅×၁၅) ပေ စိုက်သင့်ပါသည်။

### စိုက်ရန် အကြံပြုပုံစံ

လေကာတန်းကို တစ်တန်းတည်းစီပြီးစိုက်ခြင်းထက် ပန္နက်လွဲပြီး နှစ်တန်းစိုက်ခြင်းက ပိုပြီးလေပြင်းဒဏ် ခံနိုင်ပါသည်။ လေကာတန်းစိုက်ရန်အတွက် မြေအကျယ် ၁၅ ပေနှင့် အလျားမှာခြံ (တောင်ဘက်နှင့် အနောက်ဘက်) အလျားရှိသည့်အတိုင်း ရွေးချယ်ပါ။ ထိုမြေအကျယ် (၁၅ ပေ) ၏ အစွန်းနှစ်ဖက်နေရာတို့တွင် လေကာတန်းဝါးပင် နှစ်တန်းကို ပန္နက်လွဲပြီး စိုက်ပါ။

ယခုအခါ အသီးဆွတ်ခူးသည့်အခါ လွယ်ကူစေရန်၊ ပြုစုသည့်အခါ (ကိုင်းဖြတ်ခြင်း၊ ထုံးသုတ်ခြင်း၊ အသီးအိတ်စွပ်ခြင်း စသည်) တို့ကို လွယ်ကူအဆင်ပြေစွာ ပြုလုပ်နိုင်ရေးအတွက် သရက်ပင်များကို ပေ ၂၀-၂၅ ပေ အမြင့်လောက်သာထားရှိလာကြသည်ကို တွေ့ရသည်။

အပူပိုင်းဒေသပေါက်သော ဝါးပင်အမြင့်မှာပေ ၄၀-၅၀ အထိရှိနေသဖြင့် လေကာတန်းဝါးစိုက်ခြင်းသည် ကောင်းမွန်စွာလေပြင်းဒဏ်ကို ကာကွယ်နိုင်ပါသည်။ ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ ကလွေဝါးတို့ဆိုလျှင် ပေ ၁၀၀ အထိ ကြီးထွားကြသည်။ လေကာတန်းရှိခြင်းကြောင့် ထပ်မံရနိုင်သော အကျိုးကျေးဇူးများကို ဖော်ပြလိုပါသည်။

### မြေကြီးအစိုဓာတ်ထိန်းပေး

လေကာတန်းမရှိပါက မြေကြီးအတွင်းတွင် (Capillary-action)ကြောင့် ရှိနေသော ရေဓာတ်များ လေနောက်သို့ ပါသွားပြီး မြေတွင်းအစိုဓာတ် လျင်မြန်စွာလျော့ပါးစေပါသည်။ ယင်းကိစ္စမှာ သေးငယ်သည့်ကိစ္စ မဟုတ်ပါ။ အညာဒေသမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိ၍ လေနောက်ကို မြေတွင်းရေဓာတ်ဆုံးရှုံးရမည်ဆိုပါက စိုက်ပျိုးထားသော အပင်တို့မှာ ပိုမိုထိခိုက်တော့မည်သာ ဖြစ်သည်။ ထို့ကြောင့် လေကာတန်း စိုက်ပေးပါက လေအောက်နေရာရှိ မြေကြီး၏အစိုဓာတ် လျော့ပါးစေမှုကို ကာကွယ်ပေးသည်။

### ဆူညံသံကာကွယ်

ဝါးပင်သည် လေကာတန်းအဖြစ် အသုံးဝင်ရုံမျှမက အသံဆူညံမှုကိုပါ လျော့ပါးစေသောကြောင့် ယခုကဲ့သို့ စက်တပ်ယာဉ်များ ပိုမိုများပြားလာပြီး သစ်ပင်များနည်းပါးလာသည့်ကာလဝယ် အသံဆူညံမှုကိုလည်း လျော့ပါးသက်သာစေသည်။

### သဘာဝမြေဩဇာ

လေကာတန်းစိုက်ခြင်းကြောင့် သီးနှံပင်ကို လေကာပေးသည့်အပြင် ကြွေကျလာသော ဝါးရွက်တို့ကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် သဘာဝမြေဩဇာရရှိနိုင်သည်။ ဝါးရွက်တွင် Microbes ခေါ် အဏုဇီဝပိုးများရှိသဖြင့် သဘာဝမြေဩဇာလုပ်သူများသည် ဝါးရုံအောက်ရှိ မြေကြီးကိုရယူပြီး လုပ်ဆောင်ရလေ့ရှိသည်။

### ကာကွယ်ပေးပါ

သတိထားရသည့်အချက်မှာ ဝါးစိုက်ပျိုးပြီး ငယ်ရွယ်စဉ်ကာလတွင် ကျွဲ၊ နွား၊ ဆိတ်၊ သိုးတို့ စားသောက်ခြင်း မပြုရအောင် ကာကွယ်ပေးရမည်။ ယင်းအပြင် တပေါင်း၊ တန်ခူးကာလတွင် ကြွေကျလာသော ဝါးရွက်တို့ကို သေချာစွာ စုသိမ်းပြီး မြေဩဇာအဖြစ် သုံးဖြစ်အောင်သုံးပါ။ ကြွေကျသည့်အတိုင်း ပစ်ထားပါက မီးဘေးအန္တရာယ်စိုးရိမ်ရ၍ ဖြစ်ပါသည်။

### စားစရာ မျှစ်၊ သုံးရန် ဝါး

ယင်းအပြင် မျှစ်စား၍ရသောဝါး (ဥပမာ-မျှင်)ကို လေကာတန်းအဖြစ် စိုက်ပါက မျှင်မျှစ်ကိုလည်း ရနိုင်ပါသည်။ ကြွေကျလာသော ဝါးကိုင်းခြောက်၊ ဝါးရွက်ခြောက်တို့ကို ဝါးပင်ခြေရင်းတွင် ပုံပေးပြီး ဘေးမှ မြေအဖြစ် ရိုးဝါ ရွက်ဝါခက်များအပေါ် ပုံပေးခြင်းကို နှစ်စဉ်လုပ်ပါက ကောင်းမွန်သော လေကာတန်းရရှိလာမည့်အပြင် စိုက်ပျိုးရေးသုံး ဝါးလုံး၊ ဆောက်လုပ်ရေးသုံး ဝါးလုံး၊ စားရန်မျှစ်စို့များ ပုံမှန်လာမည်မှာ အသေအချာပင် ဖြစ်ပါသည်။ ဝါးရုံသည် သက်တမ်း သုံးလေးနှစ်ရောက်ရှိပါက ကဆုန်၊ နယုန်နောက်ပိုင်း လေမိုးပြင်းထန်မှုပြီးသောကာလနောက်တွင် ဝါးရင့် သုံးနှစ်သားကို မိမိအသုံးအနေဖြင့် တစ်ရုံလျှင် ဝါး သုံးလေးလုံး သုံးနိုင်ပါသည်။

### အပိုဝင်ငွေ

၂၀၁၈ ခုနှစ် မြိတ်ဒေသ၊ ရောဝတီတိုင်းတွင် အဆိုပါ ဝါးပိုး၊ ကလွေဝါးတို့၏ ဈေးနှုန်းမှာ တစ်လုံးလျှင် ငွေကျပ် ၆၀၀၀ မှ ၈၀၀၀ အထိ ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ အပူပိုင်းဒေသပေါက် ဝါးများမှာ တစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၈၀၀ ဝန်းကျင်သာ ရှိပါသည်။ ဆိုလိုသည်မှာ လေကာတန်းမှ အပိုငွေရနိုင်သလောက်လေး ရနိုင်ပါသေးသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဝါးလေကာတန်းစိုက်ပြီး အသီးအနှံများ ကာကွယ်နိုင်ကြပါစေကြောင်း ရေးသားရပါသည်။ ။

> **“ဝါးပင်ကို လေကာတန်းအဖြစ် စိုက်ပျိုးပေးခြင်းသည် ကျန်လေကာပင်၊ ဝင်းထရံ စသည်တို့ထက် ပိုသင့်တော်သည်။ အကြောင်းမှာ ဝါးပင်သည် လေကို လုံးဝပိတ်ဆို့ထားခြင်း မဟုတ်ဘဲ လေသွားလာနိုင်မှု အတော်အတန်ရှိသည့်အတွက် ကာကွယ်လိုသော အပင်၊ အဆောက်အအုံတို့ကို လေပြင်းဒဏ်မှ သိသိသာသာ လျော့ပါးစေခြင်းကြောင့်ဖြစ်”**



**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ပြည်သူများအား ပညာပေးဟောပြောပွဲကို မေလတတိယပတ်က ဘိုးဒေါနကျေးရွာအုပ်စု ရေသိုးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ရာ မှော်ဘီမြို့မရဲစခန်းမှ ရဲအုပ် ဝင်းနိုင်စိုးက သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရေး ခိုး၊ ဆိုး၊ လု၊ နှိုက်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောစဉ်။**

ဟန်စိုး (မြန်မာ့အလင်း)

## သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိခွဲစိတ်ကုသပေးမည်

**သီပေါ မေ ၁၉**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်ပြုမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မဟာမုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် မေ ၂၂ ရက်မှစ၍ သီပေါ သီတဂူစက္ခုဒါနဆေးရုံကြီး၌ (၄၁) ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ကုသပေးရာသို့ မန္တလေး၊ ရန်ကုန်၊ ပုသိမ်၊ ပြင်ဦးလွင်တို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များကို နံနက် ၈ နာရီမှစတင်ကာ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကသာ)အား တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မေ ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဗန်းမောက်၊ ပင်လည်ဘူးနှင့် ကသာမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဝန်းသို-ဗန်းမောက် လမ်းပိုင်း ၅/၁ မိုင် ကျောက်ခင်းခြင်း လုပ်ငန်း၊ မေ ၁၇ ရက် နေ့လယ်ပိုင်းတွင် ပင်လည်ဘူး-ဗန်းမောက် လမ်းပိုင်းပေါ်ရှိ နောင်ကန်-မော်လင်လမ်း ၃/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ မေ ၁၈ ရက်တွင် ကသာမြို့ အမှတ် ၆ ရပ်ကွက်မှ သိမ်အင်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်း ၁/၄ မိုင် ဖောက်လုပ်ပြီးစီးမှုလုပ်ငန်းများနှင့် နောင်ကန်-မော်လင်လမ်းပေါ်ရှိ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပထမ ၆ လပတ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ခင်းလမ်း ၂/၄ မိုင် စတင် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လမ်းများရေရှည်တည်တံ့ခိုင်မြဲရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လမ်းများ ခွင့်ပြုရန်ပုံငွေနှင့်အညီ စံချိန်စံညွှန်းပြည့်မီ၍ အရည်အသွေး ကောင်းမွန်သောလမ်းများဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသအာဏာပိုင်အဖွဲ့၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့များက စနစ်တကျစစ်ဆေးပြီး လမ်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ညှိနှိုင်းမှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီးသည် မေ ၁၆ ရက် နံနက်ပိုင်း၌ ဗန်းမောက်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်မည့် မြေနေရာနှင့် မေ ၁၇ ရက်၌ ပင်လည်ဘူးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အရိပ်ရပင်များ စိုက်ပျိုး**

ယင်းနောက် သင်တန်းကျောင်းအတွက် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရိပ်ရပင်များနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးရန် မှာကြားကာ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ကသာ)၊ မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဗန်းမောက်၊ ပင်လည်ဘူး)ရုံးများသို့ ရောက်ရှိစဉ် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပင်လည်ဘူးမြို့သို့ ရောက်ရှိစဉ် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက် ကုသနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွက် ရေသန့်စက်နှင့် အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့အပြင် ဗန်းမောက်မြို့နယ် မြစ်သေးချင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ပင်လည်ဘူးမြို့နယ် ပင်းမူ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်း**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း (ကသာ) ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနား ပထမပိုင်း အစီအစဉ်အရ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က သင်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ပြီး အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့က အမှာစကားပြောကြားခဲ့ပြီး ဒေသခံများကိုယ်စား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ကျောင်းတည်ဆောက်ပေးရခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို လိုက်လံကြည့်ရှု၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားဖိုဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ **(အပေါ်ဝဲပုံ)** လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သီလဝါဆိပ်ကမ်းဒေသရှိ Elite Terminal အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်း မြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသရှိ Elite Terminal အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက သီလဝါဆိပ်ကမ်းဒေသရှိ Elite Petrochemical Co.,Ltd. ၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံတွင် ပုဂ္ဂလိက စက်သုံးဆီတင်သွင်းဖြန့်ဖြူးခွင့်ကို ၂၀၁၀ ပြည့်နှစ်က စတင်ခွင့်ပြုခဲ့ပြီး ပုဂ္ဂလိက LPG တင်သွင်းဖြန့်ဖြူးခွင့်ကိုလည်း ၂၀၁၁ ခုနှစ် ကစပြီး ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား LPG Terminal များ တည်ဆောက်ရန် တွန်းအားပေးခဲ့ရာ Elite Petrochemical Co.,Ltd. မှ တည်ဆောက်ပြီးစီးသဖြင့် မိမိတို့ဝန်ကြီးဌာနမှ ယခုနှစ် ဧပြီ ၁၈ ရက်တွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှ တင်သွင်း၍ တင်၊ ချ ဆိပ်ခံတံတား အပါအဝင် သိုလှောင် ဖြန့်ဖြူးခြင်းလိုင်စင်ကို ခွင့်ပြု ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

**အောင်မြင်စွာဖွင့်လှစ်**

ယခုကဲ့သို့ မြန်မာနိုင်ငံအတွက် လိုအပ်သော LPG Terminal အသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း အတွက် များစွာဂုဏ်ယူပါကြောင်း၊ LPG သည် သန့်ရှင်းသော လောင်စာအမျိုးအစား ဖြစ်ပြီး ထင်း၊ မီးသွေးနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲသည့် နေရာများတွင် အစားထိုးသုံးစွဲနိုင်ပါက ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတို့ကို လျှော့ချနိုင်သည့်အပြင် လျှပ်စစ်စွမ်းအင်ကို အခြားလိုအပ်သည့် နေရာများ၌ အပြည့်အဝအသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် LPG တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ တစ်နေ့ ပျမ်းမျှ ရေနံဓာတ်ငွေ့ရည် ၁၁ တန်ခန့်နှင့် ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း) မှ တစ်နေ့ ပျမ်းမျှရေနံဓာတ်ငွေ့ရည် ၁၂ တန်ခန့် ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိ၍ ပြည်ပမှ တင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ Elite Petrochemical Co.,Ltd. သည် ရေနံဓာတ်ငွေ့ရည် လုပ်ငန်းလုပ်ကိုင်ရန် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုချက်ရရှိခဲ့ပြီး LPG တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် LPG Terminal တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ စတင်လုပ်ကိုင်ခဲ့ရာ ယနေ့အချိန်တွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ တင်၊ ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် LPG ကို မီးဖိုချောင်သုံးအတွက်သာမကဘဲ CNG ကဲ့သို့ မော်တော်ယာဉ်များတွင် သုံးစွဲလာနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။




ထို့နောက်Elite Petrochemical Co.,Ltd. မှ Executive Chairman ဦးအောင်သက်မန်းက Elite Terminal အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် Elite Terminal အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် ရေနံ ဓာတ်ငွေ့ရည်သိုလှောင်ကန်ဖွင့်ပွဲ အခမ်းအနားကို လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် Elite Petrochemical Co.,Ltd. မှ Executive Chairman ဦးအောင်သက်မန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**ဖြန့်ဖြူးမှုအခြေအနေများကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် Elite Petrochemical Co., Ltd. ၏ ထိန်းချုပ်ခန်း (Control Room) အတွင်း ဓာတ်ငွေ့ရည်ထိန်းချုပ် ဖြန့်ဖြူးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများနှင့်ဆွေးနွေး

**မယ်စဲ့ မေ ၁၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးတို့နှင့်အတူ မေ ၁၉ ရက် ညနေ ၃ နာရီခွဲက မယ်စဲ့မြို့ ဧည့်ရိပ်သာ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မယ်စဲ့မြို့အမှတ်(၁) မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် အချိန်မီပြီးစီးမှု ရှိ၊ မရှိ အခြေအနေကို လည်းကောင်း၊ မြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့လူနာနှစ်ထပ်ဆောင် ဆောက်လုပ်မှုအခြေအနေကို လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့မြေငှားဂရန် ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးမှု အခြေအနေကို လည်းကောင်း၊ နတလဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း မေးမြန်းရာ သက်ဆိုင်ရာဌာနဆိုင်ရာများကမိမိတို့ဌာနအလိုက် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနတာဝန်ရှိသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အလေးထားပြီး လုပ်ငန်းများအပေါ် တွန်းအားပေးဆောင်ရွက်ရန်၊ ဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြရန်နှင့် လမ်း၊ မီး၊ ရေရရှိရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ ပန်တိန်းကျေးရွာတွင် My TEL တယ်လီဖုန်းလိုင်းရရှိရေးကို တစ်လအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မယ်ဆည်နမ်၊ နမ့်ပိန်းလင်၊ ကျောက်စုကျေးရွာများတွင်လည်း ခြောက်လအတွင်း တယ်လီဖုန်းလိုင်းရရှိရေးကို ဆွေးနွေးထားကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ခိုင်ခံ့မှု၊ လေလွင့်ဆုံးရှုံးမှု ရှိ၊ မရှိကွင်းဆင်းစစ်ဆေးရန်နှင့် ပထမ ၆ လပတ်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း ပန္နက်တင်အခမ်းအနား ဇဟန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၁၉

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့ ပူးပေါင်းဖွင့်လှစ်မည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဇဟန်းမြို့နယ် သံလွင်လမ်းရှိ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း (TTTI)၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးညီလှငယ်၊ ကိုရီးယားသံအမတ်ကြီး H.E.Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Dr.Shin Euicheal တို့က ပန္နက်ရိုက်ကြပြီး အမွှေးနံ့သာပက်ဖျန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံအားလုံးတွင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်၌ နေပြည်တော်တွင် ကျင်းပခဲ့သည့် TVET Forum ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည့် မိန့်ခွန်းတွင် နည်းပညာနှင့် သက်မွေးပညာရေးသည် ဒုတိယတန်းစားပညာရေးမဟုတ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရန်အတွက် ပထမတန်းစား နည်းပညာနှင့် သက်မွေးပညာရေးစနစ်ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို အတိအလင်းမီးမောင်းထိုးပြခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေနိုင်သော်လည်း မဟာဗျူဟာနှင့် မူဝါဒများအား နိုင်ငံတော်အဆင့်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

ယခုအချိန်တွင် ဒေသ၏လုပ်သားဈေးကွက်နှင့် ပေါင်းစပ်နိုင်သည့် နည်းပညာနှင့် သက်မွေးပညာရပ်များတွင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများအတွက် နည်းပညာဆိုင်ရာ သင်တန်းများစွာပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA) နှင့် ပူးပေါင်း၍ (TVET Teacher Training Institute-TTTI)အား တည်ထောင်ပြီး ဆရာ၊ ဆရာမများနှင့် သင်တန်းနည်းပြများ၏ အရည်အသွေးအား ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်မည့် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI)တွင် ဆရာ၊ ဆရာမများနှင့် သင်တန်းနည်းပြများအတွက် ဖွင့်လှစ်မည့် သင်တန်းများတွင် Technical Training၊ Teaching Methodology နှင့် Management Skill များ သင်ကြားသည့် အစီအစဉ်များပါဝင်ပါကြောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးစနစ်အတွက် သုတေသနစင်တာနှင့် စံပြအစိုးရ စက်မှုလက်မှုသိပ္ပံ (Model GTI) တို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ Model GTI တွင် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ မော်တော်ယာဉ်ဆိုင်ရာ အင်ဂျင်နီယာဌာနများဖြင့် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါကြောင်း၊ ဤနည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း (TTTI) တည်ဆောက်ဖွင့်လှစ်ပေးခြင်း အားဖြင့် မြန်မာနိုင်ငံ၏နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယား သံအမတ်ကြီး H.E.Mr. Lee Sang-hwa နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ် Dr.Shin Euicheal တို့က အမှာစကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကာ ယာဉ်မတော်တဆမှုကြောင့် ဆေးကုသမှု ခံယူလျက်ရှိသည့် ဆရာ ဆရာမများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်စုအဆင့် ဒုတိယတန်းသင်ရိုးညွှန်းတမ်းအသစ်ဖြင့် ပြုစုထားသော ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာ လမ်းညွှန်စာအုပ်များဖြင့် သင်တန်းဆောင်ရွက်နေမှုများကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း တည်ဆောက်ခြင်း ပန္နက်တင် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

# ရွှေဂုံတိုင်ကလေးပြုစုရေးဌာနတွင် မွေးကင်းစအရွယ်မှစ၍ လက်ခံစောင့်ရှောက်သွားနိုင်တော့မည်

**ရန်ကုန် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုစောင့်ရှောက်ရေးဌာန၊ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနတွင် ယခင်က အသက် ၆ လအရွယ် ကလေးများမှစ၍ လက်ခံစောင့်ရှောက်ရာမှ ယခုအခါ မွေးကင်းစ ကလေးအဆောင်ကို ထပ်မံဖွင့်လှစ်လိုက်သည့်အတွက် မွေးကင်းစအရွယ်မှစ၍ လက်ခံစောင့်ရှောက်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။




**လက်ခံစောင့်ရှောက်လျက်ရှိ**

"မွေးစက ၁၀ နှစ်အထိ ကလေးတွေကို လက်ခံလျက်ရှိပါတယ်၊ ဆေးရုံမှာ ပေါင်မပြည့် လမစေ့တဲ့ ကလေးတွေကို ဆေးရုံမှာ ၆ လအထိ စောင့်ရှောက်ပေးပြီး ရွှေဂုံတိုင် ကလေးပြုစုရေးဌာနကို လာရောက်ပို့ဆောင်ပါတယ်၊ ကျန်းမာရေးဌာနက လွှဲအပ်တဲ့ ကလေးတွေ၊ အကျဉ်းဦးစီးဌာနမှာ အကျဉ်းကျနေတဲ့ မိခင်တွေက ယာယီအပ်နှံထားတဲ့ ကလေးတွေ၊ ရဲဖန်ရဲခါ စည်ပင်ရဲက လာရောက်အပ်နှံတဲ့ ကလေးတွေကို စောင့်ရှောက်ထားလျက်ရှိပါတယ်၊ အခု အဆောင်သစ်ဖွင့်လှစ်လိုက်နိုင်တာကြောင့် မွေးကင်းစကလေးတွေကိုပါ လက်ခံစောင့်ရှောက်ပေးသွားမှာပါ၊ လက်ရှိ ကျွန်မတို့ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှာ ကလေးငယ် ၉၁ ဦးကို လက်ခံစောင့်ရှောက်လျက်ရှိပါတယ်" ဟု ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ကျောင်းအုပ်ကြီး ဒေါ်ခင်ယုဒါလီ ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုစောင့်ရှောက်ရေးဌာန မွေးကင်းစကလေးအဆောင်ကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဇဟန်းမြို့နယ်ရှိ ရွှေဂုံတိုင် ကလေးပြုစုရေးဌာန၌ ဖွင့်လှစ်ခဲ့သည်။

**ပြန်လည်ပြုပြင်မွမ်းမံ**

အဆိုပါ မွေးကင်းစကလေးဆောင်ကို ဝိသာခါ ဖောင်ဒေးရှင်းက ငွေကျပ် ၂၃၅ သိန်းကျော် အကုန်အကျခံကာ စွန့်ပစ်ခံရင်ခွင်မဲ့ ကလေးသူငယ်များအား စနစ်တကျပြုစုစောင့်ရှောက်နိုင်ရန်နှင့် လိုအပ်သော ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကူညီပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပြန်လည်ပြုပြင်မွမ်းမံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"ဝိသာခါဖောင်ဒေးရှင်းအနေနဲ့ လူကြီး၊ လူရွယ်၊ ကလေးတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာပါ၊ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှာ ၆ လအရွယ် ကလေးတွေကိုသာ ထားရှိရာက အခုမွေးကင်းစကလေးအဆောင်ကို ဖွင့်လှစ်လိုက်တဲ့အတွက် မွေးကင်းစကလေးတွေကအစ စောင့်ရှောက်နိုင်တော့မှာ ဖြစ်ပါတယ်၊ အဆောက်အဦက နိုင်ငံတော်ပိုင်ပါ၊ ကျွန်မတို့ ဖောင်ဒေးရှင်းက နိုင်ငံတော်လုပ်ငန်းတွေကို တွဲဖက်ပြီး လုပ်ရတယ်လို့ ယူဆတာကြောင့် ကျွန်မတို့ ဖောင်ဒေးရှင်းအနေနဲ့ အများကြီးဂုဏ်ယူပါတယ်" ဟု ဝိသာခါ ဖောင်ဒေးရှင်း အတွင်းရေးမှူး(၁) ဒေါက်တာ ယဉ်ဝင်းဝင်းအောင် ဆိုသည်။

ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသည် အသက် ၆ လအောက် ကလေးများအား လက်ခံစောင့်ရှောက်ခြင်းဖြင့် ရင်ခွင်မဲ့ ကလေးငယ်များ၏ ဘဝလုံခြုံမှုရရှိစေရန် မွေးစမှ ၆ လအရွယ် ကလေးများအား စနစ်တကျပြုစုစောင့်ရှောက်ခြင်းဖြင့် ဘဝတစ်သက်တာ ဘက်စုံဖွံ့ဖြိုးမှု အခြေခံကောင်းများရရှိကာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# ဂုတ်တွင်းကားလမ်းတံတားသစ်စီမံကိန်းတွင် ပါဝင်သောမြေများ စတုတ္ထအကြိမ် လျော်ကြေးငွေပေးအပ်

**သီပေါ မေ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲနှင့် နောင်ချိုမြို့နယ်အကြားရှိ ဂုတ်တွင်းကားလမ်း တံတားသစ်နှင့် မြို့ရှောင်လမ်း စီမံကိန်းတွင်ပါဝင်သော မြေများအတွက် စတုတ္ထအကြိမ် လျော်ကြေးငွေပေးအပ်ခြင်း အခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက အမှာစကားပြောကြားပြီး ခရိုင်လမ်းဦးစီးဌာနနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ထားရှိမှုနှင့် ကျန်ရှိသည့် လျော်ကြေးငွေပေးအပ်မည့်စိုက်ခင်းရှင်များ၏ အမည်စာရင်းကို တင်ပြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လျော်ကြေးငွေရရှိသူများကို လယ်တစ်ကေလျှင် ငွေကျပ်သိန်း ၁၅၀၊ ယာတစ်ကေလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် တစ်ဦးချင်းပေးအပ်ရာ ၄၅ ဦးအတွက် လျော်ကြေးငွေသိန်းပေါင်း ၉၄၃၀ ကျော်ကို ပေးအပ်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ ဂုတ်တွင်းကားလမ်းတံတားသစ်စီမံကိန်းကို လာမည့်ဇွန်လတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ယင်းတံတားကြီးပြီးစီးပါက မိုးရာသီတောင်ပြိုကျမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုတို့မှ ကင်းဝေးပြီး တောင်ပေါ်နှင့် မြေပြန့်ဒေသတို့ လမ်းပန်းဆက်သွယ်မှု ချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အခြေအနေတည်ငြိမ်အေးချမ်းလာရင် ရွာမှာရှိတဲ့ လယ်ယာလုပ်ငန်းနဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်စားသောက်မှာဖြစ်ပါတယ်

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား (နယ်စပ်မှတ်တိုင် - ၃၄ အနီး)တွင် နေထိုင်ခဲ့သော မောင်တောမြို့နယ် တောင်ပြိုလက်ယာ ကျေးရွာနေ အဲဖ်တာအာလွမ်အပါအဝင် မိသားစုဝင် ငါးဦးသည် စားဝတ်နေရေး အခက်အခဲရှိပြီး ကျန်းမာရေးဆိုးရွားစွာဖြင့် ဒုက္ခမျိုးစုံ ခံစားနေရသဖြင့် နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ပြုပါရန် တင်ပြခဲ့သည်။**

အဆိုပါတင်ပြချက်အပေါ် အဆင့်ဆင့်တင်ပြခဲ့ရာ တရားဝင်လက်ခံရေးစခန်းမှတစ်ဆင့် ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ၁၃-၄-၂၀၁၈ ရက်တွင် တောင်ပြိုလက်ဝဲဝင်ထွက်ဂိတ်(နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီး)မှ တောင်ပြိုလက်ဝဲ စိစစ်ရေးစခန်းသို့ အဲဖ်တာအာလွမ်နှင့် မိသားစုများ ရောက်ရှိခဲ့ကြသည်။

၎င်းတို့မိသားစုအား ၁၅-၄-၂၀၁၈ ရက်တွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

**မေး ။ ၂၅-၈-၂၀၁၇ ရက်နေ့ဖြစ်စဉ်မှာ ခင်ဗျားအနေနဲ့ ဒါမှမဟုတ် ခင်ဗျားရဲ့ မိသားစုဝင်တစ်ဦးဦး ပါဝင်ပတ်သက်ခဲ့တာ ရှိခဲ့သလား။**

ဖြေ ။ ကျွန်တော်နဲ့မိသားစုဝင်တစ်ဦးတစ်ယောက်မှ အဲဒီဖြစ်စဉ်မှာ ပါဝင်ခဲ့ခြင်းမရှိပါဘူး။

**မေး ။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်နိမိတ်မျဉ်း မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား(နယ်စပ်မှတ်တိုင်-၃၄ အနီး)ကို ဘယ်နေ့က ဘာအတွက်ကြောင့် ထွက်ခွာသွားခဲ့တာလဲ။**

ဖြေ ။ ဖြစ်စဉ်ဖြစ်ပွားပြီး ၁၂ ရက်အကြာ ၆-၉-၂၀၁၈ ရက်နေ့မှာ ထွက်သွားခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ရွာက ထွက်ခွာလာစဉ်က ရွာမှာ ရွာသူ ရွာသားတစ်ဦးမှ မရှိတော့ပါဘူး။ ရွာမှာရှိနေတဲ့ ARSA အဖွဲ့က ဖွဲ့စည်းပေးထားတဲ့ ငါးဦးကော်မတီ(ရွာကိုအုပ်ချုပ်နေသူများ)ဖြစ်တဲ့ မော်လဝီအာဖတ်၊ မော်လဝီဟာမိတ်၊ မော်လဝီဇာဟိတ်ဟူဆောင်း၊ မော်လဝီအာယုပ်၊ မော်လဝီဟာဇတ်ဂျော်ဂျီမူလာတို့အနက် မော်လဝီအာဖတ်က ဦးဆောင်ပါတယ်။ ကျွန်တော် အုပ်ချုပ်ရေးမှူးအနေနဲ့ လုပ်ပိုင်ခွင့်မရှိပါဘူး။ သူတို့ငါးဦးက အုပ်ချုပ်လွှမ်းမိုးထားပါတယ်။ ညပြဿနာဖြစ်ပြီး နောက်တစ်နေ့ နံနက်မှာ ရွာသူရွာသားတွေ နယ်စပ်ခြံစည်းရိုးအပြင်ဘက်ကို ရောက်သွားပါတယ်။ ကျေးရွာမှာ ကျန်ရှိသူအချို့နဲ့ ARSA အဖွဲ့တွေ ပူးပေါင်းကာ မိုင်းထောင်ပြီး တောင်ပြိုယာ စခန်းကို ဩဂုတ်လ ၂၆ ရက်နဲ့ ၂၇ ရက်မှာ မိုင်းခွဲတိုက်ခိုက်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အင်အား ၃၀ လောက်ရှိပါတယ်။ ရွာသားတွေ တဖြည်းဖြည်းပြောင်းရွှေ့ခဲ့ကြပါတယ်။ သူတို့ပိုင် ပစ္စည်းတွေနဲ့ ကျွဲ၊ နွားတွေကို ရွှေ့ပြောင်းကြတယ်။ မိုင်တိုင်အမှတ် ၃၅၊ ၃၆ ဝန်းကျင်မှာ နေထိုင်ပြီး ဘင်္ဂလားကို ပြောင်းရွှေ့ခဲ့ကြပါတယ်။ စက်တင်ဘာ ၁၇ ရက်မှာ ရွာမှာ လူမရှိတော့ဘဲ တစ်ဖက်နိုင်ငံကို အားလုံးရောက်ရှိသွားခဲ့ပါတယ်။ BGB က တစ်ဖက်နိုင်ငံကို ကူးခွင့်မပေးပါဘူး။ ရက် ၂၀ လောက်အကြာမှာ ICRC နဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ လာရောက်ပြီး ICRC က ဆန်၊ ဆီ၊ ဆား၊ သကြား၊ ဂျုံတို့ကို ထောက်ပံ့ပေးခဲ့ပါတယ်။ အဲဒီနေရာက ဒုက္ခသည်တွေနေဖို့ နေရာမဟုတ်လို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းပိုင်းကို ဝင်ရောက်ဖို့ အချို့သူတွေက စဉ်းစားခဲ့ကြ ပါတယ်။ အချို့က လက်ရှိနေရာမှာ ဆက်နေထိုင်လိုကြပါတယ်။ တစ်ဖက်နိုင်ငံ BGB ကလည်း ဒုက္ခသည်စခန်းကို မသွားဘဲ Boundary Line အတွင်းမှာပဲ နေထိုင်ဖို့ ပြောကြားခဲ့ပါတယ်။

**မေး ။ BGB တာဝန်ရှိသူ ဘယ်အဆင့်က ပြောဆိုတားမြစ်တာလဲ။**

ဖြေ ။ စခန်းမှူးအဆင့်ရှိသူက တားမြစ်ခြင်းဖြစ်ပါတယ်။

**မေး ။ ဘာအတွက် တားမြစ်တာလို့ ထင်ပါသလဲ။**

ဖြေ ။ သူ့ရည်ရွယ်ချက်ကို သိရသလောက်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ ဒုက္ခသည်တွေ လက်ခံရေးမှာ မိမိနိုင်ငံပိုင်နက်အတွင်းရှိနေသူတွေကို လက်မခံဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဒုက္ခသည်တွေကိုသာ တောင်းခံနေတယ်လို့ နိုင်ငံတကာက မြင်စေဖို့ ဆောင်ရွက်ခြင်းဖြစ်နိုင်ပါတယ်။

**မေး ။ နေထိုင်တဲ့ Boundary Line နေရာမှာ မြန်မာနိုင်ငံပိုင်နက်အတွင်း ကျရောက်နေတယ်ဆိုတာကို အဲဒီနေရာမှာ နေထိုင်သူတွေ သိရှိကြသလား။**

ဖြေ ။ အစကမသိပေမယ့် ပြဿနာတက်လာချိန်မှာ သိရှိလာပါတယ်။

**မေး ။ မိမိတို့အကြီးအကဲတွေ လာရောက်စဉ်က ပြောဆိုခဲ့တာတွေကို Boundary Line မှာ နေထိုင်တဲ့သူတွေကို စကားပြန်က အပြည့်အစုံပြန်လည်ပြောဆိုခဲ့မှုရှိပါသလား။**

ဖြေ ။ အကြီးအကဲတွေလာရောက်စဉ်က ပြောဆိုခဲ့မှုတွေနဲ့ ပတ်သက်ပြီး ပြောပြပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်းပြောဆိုမှုမရှိပါဘူး။ တချို့နားလည်သူတွေသာ သွားရောက်နားထောင်ပါတယ်။

**မေး ။ ပြည်ထဲရေးဒုတိယဝန်ကြီးလာရောက်စဉ်က ရှင်းလင်းပြောဆိုမှုနောက်ပိုင်း ဘာအတွက် တစ်ဖက်နိုင်ငံကို ထွက်ခွာသွားတာတွေ ဖြစ်ပေါ်တာလဲ။**

ဖြေ ။ နှစ်နိုင်ငံ ၂၀-၂-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့တဲ့ အလံတင်အခမ်းအနားပြီးတော့ BGB (၃၄) တပ်ရင်းမှူးက ကျွန်တော်တို့အဖွဲ့ကို ခေါ်ယူတွေ့ဆုံပြီး မြန်မာနိုင်ငံကို ပြန်ဖို့နဲ့



၂၄-၄-၂၀၁၈ ရက်က အဲဖ်တာအာလွမ်နှင့် မိသားစုအား သတင်းမီဒီယာအဖွဲ့က သတင်းရယူမေးမြန်းစဉ်။

မြန်မာနိုင်ငံ ဥပဒေနဲ့အညီ နေထိုင်ကြဖို့ ပြောဆိုခဲ့မှုအပေါ် မြန်မာနိုင်ငံကို အတင်းအဓမ္မပြန်လည်ပို့ဆောင်မယ်လို့ ထင်မြင်လို့ ထွက်ပြေးကြတာ ဖြစ်ပါတယ်။

**မေး ။ ကျွန်တော်တို့ လာခဲ့တုန်းက INGOs က ထောက်ပံ့ပစ္စည်းတွေ သယ်နေကြတာ မြင်တွေ့ခဲ့ရတယ်။ INGOs က လာရောက်ထောက်ပံ့တာကို တစ်ဖက်နိုင်ငံက ခွင့်ပြုထားသလား၊ ဘာပစ္စည်းတွေ ထောက်ပံ့ပေးခဲ့သလဲ။**

ဖြေ ။ INGOs က ထောက်ပံ့တာကို BGB ကို သတင်းပို့ပြီးမှ ထောက်ပံ့တာဖြစ်ပါတယ်။ ထောက်ပံ့ရာမှာ အဖွဲ့ဖွဲ့စည်းထားပြီး အဲဒီမှာ နူရ်ဟောက်(တောင်ပြိုလက်ယာ)၊ နေလင်းအောင်(တောင်ပြိုလက်ယာ)၊ မဲဒီရွာက တစ်ဦးနဲ့ အခြားရွာသားတစ်ဦးတို့ပါဝင်ပါတယ်။ အဲဒီအဖွဲ့က ထောက်ပံ့ပစ္စည်းတွေကို လက်ခံယူပြီး ခေါင်းဆောင် မာဇီးက ၂၅ ဦးခန့်ကို ခွဲဝေပေးပါတယ်။ ခေါင်းဆောင်တွေက မိမိတို့အဖွဲ့မှာရှိတဲ့ အိမ်ထောင်စုတွေကို ဖြန့်ဝေပေးပါတယ်။ ICRC က ၁၅ ရက်စာ တစ်ကြိမ် ပုံမှန်ထောက်ပံ့မှုရှိပြီး တစ်ကြိမ်ကို ဆန် ၂၅ ကီလို၊ ဆီလေးလီတာ၊ ပဲလေးကီလိုဂရမ် ထောက်ပံ့ပါတယ်။ မိသားစုတစ်စုကို မိသားစုဝင် ၁၀ ဦး၊ ၁၅ ဦးလောက်ရှိပေမယ့် အဲဒီနေရာမှာ မိသားစုသုံးဦး၊ လေးဦး၊ ငါးဦး စသဖြင့် ခွဲထားတဲ့အတွက် ရိက္ခာ လောက်ငမှုရှိပါတယ်။ တစ်ခါတစ်ရံ ဆော်ဒီ၊ တူရကီနိုင်ငံတို့က ထောက်ပံ့ပေးမှုတွေ ရှိပါတယ်။ BGB အနေနဲ့ INGOs တွေဆီက ရယူထားတဲ့ ရိက္ခာတွေ ပေးကမ်းပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရရဲ့ခွင့်ပြုချက်နဲ့ လာရောက်ထောက်ပံ့ကြခြင်း ဖြစ်ပါတယ်။

**မေး ။ ကျန်းမာရေးစောင့်ရှောက်မှုတွေရော ရှိသလား။**

ဖြေ ။ ICRC က တစ်ပတ် တစ်ကြိမ် လာရောက်ပြီး BGB အစီအစဉ်နဲ့ နှစ်ရက်ခြား တစ်ကြိမ် လာရောက်ကျန်းမာရေးစောင့်ရှောက်မှု ပေးပါတယ်။

**မေး ။ Boundary Line မှာ နေထိုင်တဲ့ သူတွေအနေနဲ့ တစ်ဖက်နိုင်ငံမှာရှိတဲ့ ကူတူပါလောင်၊ ဘာလူခါလီ၊ ထန်းခါလီ စတဲ့ဒုက္ခသည်စခန်းတွေကို စာရွက်စာတမ်းအထောက်အထားပြစရာမလိုဘဲ သွားလာခွင့်ရှိတယ်ဆိုတာ ဟုတ်သလား။**

ဖြေ ။ လူတစ်ယောက်အနေနဲ့ လွယ်လွယ်ကူကူ သွားလာလို့ရပါတယ်။ အိုခီးယားရဲ့ တောင်ဘက်ပိုင်းကို Boundary Line မှာ နေထိုင်သူတွေ သွားလာလို့ ရပါတယ်။ အခုနောက်ပိုင်းမှာတော့ ခွင့်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ အိုခီးယားမြို့ရဲ့ တစ်ဖက်ကိုတော့ သွားလာလို့ မရပါဘူး။ ရဲ၊ တပ်၊ CIA ၊ အဖွဲ့ပေါင်းစုံချထားပါတယ်။

**မေး ။ Boundary Line မှာ နေထိုင်သူတွေ ရောက်ချိန်ကနေ ဒီနေ့အထိ ကာလအတွင်း ကျန်းမာရေးအရသော်လည်းကောင်း၊ အချင်းချင်းကြောင့်သော်လည်းကောင်း သေဆုံးမှု တစ်စုံတစ်ရာ ရှိသလား။**

ဖြေ ။ ကလေးနဲ့ သက်ကြီးရွယ်အို သေဆုံးမှု ရှိပါတယ်။ ခြောက်ဦးလောက် ရှိမယ်ထင်ပါတယ်။ သေဆုံးသူတွေကို လက်ရှိနေထိုင်တဲ့နေရာရဲ့ မြောက်ဘက်မှာရှိတဲ့ ဒိုင်းနက်ရွာအနီးက တောင်ကုန်းပေါ်မှာ မြေမြှုပ်သင်္ဂြိုဟ်ပါတယ်။ အရေးပေါ်လူနာတွေကို ICRC က အထောက်အထားစာရွက်စာတမ်းထုတ်ပေးပြီး ဆေးရုံကို အရေးပေါ်လူနာတင်ကားနဲ့ ပို့ဆောင်ပေးပါတယ်။ ငွေကြေးကုန်ကျမှု မရှိပါဘူး။

**မေး ။ တာဝန်ရှိအကြီးအကဲတွေ လာရောက်တဲ့ ခရီးစဉ်တိုင်းမှာ ဒီလ်မာမောက်၊ နေလင်းအောင်တို့ကသာ တာဝန်ခံတွေ့ဆုံပြောဆိုတင်ပြမှုတွေ ရှိတာကို တွေ့တယ်။ အဲဒါနဲ့ပတ်သက်ပြီး သိသလောက်ပြောပြပေးပါ။**

ဖြေ ။ နေလင်းအောင်နဲ့ ဒီလ်မာမောက်တို့က နှစ်နိုင်ငံတွေ့ဆုံမှု အစည်းအဝေးတွေမှာ ဘာသာပြန်အဖြစ် ဆောင်ရွက်နေသူတွေဖြစ်ပါတယ်။ ပြဿနာဖြစ်ပွားပြီးနောက် BGB တို့က လာရောက်တွေ့ဆုံတဲ့အခါမှာလည်း ဘာသာစကားပြောတတ်သူတွေဆိုတော့ သူတို့ကတစ်ဆင့် ပြောဆိုမှုတွေရှိတဲ့အတွက် ဒုက္ခသည်တွေအပေါ် ဩဇာလွှမ်းမိုးလာပြီး အလိုလိုခေါင်းဆောင်ဖြစ်လာတာကြောင့် အခုလို တာဝန်ခံတွေ့ဆုံတာ ဖြစ်ပါတယ်။ BGB ကလည်း ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီနေရာမှာ တောင်ပြို ဝဲ/ယာ၊ မီးတိုက်၊ မဲဒီ၊ ကွမ်းသီးပင်၊ ဇီးပင်ချောင်း၊ သဘော်လုရွာသားတွေဖြစ်လို့ လက်ခံမှုရှိပါတယ်။

**မေး ။ တောင်ပြိုလက်ယာ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်သူတစ်ဦးအနေနဲ့ အဲဒီနေရာမှာ ခြိမ်းခြောက်ခံရတာတွေ ရှိသလား။**

ဖြေ ။ ရွာသားတွေ ပြောင်းရွှေ့သွားပြီး ၁၀ ရက်၊ ၁၁ ရက်ကြာမှ အဲဒီနေရာကို ရောက်ပါတယ်။ ခေါင်းဆောင်ဖြစ်သူ မော်လဝီဟာရှိမ်းတို့ရဲ့ ခြိမ်းခြောက်မှုကို ခံရပါတယ်။ တစ်လလောက်ကြာတဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ ဘင်္ဂလားဒေ့ရှ် မူးယစ်ဆေးဝါးလုပ်ဆောင်နေသူဖြစ်တယ်ဆိုပြီး တိုင်ကြားမှုရှိလို့ ခေါ်ယူမေးမြန်းခံခဲ့ရပါတယ်။

**မေး ။ Boundary Line လက်ရှိနေထိုင်တဲ့နေရာမှာ ARSA အဖွဲ့ဝင်တွေ ရှိသလား။**

ဖြေ ။ တရိန်းဖြစ်စဉ် မဖြစ်ပွားမီ မော်လဝီဟာရှိမ်းတို့ ဦးဆောင်ပြီး ၅၀ ကျော်ရှိပါတယ်။ လက်ရှိ ၂၀ လောက်ရှိပါတယ်။ စံပွာယ်ကုန်း၊ မောင်တောတောင်ပိုင်းက ကျေးရွာသားတွေ ပါဝင်ပါတယ်။ လုပ်သေနတ်တွေ ရှိတယ်လို့ ကြားရပါတယ်။ အဓိကအားဖြင့် မိုင်းခွဲတဲ့လုပ်ငန်းက အဓိကဖြစ်ပါတယ်။

**“အမျိုးသမီးတွေကို ပွဲစားတွေက စည်းရုံးခေါ်ယူပြီး တည်းခိုခန်းတွေမှာ ရောင်းစားမှု (ပြည့်တန်ဆာ)မှု ရှိတယ်လို့ ကြားရတယ်။ ကူတူပါလောင် ဒုက္ခသည်စခန်းမှာ အသက် (၅/၆) နှစ်အရွယ် ကလေးတွေကို ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ရောင်းချဖို့အတွက် ခိုးယူမှုတွေရှိတယ်။ အမျိုးသမီးတွေကို ဘင်္ဂလားနိုင်ငံသားတွေက လက်ထပ်ပြီး ခေါ်ဆောင်သွားမှုတွေ ရှိတယ်။ နောက်ပိုင်းတော့ အလားတူသတင်းတွေ မကြားရတော့ဘူး”**

**မေး ။ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ အကြမ်းဖက်မှုတွေ ရှိသလား။**

ဖြေ ။ ခားပြတိုက် အကြမ်းဖက်ခြင်းမျိုး မတွေ့ရှိရပါဘူး။ အမျိုးသမီးတွေကို ပွဲစားတွေက စည်းရုံးခေါ်ယူပြီး တည်းခိုခန်းတွေမှာ ရောင်းစားမှု (ပြည့်တန်ဆာ)မှု ရှိတယ်လို့ ကြားရတယ်။ ကူတူပါလောင် ဒုက္ခသည်စခန်းမှာ အသက် (၅/၆) နှစ်အရွယ် ကလေးတွေကို ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ရောင်းချဖို့အတွက် ခိုးယူမှုတွေရှိတယ်။ အမျိုးသမီးတွေကို ဘင်္ဂလားနိုင်ငံသားတွေက လက်ထပ်ပြီး ခေါ်ဆောင်သွားမှုတွေ ရှိတယ်။ နောက်ပိုင်းတော့ အလားတူသတင်းတွေ မကြားရတော့ဘူး။

**မေး ။ ခင်ဗျားအနေနဲ့ Boundary Line မှာ နေထိုင်စဉ် ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ရခဲ့ပါသလဲ။**

ဖြေ ။ ကျွန်တော့်အနေနဲ့ မိမိနိုင်ငံကို ပြန်လည်ဝင်ရောက်လိုတယ်။ INGOs အဖွဲ့အစည်းတွေ ထောက်ပံ့ပေးတဲ့ ပဲ၊ ဆီ၊ ထမင်းကိုသာ စားသောက်နေရပြီး သား ၊ ငါးတွေ ဝယ်ယူစားသောက်နိုင်မှုမရှိဘူး။ သွားလာရေးအခက်အခဲ၊ ဘာသာစကားပြောဆိုရာမှာ တချို့တဝက်ကိုသာ နားလည်ပါတယ်။ မြန်မာနိုင်ငံကနေ ထွက်ပြေးလာသူတွေအပေါ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတွေက အမုန်းပွားနေမှုတွေ ရှိတာကို တွေ့ရတယ်။ ဒီလိုအခက်အခဲတွေနဲ့ ကြုံတွေ့ရပါတယ်။

**မေး ။ INGOs တွေက ဒုက္ခသည်စခန်းကို သွားရောက်ခြင်း မပြုစေဘဲ Boundary Line မှာ နေထိုင်ခိုင်းတာမျိုး ရှိသလား။**

ဖြေ ။ မရှိပါဘူး။ UNHCR က Boundary Line ဟာ ဒုက္ခသည်တွေ နေထိုင်တဲ့ နေရာမဟုတ်လို့ အိမ်ဆောက်ပေးမယ်ဆိုပြီး လာခေါ်ပါတယ်။

**မေး ။ ကူတူပါလောင်ဒုက္ခသည်စခန်းမှာ Register ပြုလုပ်ထားပြီး Boundary Line မှာ လာရောက်နေထိုင်သူ ရှိသလား။**

ဖြေ ။ အခုနေထိုင်တဲ့ အိမ်ထောင်စု ၁၀၅၀ မှာ အိမ်ထောင်စုထက်ဝက်ကျော်လောက်ဟာ ဒုက္ခသည်စခန်းမှာ စာရင်းသွင်းထားပါတယ်။ ရိက္ခာထုတ်တဲ့အချိန်မှာ ဟိုကလည်း ထုတ်၊ ဒီကလည်း ထုတ်နဲ့မို့ ခွဲတမ်းပိုရပါတယ်။

**မေး ။ Boundary Line မှာ နေတုန်းက ဝင်ငွေမရှိဘဲ ဘယ်လိုစားသောက်နေသလဲ။**

ဖြေ ။ ကျွန်တော့်သားဖြစ်သူက တစ်ဖက်နိုင်ငံရှိ ICRC ရုံးမှာ တစ်လကို တာကာ ၃၅၀၀၀ (မြန်မာငွေ ငါးသိန်းကျော်ခန့်)ရရှိလို့ သားရဲ့ထောက်ပံ့မှုနဲ့ စားသောက်နေလို့ အဆင်ပြေပေမယ့် အခြားသူတွေ အခက်အခဲဖြစ်နေကြပါတယ်။

**မေး ။ အခုပြန်ဝင်ရောက်လာတဲ့အခါ မိသားစုရပ်တည်ဖို့ ဘယ်လိုလုပ်ကိုင်စားသောက်ဖို့ စဉ်းစားထားသလဲ။**

ဖြေ ။ လောလောဆယ်တော့ သားရဲ့ဝင်ငွေနဲ့ပဲ နေထိုင်စားသောက်ဖို့ စဉ်းစားထားပါတယ်။ အခြေအနေတည်ငြိမ်အေးချမ်းလာရင်တော့ ရွာမှာရှိတဲ့ လယ်ယာလုပ်ငန်းနဲ့ ပုစွန်မွေးမြူရေး လုပ်ငန်းတွေကို လုပ်ကိုင်ပြီး စားသောက်မှာ ဖြစ်ပါတယ်။

**မေး ။ အခုရော ခင်ဗျားရဲ့ အခက်အခဲနဲ့ ပတ်သက်ပြီး ဘာပြောစရာရှိပါသလဲ။**

ဖြေ ။ အခု သူများအိမ်မှာနေရတာမို့ နေစရာအိမ်တစ်လုံး ငှားရမ်းနေထိုင်ဖို့ လိုအပ်ပါတယ်။ သူများအိမ်မှာ ရေရှည်နေထိုင်ဖို့ အခက်အခဲရှိပါတယ်။

**မေး ။ အခြားရွာမှာရော မိသားစုရှိသလား၊ ခင်ဗျားတို့ မိသားစု လုံခြုံစိတ်ချရမယ့် နေရာ ဘယ်နေရာရှိသလဲ။**

ဖြေ ။ မြို့ပေါ်မှာသာ လုံခြုံစိတ်ချရပါမယ်။

**မေး ။ အခုပြန်လာတဲ့အပေါ် Boundary Line မှာ နေထိုင်နေသူတွေက ဘယ်လို သဘောထားမလဲ၊ ခြိမ်းခြောက်ခံရမှုရော ရှိသလား။**

ဖြေ ။ သူတို့က သဘောတူမှုမရှိပါဘူး။ လူမှုမီဒီယာ (Facebook) မှာ လည်း မကျေနပ်ဘူးဆိုပြီး ရေးသားထားတာတွေ ဖတ်မိပါတယ်။ ကျွန်တော်နဲ့ ရင်းနှီးသူ Boundary Line မှာ ကျန်ရစ်သူအချို့နဲ့ ဘာလူခါလီဒုက္ခသည်စခန်းက ရင်းနှီးသူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။ သားဖြစ်သူ (တစ်ဖက်နိုင်ငံ ICRC ရုံးတွင် လုပ်ကိုင်နေသူ) ကို ဖုန်းဆက်ပြီး ခြိမ်းခြောက်မှု ရှိပါတယ်။

**မေး ။ လောလောဆယ်မိသားစုအတွက် ဘာလုပ်ပေးချင်သလဲ။**

ဖြေ ။ အဓိကအားဖြင့် မိသားစုလုံခြုံမှုနဲ့ စားဝတ်နေရေး အဆင်ပြေဖို့ဆောင်ရွက်ပေးစေလိုပါတယ်။ ။



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအုပ်ချုပ်ရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ မေ ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအုပ်ချုပ်ရေးမှူး Mr. Mark Andrew Green ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှစ်ရပ်လုံး လုံခြုံစိတ်ချသဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ကိုင်းကြီး(မြို့)တိုင်းရင်းသားကျေးရွာရှိ နေအိမ်အဆောက်အအုံများ လွှဲပြောင်းပေးအပ်

မောင်တော မေ ၁၉

**ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကလှူဒါန်းသော နေအိမ်အဆောက်အအုံ ၆၄ လုံး လွှဲပြောင်းပေးအပ်ပွဲကို ရခိုင်ပြည်နယ် မောင်တော မြို့နယ်ရှိ ကိုင်းကြီး(မြို့) တိုင်းရင်းသားကျေးရွာတွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပသည်။**




အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုင်းကြီး(မြို့)ကျေးရွာအတွက် လှူဒါန်းသော နေအိမ်အဆောက်အအုံ ၆၄ လုံးအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ကျေးရွာရပ်မိရပ်ဖနှစ်ဦးတို့က လက်ခံရယူသည်။

"အခုလို ကျွန်တော်တို့တိုင်းရင်းသားတွေ မိသားစုဘဝလုံခြုံစေရေးအတွက် ဒီလိုအခိုင်အမာ အဆောက်အအုံတွေ လှူဒါန်းပေးတဲ့အတွက် ဝမ်းသာပါတယ်၊ လူနေမှုဘဝမြင့်တင်ပေးတဲ့အတွက်ကြောင့် နောင်အနာဂတ်လူငယ်တွေ ဘဝလုံခြုံမှုကို ရရှိစေမှာဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦး ဖြစ်သူ မြိုတိုင်းရင်းသား ဦးစံသိန်းက ပြောသည်။

ယင်းနောက် ကိုင်းကြီး(မြို့)ကျေးရွာ၌ နေအိမ်များဆောက်လုပ်ရန် ငွေကျပ်သိန်း ၆၀၀၀ ကျော် လှူဒါန်းခဲ့မှုအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံသည်။

ထို့နောက် ကိုင်းကြီး(မြို့)ကျေးရွာအတွက် ဆောက်လုပ်လှူဒါန်းထားသော ကျေးရွာအိမ်ရာများကို ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်များနှင့်အဖွဲ့သည် ကိုင်းကြီး(မြို့)ကျေးရွာအတွင်း ဆောက်လုပ်ထားသော နေအိမ်များအား လှည့်လည်ကြည့်ရှုကြပြီး အဆိုပါကျေးရွာအတွက် လှူဒါန်းထားသော ဆိုလာမီးများနှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်သည်။

"ဒီနေ့မှာတော့ တိုင်းရင်းသားတွေအတွက်လိုအပ်နေတဲ့ နေအိမ်တွေကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ ဒေသခံတွေ၊ လုပ်ငန်းရှင်တွေ အားလုံးပူးပေါင်းပြီးတော့လှူဒါန်းတဲ့ပွဲ ဖြစ်ပါတယ်၊ နောက်ထပ်ပြီးတော့ ဒီမှာလိုအပ်ချက်ရှိရင် ရှိသလို လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်၊ ဥပမာကျောင်းတွေ၊ စာရေးကိရိယာတွေ၊ ဆိုလာမီးတွေ၊ အခြားလူမှုရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ လိုအပ်တာရှိရင် ထပ်ပြီးတော့ ကူညီပံ့ပိုးပေးသွားမှာပါ၊ အဓိကတော့ ဒီနေရာက တစ်ကမ္ဘာလုံးက အာရုံစိုက်နေတာဖြစ်တဲ့ အတွက် တိုင်းရင်းသားတွေ စုစုစည်းစည်းနဲ့ နေထိုင်တတ်တဲ့ ပုံစံလေးဖြစ်အောင်၊ မိမိရဲ့ တိုင်းရင်းသားရိုးရာ စာပေတွေကို ထိန်းသိမ်းပြီးတော့ နိုင်ငံတော်ကရည်မှန်းဖော်ဆောင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြပါစေလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဆိုပါ အခမ်းအနားအပြီးတွင် ပြောကြားသည်။

ကိုင်းကြီး (မြို့)တိုင်းရင်းသားကျေးရွာရှိ နေအိမ် ၆၄ လုံးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၉ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ နေအိမ်များမှာ RC၊ Steel Sturcture အမျိုးအစားဖြစ်ပြီး တစ်လုံးလျှင် ငွေကျပ် ၉၅ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

**ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - သီဟစည်သူ**



ကိုင်းကြီး(မြို့) တိုင်းရင်းသားကျေးရွာရှိ နေအိမ်များကို တွေ့ရစဉ်။


## ကြိုတင်ကာကွယ်
## သွေးလွန်တုပ်ကွေးအန္တရာယ်(၁)

- သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါပိုးရှိသည့် ခြင်ကျားကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ပါသည်။
- ယခုကဲ့သို့မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အများဆုံးဖြစ်ပွားတတ်ပါသည်။
- အသက် ၁၅ နှစ်အောက် ကလေးများတွင် အများဆုံးဖြစ်သော်လည်း၊ ယခုနှစ်များအတွင်း အသက်(၁၅)နှစ် အထက်၊ လူငယ်နှင့် လူလတ်ပိုင်းတို့တွင်သာမက လူကြီးများတွင်လည်းဖြစ်ပွားလာပြီး အသက်ဆုံးရှုံးမှုများလည်းရှိပါသည်။

**ကြိုတင်ကာကွယ်ရန် နည်းလမ်းများ**

(၁) မိမိကိုယ်ကိုယ်ခြင်ကိုက်မခံရအောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ပါ။
(၂) အိပ်သည့်အခါတိုင်း နေ့၊ ညမရွေး ခြင်ထောင်ဖြင့်အိပ်ပါ။ ဆေးစိမ်ခြင်ထောင်ကိုလည်း အသုံးပြုနိုင်ပါသည်။
(၃) ခြင်နိုင်ဆေးလိမ်းပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**


# တရားရေးအရာရှိနှင့် တရားရေးဝန်ထမ်းများအား ကွန်ပျူတာအခြေခံ သင်တန်းပို့ချ

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ပဲခူးခရိုင် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် အခြားအဆင့်တရားရေး ဝန်ထမ်းများအား ကွန်ပျူတာအခြေခံနှင့် Microsoft Office Excel သင်တန်းကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ရုံးခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းသို့ပဲခူးခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် အခြားအဆင့်ဝန်ထမ်း ၃၃ ဦးတို့ တက်ရောက်ပြီး ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမောင်မောင်အေးနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်စန်းတို့က သင်တန်းဖွင့်လှစ်ပို့ချပေးပြီး မှုခင်းများဆောင်ရွက်ကြရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် တရားစီရင်ရေးမဟာဗျူဟာများ အောင်မြင်ရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားကြောင်း သိရှိရသည်။

**၁၄၂**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# လှိုင်သာယာပြည်သူ့ဆေးရုံကြီး၏ ကျန်းမာရေးဝန်ဆောင်မှုများပေးနေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရှောင်တခင်ဝင်ရောက်ကြည့်ရှု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ ၌ လူနာရှင်များအား တွေ့ဆုံမေးမြန်းစဉ်။

သတင်းစဉ်

ရန်ကုန် မေ ၁၉

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ ၏ ပကတိမြေပြင်အခြေအနေတွင် လူနာများအားကျန်းမာရေးဝန်ဆောင်မှုပေးနေသည်များကို ရှောင်တခင်ဝင်ရောက်ကြည့်ရှုသည်။**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံအတွင်း ကလေးလူနာဆောင်၊ သားဖွားမီးယပ် ရောဂါကုလူနာဆောင်၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခတ်မှန်ဌာန၊ မျက်စိရောဂါကုသဆောင်နှင့် အရေးပေါ်ဖြစ်စဉ်များဖြစ်ပွားပါက လူနာများထားရှိရန် အဆောင်တို့အား လှည့်လည်ကြည့်ရှုခဲ့ပြီး ပကတိလက်တွေ့ အခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုများနှင့် လူနာများ၏ အခက်အခဲများ၊ ဝန်ထမ်းများ၏ လိုအပ်ချက်တင်ပြမှုများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လှိုင်သာယာဆေးရုံကြီးသည် အချက်အချာကျသည့် နေရာတွင်ရှိပြီး ဆေးရုံကြီး၏ ဧရိယာတွင် လူဦးရေများပြားသည့် အပြင်လူနာများအနေဖြင့် ရန်ကုန်မြို့အတွင်းသို့ ဝင်ရောက်ဆေးကုသမှုခံယူရန်အတွက် ယာဉ်ကြောပိတ်ဆို့မှု အပါအဝင် အခက်အခဲများစွာရှိပါကြောင်း၊ ထိုအခက်အခဲများ သက်သာလျော့နည်း၍ ရန်ကုန်ဆေးရုံကြီးနှင့် အလားတူ ကုသစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် လှိုင်သာယာဆေးရုံကြီး၏ ကုသမှုပိုင်းဆိုင်ရာနှင့် အထွေထွေ ဝန်ဆောင်မှုပိုင်းဆိုင်ရာ အခြေအနေ၊ ဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်မည့် အခြေအနေစသည်တို့နှင့် ပတ်သက်၍ ဘက်ပေါင်းစုံ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်သောအဖွဲ့မှလည်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ ယခုထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လှိုင်သာယာဆေးရုံကြီးနှင့် ကျန်းမာရေးဌာနများကို ကွင်းဆင်း၍ အလုံးစုံခြုံငုံသုံးသပ်မှုများ ပြုလုပ်ပြီး ဝန်ကြီးဌာနသို့ အစီရင်ခံစာ မကြာမီတင်ပြသွားရမည် ဖြစ်ကြောင်း မှာကြားပြီး လူနာများ၊ လူနာစောင့်များ၊ ဝန်ထမ်းများမှလည်း လိုအပ်ချက်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံ၊ ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေး



**ရန်ကုန် မေ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံသည်။(ဓာတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရန်ကုန်မြို့သစ်စီမံကိန်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ယင်းနောက် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်ကာ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီအား ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသန်းဇော်က ရွှေတိဂုံစေတီတော်၏သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ကျောက်စိမ်းဘုရားကို ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓဝင်ပြတိုက်နှင့် သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

# ဓာတ်အားလိုင်းကြိုးများ လဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်း လုပ်ငန်းများကို မေ ၂၂ ရက် (အင်္ဂါနေ့)နှင့် မေ ၂၄ ရက် (ကြာသပတေးနေ့)တို့တွင်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ထန်းတပင်၊ ရန်ကင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ စမ်းချောင်း၊ လသာ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ပုဇွန် တောင်၊သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုအနည်းငယ်ရှိနိုင်ပါသည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မိုးရာသီစိုက်ပျိုးရေးစရိတ် လယ်ကေသုံးသိန်းကျော် တစ်ဧက တစ်သိန်းခွဲ ထုတ်ချေးရန် လျာထား

**မော်လမြိုင် မေ ၁၉**

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ မွန်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးခန်းမ၌ မေ ၁၈ ရက် နံနက် ၁၁ နာရီက ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ အခမ်းအနားသို့ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးတို့ နှင့် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွန်ပြည်နယ်အတွင်းရှိ ဘဏ်ခွဲများမှ မန်နေဂျာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးတို့က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် မိုးရာသီစိုက်ပျိုးရေးစရိတ်ကို မေ ၁၈ ရက်က စတင်ထုတ်ချေးပေးနေပြီး မွန်ပြည်နယ် ၁၀ မြို့နယ်တွင် လယ်ယာမြေကေသုံးသိန်းကျော်ကို တစ်ဧကလျှင် တစ်သိန်းခွဲ ထုတ်ချေးပေးမည်ဖြစ်ကြောင်း တောင်သူလယ်သမားများအနေဖြင့် ပုံစံ ၇ ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အမှန်တကယ်စိုက်ပျိုးသူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကျော်စွာလှိုင်က ပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ဘဏ်ခွဲမန်နေဂျာများမှ မေးမြန်းမှုများကို ဦးကျော်စွာလှိုင်က ဖြေကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# မန္တလေး၌ တောင်သူလေးဦး၏ မိုးစပါး ၂၆ ဧကအတွက် စိုက်ပျိုးငွေကျပ် ၃၉ သိန်းထုတ်ချေး

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးမြို့နယ် ဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုစရိတ် ဘဏ်ချေးငွေများကို မေ ၁၇ ရက်မှစ၍ ဘုန်းတော်တိုးကျေးရွာအုပ်စုရှိ တောင်သူလေးဦးသို့ ၂၀၁၈ မိုးစပါး ၂၆ ဧကအတွက် ချေးငွေပေါင်း ကျပ် ၃၉သိန်းတိတိကို စတင်ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်ခင်ပြုံးရည်က ပြောသည်။

မန္တလေးမြို့နယ်ဘဏ်ခွဲအနေဖြင့် တောင်သူဦးရေ ၁၀၀၊ လယ်မြေဧက ၅၅၀ ကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၈၆၀ကို ယခုနှစ်အတွက် ထုတ်ချေးပေးရန်လျာထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျောက်တံခါး၌ စိုက်ပျိုးငွေကျပ် ၁၂၉၆ သိန်း ထုတ်ချေး

**ကျောက်တံခါး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို မေ ၁၇ ရက်က စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရာ၌ မြို့နယ်စိုက် / ဘဏ်မန်နေဂျာ ဦးနိုင်ဝင်းက တောင်သူများအားပြောကြားရာတွင် ယခု ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးပေးရေးအစီအစဉ်၌ ယခင်နှစ်များကဲ့သို့ ဝိုင်းကြီးချုပ်စနစ်မဟုတ်တော့ဘဲ တောင်သူတစ်ဦးချင်းအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကျောက်တံခါးမြို့နယ်တွင် ကျေးရွာအုပ်စု ၅၄ အုပ်စုမှ တောင်သူပေါင်း ၁၉၉၀၀ အတွက် စိုက်ဧက ၁၂၅၀၀၀ ကို ငွေကျပ်သိန်းပေါင်း ၁၈၇၅၀၀ ထုတ်ချေးပေးရန်လျာထားပြီး တောင်သူများကလည်း သတ်မှတ်ကာလအချိန်မီ ပြန်ဆပ်နိုင်ရေးပြောကြားခဲ့သည်။

ထို့နောက် မြို့ချောင်းကျေးရွာအုပ်စုမှ တောင်သူပေါင်း ၁၄၁ ဦး စိုက်ဧက ၈၆၄ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဓာတ်လှေကား စက်ချွတ်ယွင်းမှုကြောင့် တစ်နာရီကျော်ကြာ ပိတ်မိနေသည့် လူ ၁၇ ဦးကို ကယ်ထုတ်ခဲ့

ရန်ကုန် မေ ၁၉

**ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဓာတ်လှေကား စက်ချွတ်ယွင်းမှုကြောင့် ဓာတ်လှေကားမောင်းသူ အပါအဝင် လူ ၁၇ ဦး ဓာတ်လှေကားအတွင်း တစ်နာရီကျော်ကြာ ပိတ်မိနေခဲ့ခြင်းကြောင့် ကယ်ထုတ်ခဲ့ရသည့် ဖြစ်စဉ် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ က ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

**ရုတ်တရက်စက်ချွတ်ယွင်း**

ဖြစ်စဉ်မှာ အရှေ့ဘက်မုခ် ဓာတ်လှေကားအတက်(ညာဘက်ခြမ်း)၌ ဓာတ်လှေကားမောင်းသူ အပါအဝင် ကျား ငါးဦး၊ မ ကိုးဦးနှင့် ကလေးနှစ်ဦး သယ်ဆောင်ပြီး အပေါ်တက်ရာ ရောက်ခါနီး ၁၅ ပေအလိုတွင် လျှပ်စစ်ဗို့အားများ၍ မီးဖြတ်တောက်မှုကြောင့် ရုတ်တရက်စက်ချွတ်ယွင်းရပ်တန့်သွားကာ အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"ဓာတ်လှေကားဟာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားနိုင်တယ်၊ ဓာတ်အားပြတ်တောက်တာတို့၊ ဗို့အားများတာတို့ဆို ဓာတ်လှေကားဟာ ရပ်တန့်သွားတဲ့အတွက် အော်တိုဘရိတ်တွေ ဖမ်းပြီးသားဖြစ်သွားတယ်၊ ပုံမှန်ဆိုရင် အော်တိုဘရိတ်တွေကို အပေါ်ကတက်ခွာလိုက်ရင် ဓာတ်လှေကားဟာ အပေါ်နီးရင်အပေါ်၊ အောက်နီးရင်အောက်သွားပြီး သူ့အလိုလိုပွင့်သွားတယ်၊ အဲလိုလုပ်တဲ့အခါမှာ လုပ်လို့မရဘူး၊ မရတဲ့အတွက် ၈ နာရီ ၁၅ မိနစ်မှာ အပေါ်ကနေ ဓာတ်လှေကားအမိုးပေါ် ကြိုးနဲ့ဆင်း အမိုးကိုဖွင့်ပြီး လှေကားနဲ့အထဲက ဘုရားဖူးခရီးသည်တွေကို ကယ်ထုတ်တယ်၊ ၉ နာရီ ၁၅ မိနစ်မှာတော့ ပိတ်မိနေတဲ့သူတွေအားလုံး အပေါ်ကို ရောက်လာတယ်၊ ထိခိုက်ဒဏ်ရာရရှိတဲ့သူတွေတော့ မရှိပါဘူး" ဟု ရွှေတိဂုံဘုရားဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ပြောသည်။

**ဝိုင်းဝန်းကယ်တင်ဆောင်ရွက်**

ဓာတ်လှေကားအတွင်း ပိတ်မိနေသူများအား ရွှေတိဂုံဘုရားလုံခြုံရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများနှင့် ဓာတ်လှေကားဝန်ထမ်းများက လူအင်အား ၃၀ ဖြင့် ဝိုင်းဝန်းကယ်တင်ဆောင်ရွက်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူမရှိဘဲ အားလုံးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်လှေကားကို ပြီးခဲ့သည့် ဧပြီ ၃ ရက်တွင် မစ်ဆူဘီရှီကုမ္ပဏီမှ အသစ်တပ်ဆင်လှူဒါန်းခဲ့ပြီး ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မစ်ဆူဘီရှီကုမ္ပဏီဘက်မှ တာဝန်ရှိသူများ၏ ပြောပြချက်များအား ရွှေတိဂုံဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက "သူတို့ပြောတာကတော့ အော်တိုဘရိတ်ဖမ်းတဲ့အခါ အပေါ်က ဘရိတ်ကြိုးတွေကို ခွာလိုက်လို့ရှိရင် အပေါ်ကိုတက်သွားပြီး သူ့အလိုလိုပွင့်သွားတယ်၊ အခုဟာက အဲလို ခွာလိုက်တဲ့အချိန်မှာ ဘရိတ်ကမလွတ်ဘူး၊ သူတို့ကိုမေးလိုက်တော့ ဝိတ်ကများနေလို့လို့ပြောတယ်၊ ကောင်တာဝိတ်တုံးထက်များနေလို့ အပေါ်တက်ရမယ့်အစား အောက်ကို ဆင်းတယ်၊ အောက်ဆင်းတော့လည်း စက်မှာပါတဲ့ အော်တိုဘရိတ်က ထပ်ဖမ်းတယ်၊ ကောင်တာဝိတ်တုံးထက် ဓာတ်လှေကား တင်ဆောင်တဲ့ ခရီးသည်ဝိတ်က နည်းမှရမယ် ပြောတယ်၊ အဓိကကတော့ တင်ဆောင်တဲ့ဝိတ်များနေရင် အလန်းပေးတဲ့ စက်ပါမှ အဆင်ပြေမယ်၊ သူ့ရဲ့အော်တိုကိုက အပေါ်တက်ရင်လက်ခံတယ်၊ အောက်ဆင်းရင် လက်မခံဘူး၊ အဲဒါကို ဘယ်လိုလုပ်ရမလဲဆိုတာ သိဖို့လိုတယ်၊ အခုဓာတ်လှေကားက ၁၅ ယောက်ပဲ ဆံ့တယ်၊ ဝတဲ့သူတွေ အထုပ်အပိုးတွေပါရင် ပိုဆိုးတာပေါ့၊ များနေတော့ ဓာတ်လှေကားက အပေါ်ကိုမတက်ဘူး အောက်ကိုပြုတ်ကျတယ်၊ အောက်ကိုပဲကျနေတော့ ဘရိတ်ကို ဖြုတ်လို့ မရတော့ဘူး၊ အဲဒါကြောင့် ခက်ခက်ခဲခဲ ပြန်ကယ်ထုတ်နေရတာလို့ ပြောတယ်၊ ဓာတ်လှေကား ကောင်တာဝိတ်တုံးထက် များလို့မရဘူး၊ ဝိတ်များနေတဲ့အတွက် ဘရိတ်လျှော့တဲ့အချိန်မှာ ဓာတ်လှေကားအိမ်ဟာ အောက်ကိုပဲကျနေလို့ စက်ကဘရိတ်ကို ပြန်ဖမ်းပြီး မလွတ်တော့တာလို့ မစ်ဆူဘီရှီက တာဝန်ရှိတဲ့သူတွေက ပြောတယ်"ဟု ရှင်းပြသည်။

**အသက်အန္တရာယ်လုံခြုံရေး**

၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယဟိမဝန္တာမှ အရိုးဓာတ်တော် သယ်ဆောင်စဉ် တောင်ဘက် ဓာတ်လှေကား၌ လူ ၃၀ ပိတ်မိသည့်ဖြစ်စဉ်အပါအဝင် ရွှေတိဂုံဘုရားရှိ ဓာတ်လှေကားအတွင်း ပိတ်မိသည့်ဖြစ်စဉ်သည် ယခုအကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း၊ ဓာတ်လှေကားများတွင် အဓိကလိုအပ်ချက်ဖြစ်သော ခရီးသည်တင်ဆောင်မှုဝိတ်များလျှင် အချက်ပြသည့် သတိပေးစက်တပ်ဆင်ရန် လိုအပ်ကြောင်း၊ ဓာတ်လှေကားအတွင်း အရေးပေါ်ကိစ္စများဖြစ်ပေါ်လာပါက အချိန်မီကယ်ထုတ် နိုင်ရန်နှင့် ပြန်လည်ပြုပြင်နိုင်ရန် နည်းပညာများတတ်သိထားရန် လိုအပ်ကြောင်း၊ ရွှေတိဂုံဘုရားရှိ ဓာတ်လှေကားဝန်ထမ်းများအား နည်းပညာပိုင်းများ သင်တန်းပို့ချရန် မစ်ဆူဘီရှီကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးထားကြောင်း၊ ပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးထွန်းအောင်ငွေက ပြောသည်။



**ဓာတ်လှေကားအတွင်း ပိတ်မိနေသူများအား တာဝန်ရှိသူများက လှေကား၊ ကြိုးများဖြင့် ကယ်ထုတ်နေသည်ကို တွေ့ရစဉ်။**

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ**

# အာရှတိုက်ကွမ်ဒိုပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်များ တိုက်ကွမ်ဒိုကကွက်အသစ်ဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၉**

ဗီယက်နမ်နိုင်ငံတွင် မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် (၂၃)ကြိမ်မြောက် အာရှတိုက်ကွမ်ဒိုပြိုင်ပွဲ (23th Asian Taekwondo Championship) နှင့် (၅)ကြိမ်မြောက် အာရှတိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲ (5th Asian Taekwondo Championship 2018) ပြိုင်ပွဲများသို့ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ သိရသည်။



**မြန်မာ့လက်ရွေးစင်ကစားသမားများ ကကွက်အသစ် ယှဉ်ပြိုင်ရန် လေ့ကျင့်နေစဉ်။**
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"ကျွန်မတို့ အာရှအားကစားပြိုင်ပွဲကြီးကို သုံးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ ဆုတံဆိပ်ကတော့ ရရှိခဲ့ပါတယ်၊ ယခုပြိုင်ပွဲမှာ အိမ်ရှင် ဗီယက်နမ်က ပထမဆုံး New Poomsae (ကကွက်အသစ်) ကို ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်၊ အာရှပြိုင်ပွဲဆိုတော့ နိုင်ငံတွေများတယ်၊ ဒါကြောင့် လက်ရွေးစင်ကစားသမားတွေ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားကြမှာပါ၊ ဒီပြိုင်ပွဲမှာ အရှေ့တောင်အာရှ နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းတို့ကို အဓိကယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်" ဟု အုပ်ချုပ်သူ ဒေါ်ဝါဝါထွန်းက ပြောသည်။

အဆိုပါပြိုင်ပွဲသို့ အမျိုးသား အမျိုးသမီး အတိုက်တစ်ဦးချင်း ၆၃ ကီလိုတန်းတွင် အောင်ကျော်ကျော်၊ ၆၈ ကီလိုတန်းတွင် အောင်မြင့်မြတ်၊ ၄၉ ကီလိုတန်းတွင် ဒေဝီဦးဂျူးလိယက်တို့က လည်းကောင်း၊ New Poomsae (ကကွက်အသစ်) တစ်ဦးချင်း၊ အသင်းလိုက် ပြိုင်ပွဲများတွင် ဆန်းရှိုင်း၊ ချောကလျာဝင်း၊ ဆန်းရှိန်သက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၌ ဖေဖော်ဝါရီလမှ စတင်၍ စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

(၂၃)ကြိမ်မြောက် အာရှတိုက်ကွမ်ဒိုပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် အာရှတိုက်ကွမ်ဒို ကကွက်ပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးကေလင်း**

# MNL ပြိုင်ပွဲ၏ မတ်လနှင့် ဧပြီလအတွက် အကောင်းဆုံးဆုများ ရွေးချယ်

**ရန်ကုန် မေ ၁၉**

မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ မတ်လနှင့် ဧပြီလအတွက် တစ်လတာအကောင်းဆုံးဆုများကို မေ ၁၉ ရက်က ရွေးချယ်ခဲ့ရာ မကွေးအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးနှင့် ဇွဲကပင်အသင်းတိုက်စစ်မှူး သန်းထက်အောင်တို့ ရရှိခဲ့သည်။

လအလိုက်အကောင်းဆုံးဆုများကို ယခုရာသီမှ ပြန်လည်ချီးမြှင့်ခြင်းဖြစ်ပြီး မတ်လနှင့် ဧပြီလတွင် စုစုပေါင်း လေးပွဲသာရှိသောကြောင့် နှစ်လပေါင်း၍ ချီးမြှင့်ခြင်းဖြစ်သည်။ ယင်းနှစ်လ၌ ကျင်းပသည့် လေးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲရှုံးသည့် နှစ်သင်းရှိသော်လည်း အသင်းကြီးများကို အနိုင်ရခြင်း၊ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေးအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးက အကောင်းဆုံးနည်းပြဆု ရရှိခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းသည် ယင်းနှစ်လတွင် ရန်ကုန်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ကို အနိုင်ရခဲ့ပြီး GFA ကိုသာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးကစားသမားဆုကိုမူ ပွဲအလိုက် နှစ်ဖက်နည်းပြများ ပြိုင်ပွဲကြီးကြပ်သူနှင့် ဒိုင်ကြီးကြပ်တို့၏ ရွေးချယ်မှုများအပေါ် အခြေခံကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီက ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးဆုရ သန်းထက်အောင်သည် နှစ်လအတွင်း ကစားသည့် လေးပွဲတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း အသင်းအတွက် အဓိကနေရာမှ အကောင်းဆုံးကစားနိုင်ခဲ့သောကြောင့် ရွေးချယ်ခံရခြင်းဖြစ်သည်။ အကောင်းဆုံးနည်းပြဆုရ ဦးအောင်ဇော်မျိုးအား စစ်ကိုင်းနှင့် မကွေးပွဲမတိုင်မီတွင်လည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရ သန်းထက်အောင်အား ဇွဲကပင်နှင့် ဟံသာဝတီပွဲမတိုင်မီတွင်လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ချီးမြှင့်ပြီးသည့် လအလိုက် အကောင်းဆုံးဆုများအဖြစ် ဇန်နဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်ကျော်မိုး(ရတနာပုံ)၊ ကစားသမားဆုကို စည်သူအောင်(ရတနာပုံ)၊ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ ကစားသမားဆုကို မောင်မောင်လွင် (ရန်ကုန်)တို့က ရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

❂ ကျောဖုံးမှ

ယနေ့ ကစားမည့် ရတနာပုံအသင်းနှင့် အမှတ်တူသွားခဲ့သည်။

အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် ဟံသာဝတီအသင်းမှာမူ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ပြီး ဇယားထိပ်ပိုင်းတွင် ရပ်တည်နိုင်ရန် ဖိအားများသွားခဲ့သည်။ ဇွဲကပင်အသင်းသည် အသစ်ခေါ်ထားသည့် ကိုလံဘီယာတိုက်စစ်မှူး ဖွန်ဆီကာနှင့် ရန်ကုန်အသင်းမှ ဇွန်မိုးအောင်ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုကာ သန်းထက်အောင်၊ ကင်မ်၊ မောင်မောင်ဝင်းတို့ဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ဟံသာဝတီအသင်းမှာလည်း အမာခံကစားသမား အများစုဖြင့် ပွဲထွက်လာသော်လည်း ကစားပုံပိုကောင်းလာသည့် ဇွဲကပင်အသင်းက ပိုဖိကစားနိုင်ခဲ့သည်။ ၁၅ မိနစ်တွင် တိုက်စစ်မှူး ဂျိုးဇက် အပိုင်အခွင့်အရေးကို လွဲချော်ခဲ့၍ ဟံသာဝတီအသင်း နစ်နာခဲ့ရပြီး ၃၈ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးစတင်ရရှိခဲ့သည်။ ဇွဲကပင်အတွက် ပထမဂိုးကို သန်းထက်အောင်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်း ဇွဲကပင်အသင်း ကစားပုံပိုကောင်းလာပြီး ၄၂ မိနစ်တွင် ဟံသာဝတီဂိုးသမား ချစ်စုဝင်း အဝင်အထွက်မှားခဲ့သောကြောင့် ဇွဲကပင်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဇွန်မိုးအောင်က သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ဟံသာဝတီအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဂျိုးဇက်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ဇွဲကပင်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဖွန်ဆီကာကန်သွင်းသော်လည်း ဘေးထွက်သွား၍ နစ်နာခဲ့ရသည်။ ဟံသာဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ဇွဲကပင်အသင်း အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၈ မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းနှင့် မကွေးအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၃၁ မိနစ်တွင် ဘမ်ဘာက စစ်ကိုင်းအတွက် ဦးဆောင်ဂိုးသွင်းခဲ့ပြီး ၆၈ မိနစ်တွင် မကွေးအတွက် ချိုထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနှစ်သင်းသည် ပထမအကျော့ကလည်း တစ်ဂိုးစီ သရေကျခဲ့ပြီး နှစ်ပွဲစလုံး သရေရလဒ်ဖြင့်ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မိနစ် ၇၀ ကျော်အထိ ဂိုးမရှိသရေကျနေပြီး ပွဲပြီးခါနီးမှ ဂိုးများအပြန်အလှန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းအတွက်ဂိုးများကို ၇၈ မိနစ်တွင် တည်ငြိမ်မင်း၊ ၈၂ မိနစ်တွင် မက်သရူးတို့က သွင်းယူခဲ့ပြီး Southern အသင်းအတွက် ချေပဂိုးကို ၈၄ မိနစ်တွင် ထူးထူးအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၂) ဒုတိယနေ့ကို မေ ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရှောဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❍ ကျောဖုံးမှ

ယင်းခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ပြီး မြန်မာအမျိုးသမီးအသင်းသည် ပထမပိုင်းနှင့် တတိယပိုင်းတွင် သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ဝင်းသီဂီထွန်းနှင့် ၈၁ မိနစ်တွင် နော်အားလိုဝါးဖောတို့က သွင်းယူပေးခဲ့သည်။ တောင်ကြီးခြေစမ်းခရီးစဉ် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၂၀ ရက်တွင် ကယားလက်ရွေးစင်ဟောင်းများ အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းသည် မေ ၂၂ ရက်တွင် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# လှိုင်လင်-တောင်ကြီးလမ်းပိုင်း၌ ယာဉ်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈ သိန်း ဖမ်းမိ

နေပြည်တော် မေ ၁၉

**မူးယစ်တပ်ဖွဲ့စု ၂၇ လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက လှိုင်လင်မြို့အထွက် လှိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီး၌ သာစည်မြို့နယ်နေသူ တင်မင်းထွန်း မောင်းနှင်လာသည့် SUBARU SAMBAR PICKUP မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈ သိန်း၊ ငွေကျပ် ၂၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။** (အောက်ပုံ)



အလားတူ ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၁၉ လမ်းနှင့် သုခလမ်းထောင့်၊ စားသောက်ဆိုင်အနီး၌ မြင့်မော်(ခ) ထွန်းမော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၃၂ လမ်း (၇၄×၇၅)လမ်းကြား လုံးခင်းတည်းခိုခန်း အခန်းအမှတ် ၂၀၆ ၌ တည်းခိုနေသူ ထွန်းထွန်း (ခ)တေဇာထွန်းအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယမန်နေ့ ည ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် ကံညွန့်၏ မြွေရေခွံအိတ်အတွင်းမှ ကြွပ်ကြွပ်အိတ် ၃၂ ထုပ်ဖြင့် ထည့်ထားသည့် ဘိန်းစိမ်း အလေးချိန် ၄၃ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၌ လင်မယားချင်းစကားများရာမှ မယားဖြစ်သူက လင်ကိုဓားနှင့်ထိုးမှုဖြစ်ပွား

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) ၉၃ ရပ်ကွက်၌ လင်မယားချင်းစကားများရာမှ မယားဖြစ်သူက လင်ဖြစ်သူကို ဓားနှင့်ထိုးမှုဖြစ်ကြောင်း သိရသည်။

မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က ဦးဝင်းသန်း (၅၀ နှစ်)မှာ အရက်မူးနေပြီး နေအိမ်သို့ပြန်လည်ရောက်ရှိလာရာ ထမင်းစားရန်အတွက် ထမင်းခူးခိုင်းရာမှ ဇနီးဖြစ်သူ ဒေါ်မာမာအေး(၄၄ နှစ်)နှင့် စကားများရန်ဖြစ်ရာ နှစ်ဦးသားလုံးထွေးသတ်ပုတ်စဉ် ဒေါ်မာမာအေးက အရိုးအသွား ၇ လက်မခွဲခန့်ရှိ မီးဖိုချောင်သုံး စတီးဓားဖြင့် ဦးဝင်းသန်း၏ ဝမ်းဗိုက်ကို ထိုးသွင်းလိုက်ရာ ရရှိသောဓားဒဏ်ရာဖြင့် ၎င်းမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်မာမာအေး (၄၄နှစ်)ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **ကျင်မောင်**

# ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက သတင်းရရှိထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ လှိုင်သာယာနှင့် တွံတေးမြို့နယ်များအတွင်းမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းခိုးမှုများမှ လှိုင်သာယာမြို့နယ်နေ ပြစ်မှုကျူးလွန်သူများဖြစ်သည့် အောင်မြင့်အေး(ခ)ဘိုဘို(၃၀ နှစ်)နှင့် ဝင်းကိုကိုဦး(ခ) ဗညား(ခ)အထစ်(၂၅ နှစ်)တို့အား စစ်ဆေးရာ ၎င်းတို့သည် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဝေဖြိုး(ခ) ပြည့်ဖြိုးအောင်(စုံစမ်းဆဲ)နှင့် ကျော်ကျော်(ခ)ကျော်လင်း(စုံစမ်းဆဲ)တို့နှင့်အတူ လှိုင်သာယာမြို့နယ် အမှတ် ၅ ရပ်ကွက်အတွင်းရှိ နေအိမ်များမှ Vivo အမျိုးအစား လက်ကိုင်ဖုန်းနှင့် Flymo 125 ဆိုင်ကယ်တစ်စီး၊ အမှတ်(၆) ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Kenbo 125 ဆိုင်ကယ်တစ်စီး၊ စက်မှုဇုန် (၄)၊ ဆိပ်ကမ်းသာလမ်းဘေးရှိ နေအိမ်အတွင်းမှ Zhineng 125 ဆိုင်ကယ်တစ်စီး၊ အမှတ်(၇) ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Karat 125 ဆိုင်ကယ်တစ်စီး၊ တွံတေးမြို့နယ် ရွှေဆံတော်ဘုရားရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ Turbostar 125 ဆိုင်ကယ်တစ်စီးတို့အား ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ အောင်မြင့်အေး(ခ)ဘိုဘိုနှင့် ဝင်းကိုကိုဦး(ခ) ဗညား(ခ)အထစ်တို့အား **(အောက်ပုံ)**လှိုင်သာယာ၊ တွံတေးမြို့မရဲစခန်းတို့၌ အမှုများအသီးသီးဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဝေဖြိုး(ခ) ပြည့်ဖြိုးအောင်နှင့် ကျော်ကျော် (ခ)ကျော်လင်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုင်ရှင်များအနေဖြင့် ဖော်ပြပါရဲစခန်းများတွင် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

**၂၀ -၅- ၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၀၀ - Sunday Talk
- ၁၂း၃၀ - This Week's Special Interest
- ၁၃း၀၀ - မြန်မာဂန္ထဝင်ရုပ်ရှင် **"သီတာရေကြည်"** (ညွန့်ဝင်း၊ ခင်သီတာထွန်း၊ မြင့်မြင့်ခင်)(ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၁၄း၅၀ - ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (ဓာတုဗေဒဘာသာရပ်)

**ညပိုင်း**

- ၁၅း၁၅ - **Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Shan United Fc Vs Ayeyawady United FC)**
- ၁၈း၂၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် သဘာဝကို အခြေခံကာ သုတရှာရင်း အပန်းဖြေပါ (ဇင်းတောင်သဘာဝ လင်းနို့ဂူ)
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - In & Out **ပုဂံခရီးစဉ်** (အပိုင်း-၆) (လေးဖြူ၊ အငဲ)
- သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် မြန်မာမှုတေးဂီတ တင်ဆက်ပွဲ
- အရေးကြုံရင် ကြေးမုံရှိတယ်

# မိတ္ထီလာမြို့ MPT ရုံးဝင်းအတွင်းရှိ အိမ်ခန်းအတွင်း၌ အက်စစ်ဖြင့်ပက်မှုဖြစ်ပွား

**မိတ္ထီလာ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် MPT ရုံးဝင်းအတွင်းရှိ နေအိမ်ခန်းအတွင်း မေ ၁၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် အမျိုးသမီးတစ်ဦးက အက်စစ်နှင့်ပက်ခဲ့ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုကျော်မင်းထွေး(ခ) ကတုံး(၂၄)နှစ် ABC Telecom ကုမ္ပဏီဝန်ထမ်း MPT ရုံးဝင်း နယ်မြေ ၉ ရတနာမာရ်အောင်ရပ်ကွက် မိတ္ထီလာမြို့နေသူသည် ရုံးဝင်းအတွင်းရှိ ၎င်းနေထိုင်သောအခန်း၌ ရည်းစားဖြစ်သူ မမြင့်မြင့်ဝေ(၂၄နှစ်)ရွှေကျင်မြို့နယ်နေသူနှင့် အတူရှိနေစဉ် မသွဲ့သွဲ့လင်း (၃၀ နှစ်)ဈေးရောင်း MPT ရုံးဝင်း နယ်မြေ ၉ ရတနာမာရ်အောင် ရပ်ကွက် မိတ္ထီလာမြို့နေသူ ရောက်ရှိလာပြီး မသွဲ့သွဲ့လင်းနှင့် မမြင့်မြင့်ဝေတို့ စကားများကြရာ မသွဲ့သွဲ့လင်းက ၎င်းလက်ထဲတွင် ပါလာသောချိုင့်အတွင်းမှ အက်စစ်များဖြင့် မမြင့်မြင့်ဝေနှင့် ကိုကျော်မင်းထွေးတို့အား ပက်ခဲ့ရာ မမြင့်မြင့်ဝေနှင့် ကိုကျော်မင်းထွေးတို့ လောင်ကျွမ်းဖူးရောင်ဒဏ်ရာများရရှိသဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံ၌ ကုသလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြို့မရဲစခန်းက မသွဲ့သွဲ့လင်းအား အမှုဖွင့် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုကို မေ ၂၅ ရက် ရုံးချိန်း၌ အပြီးကြားနာသွားမည်

**ရန်ကုန် မေ ၁၉**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး ရန်ကုန် မြောက်ပိုင်းခရိုင် အထူးတရားခံရုံးက စစ်ဆေးဆဲ အမှုသည် မပြီးပြတ်သေးသော်လည်း နှစ်ဖက်ရှေ့နေများ တိုင်းတရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုများလျှောက်ထားရာ လက်ခံထားသည့် ပြင်ဆင်မှု(၈)မှုကို မေ ၂၅ ရက် တစ်ရက်တည်း သောကြာနေ့ ရုံးချိန်း၌ အပြီးကြားနာသွားမည် ဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်ထိုက်က မေ ၁၇ ရက် မြောက်ပိုင်းခရိုင် တရားရုံးရှေ့ဝင်းအတွင်း ပြောကြားသည်။

ယင်းအမှုသည် မြောက်ပိုင်းခရိုင် တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၂၁၂ လူသတ်မှုနှင့် ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အရ စွဲဆိုထားမှုတို့ကို တင်ပို့ထားသည့် တရားလိုပြသက်သေ ၈၀ ကျော် စစ်ဆေးခဲ့ပြီးနောက် နှစ်ဖက်ရှေ့နေများ၏လျှောက်လဲချက် ကြားနာခဲ့သည်။

အမိန့်ချသည့်နေ့တွင် ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂ (၂) အရ လည်းကောင်း၊ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂ (၂) အရ လည်းကောင်း၊ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အောင်ဝင်းထွန်းကို ရာဇသတ်ကြီးပုဒ်မ ၂၁၂ အရ လည်းကောင်း၊ နောက်ကြည်လင်း(ခ)ဖိုးထူးနှင့် အောင်ဝင်းဇော်တို့ကို လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ လည်းကောင်း မြောက်ပိုင်းခရိုင် အထူးတရားခံရုံးက အသီးသီး စွဲချက်တင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။

စွဲချက်အမိန့်အပေါ် တရားစွဲဆိုခံထားရသူများ တင်ပြထားသည့် ပြန်ခေါ်သက်သေများ စစ်ဆေးနေဆဲ နှစ်ဖက်ရှေ့နေများက တိုင်းတရားလွှတ်တော်ကို ရာဇဝတ် ပြင်ဆင်မှုတင်လျှောက်ထားသည့်အတွက်ကြောင့် အမှုတွဲ ပြန်လည်ရောက်ရှိလာခြင်း မရှိသည့်အတွက် မြောက်ပိုင်းခရိုင်တရားရုံးမှာ စစ်ဆေးမှု ပြုလုပ်နိုင်ခြင်း မရှိသေးကြောင်း သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့ မသင်္ကာဖွယ်ယာဉ်အားစစ်ဆေးရာ မြွေမျိုးစုံဖမ်းမိ



တင်သွင်း၊ တင်ပို့ခြင်းခွင့်မပြုသည့် တရားမဝင် မြွေမျိုးစုံကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉၇ စီး ၊ သွင်းကုန် အစီး ၉၄၉၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်၁၇ ဒသမ ၃၉၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၃၉ သန်းခန့်၊ စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၃၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၇ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကောင်းဟော် ကျေးရွာအနီး၌ မသင်္ကာဖွယ် ယာဉ်တစ်စီးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တင်သွင်း၊ တင်ပို့ခြင်းခွင့်မပြုသည့် တရားမဝင်မြွေပွေး အရှင် ၂၉၆ ကောင်၊ မြွေပွေးအသေ ၂၃ကောင်၊ စုစုပေါင်း ၁၃၂ပိဿာ၊ လင်းမြွေအရှင် ၂၁၆ ကောင်၊ လင်းမြွေအသေ ၁၆၉ ကောင် စုစုပေါင်း ၁၄၇ ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၃၃၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တော်ဝင်လက်ထပ်ပွဲကို ကမ္ဘာတစ်ဝန်းမှ ကြည့်ရှုသူ သန်းချီရှိ

**လန်ဒန် မေ ၁၉**

အသက် ၃၃ နှစ်ရှိ ဗြိတိန်မင်းသားဟယ်ရီနှင့် အသက် ၃၆ နှစ်ရှိ အမေရိကန်သရုပ်ဆောင် မီဂန်မာကယ်တို့ ကြင်သူနှစ်ဦးတို့သည် လက်ထပ်ပွဲကျင်းပရန် ဝင်ဆာရဲတိုက်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ၎င်းတို့၏လက်ထပ်ပွဲကို နိုင်ငံတကာမှ လူပေါင်းသန်းချီ စောင့်မျှော်ကြည့်ရှုလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၁၉ ရက်က ဖော်ပြခဲ့သည်။

ဗြိတိန်ဘုရင်မကြီး၏ မြေးတော် မင်းသားဟယ်ရီနှင့် အမေရိကန် ရုပ်သံမင်းသမီး မီဂန်မာကယ်တို့ ကြင်သူဇနီးမောင်နှံနှစ်ဦးသည် မြို့အနှံ့အမိုးဖွင့်ရထားလုံးဖြင့် ပျားရည်ဆမ်းခရီးမထွက်ခင် ဝင်ဆာရဲတိုက်ရှိ ၁၄ ရာစု လက်ရာများဖြင့် မွမ်းမံခြယ်သထားသော စိန့်ဂျော့ချ်ဘုရားကျောင်း၌ ကတိသစ္စာပြု စုလျားရစ်ပတ်လက်ထပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ဘုရင်မကြီး အဲလိဇဘတ်နှင့် တော်ဝင်မိသားစုများ၊ အော့ဖရာဝင်ဖရေး၊ ဂျော့ချ်ကလုန်နီ၊ ဒေးဗစ်ဘက်ဟမ်းတို့နှင့် အခြားဂုဏ်သရေရှိ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မီဂန်မာကယ်၏ ဖခင်ဖြစ်သူသည် ကျန်းမာရေးအခြေအနေကြောင့် မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သောကြောင့် မင်းသား၏ ဖခင် အိမ်ရှေ့စံ ဝေလမင်းသား ချားစ်က မင်္ဂလာစင်မြင့်ဆီသို့ မီဂန်အား ခေါ်ဆောင်လာခဲ့သည်။ တော်ဝင်မင်္ဂလာပွဲကို မျက်မြင်တွေ့နိုင်ရန် တစ်ကမ္ဘာလုံးက ခရီးသွားများလည်း လန်ဒန်မြို့ပြင်ရှိ သမိုင်းဝင် ဝင်ဆာရဲတိုက်သို့ ရောက်ရှိခဲ့သည်။ ကိုယ်တိုင်မသွားနိုင်သည့် ကမ္ဘာတစ်ဝန်းမှ သန်းနှင့်ချီသောလူများက ရုပ်မြင်သံကြား၊ အင်တာနက် အွန်လိုင်းတို့မှ ကြည့်ရှုခဲ့ကြောင်း သိရသည်။ ဗြိတိန်နိုင်ငံ၏ အရေးပါဆုံး မင်္ဂလာပွဲကို ထောင်နှင့်ချီသော လုံခြုံရေးများ ချထားခဲ့သည်။ **အေအက်ဖ်ပီ**

# အီရန်ကို တုံ့ပြန်ရေး ညွန့်ပေါင်းအဖွဲ့တည်ထောင်ရန် အမေရိကန် ကြိုးပမ်း

**ဝါရှင်တန် မေ ၁၉**

အီရန်နျူကလီးယားသဘောတူစာချုပ်မှ ထွက်ခွာခဲ့ပြီးနောက် အီရန်အစိုးရ၏ ခြိမ်းခြောက်မှုမျိုးစုံကို တန်ပြန်တုံ့ပြန်နိုင်ရေး အမေရိကန်အနေဖြင့် ညွန့်ပေါင်းအဖွဲ့တည်ထောင်ရန် ဆက်လက်ကြိုးစားခဲ့သော်လည်း ၂၀၁၅ သဘောတူညီမှုကို ဆက်လက်ထိန်းသိမ်းထားခြင်းသည် ဥရောပတိုက်သားတို့၏ ရည်ရွယ်ချက်က အမေရိကန်၏ ကြိုးစားမှုကို ဟန့်တားနှောင့်ယှက်သလိုဖြစ်နေကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၁၉ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက လာမည့် တနင်္လာနေ့တွင် အီရန်အတွက် သံတမန်ဆက်ဆံရေး စံတစ်မျိုးဖြင့် ကဏ္ဍသစ် ဖွင့်လှစ်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ သံတမန်ဆက်ဆံရေးလမ်းကြောင်းတွင် အမေရိကန်အနေဖြင့် အီရန်တို့၏ အမျိုးမျိုးသော ခြိမ်းခြောက်မှုများကို မည်ကဲ့သို့ ကိုင်တွယ်သွားမလဲဆိုသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မူဝါဒရေးရာ အစီအစဉ်ညွှန်ကြားရေးမှူး ဘရီယန်ဟွတ်ခ်က ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လုံခြုံရေးဗိသုကာပုံစံသစ်တစ်မျိုးကို အကြမ်းဖျင်းကျင့်သုံးရန် မျှော်လင့်ရည်သန်လျက်ရှိပြီး ယင်းသည် အကောင်းဆုံးလုံခြုံရေး မူဘောင်တစ်ခုဖြစ်လာနိုင်ကြောင်းနှင့် အကောင်းဆုံးနားလည်မှုကတိကဝတ်တစ်ခုဖြစ်လာနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မူဝါဒရေးရာအစီအစဉ်ညွှန်ကြားရေးမှူး ဘရီယန် ဟွတ်ခ်က သတင်းထောက်များကို ပြောခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ညွန့်ပေါင်းအဖွဲ့ဖွဲ့စည်းနိုင်ရေး အတူတကွ ပူးပေါင်းအကောင်အထည်ဖော်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီသာနော်ရက်က ပြောခဲ့သည်။ အဆိုပါကိစ္စမှာ အမေရိကန်နိုင်ငံအနေဖြင့် နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီးနောက် အီရန်အရေး ဘက်ပေါင်းစုံအနေအထားဖြင့် ချဉ်းကပ်ရန် ကြိုးပမ်းမှုဖြစ်သည်။ **အေအက်ဖ်ပီ**



# တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ဟားရစ်အားအမည်စာရင်းတင်သွင်း

**ဝါရှင်တန် မေ ၁၉**

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်က ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီဟားရစ်အား တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးအဖြစ် အမည်စာရင်းအသစ် တင်သွင်းလိုက်ကြောင်း အိမ်ဖြူတော်မှ မကြာသေးမီက ပြောကြားလိုက်သည်။

အသက် ၆၁ နှစ်ရှိ ဟားရစ်သည် လက်ရှိတွင် အမေရိကန်ပစိဖိတ်ဌာနချုပ် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် ယခင်က ဩစတြေးလျနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အမည်စာရင်း တင်သွင်းခြင်း ခံခဲ့ရသည်။



တောင်ကိုရီးယား နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးရာထူးကို ထရန့် သမ္မတအဖြစ် တာဝန်ယူခဲ့သည့် ၂၀၁၇ ခုနှစ်ကတည်းက ခန့်အပ်ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါ ရာထူးအတွက် အမည်စာရင်း တင်သွင်းခြင်းခံခဲ့ရသည့် ကိုရီးယားအရေးကျွမ်းကျင်သူ စစ်မှုထမ်းဟောင်း ဗစ်တာချာအား မြောက်ကိုရီးယားနှင့် ပတ်သက်ပြီး စစ်တပ်၏ နည်းလမ်းများကို ဆန့်ကျင်ခဲ့သည့်အတွက် အမည်စာရင်း ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဟားရစ်သည် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်နိုင်ရန်အတွက် အထက်လွှတ်တော်၏ အတည်ပြုချက်လိုအပ်ဦးမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# မြောက်ကိုရီးယားနိုင်ငံသားနှစ်ဦး တောင်ကိုရီးယားဘက်သို့ ခိုလှုံ

**ဆိုးလ် မေ ၁၉**

မြောက်ကိုရီးယားနိုင်ငံသားနှစ်ဦး မေ ၁၉ ရက်က တောင်ကိုရီးယားဘက်သို့ ပင်လယ်ဝါမှတစ်ဆင့် ဘက်ပြောင်းခိုလှုံခဲ့ကြောင်း အစိုးရသတင်းရင်းမြစ်ကို ကိုးကား၍ တောင်ကိုရီးယားသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။ လှေငယ်လေးတစ်စင်းကို နှစ်နိုင်ငံ ကိုရီးယားနယ်စပ်အနီး Baengnyeong ကျွန်းမြောက်ဘက်ကမ်းလွန်ရေပိုင်နက်တွင် မြုပ်ချည်ပေါ်ချည်တွေ့ခဲ့ရကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြထားသည်။ လှေပေါ်တွင် လိုက်ပါလာသည့် မြောက်ကိုရီးယားနိုင်ငံသားနှစ်ဦးက တောင်ကိုရီးယားသို့ ဘက်ပြောင်းခိုလှုံချင်ကြောင်း ဖော်ပြခဲ့သည်။

ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့မှ သက်ဆိုင်ရာအာဏာပိုင်များက အဆိုပါကိစ္စကို စစ်ဆေးနေကြောင်း၊ သို့သော်လည်း အသေးစိတ်အချက်အလက်ကို ပေးရန်ငြင်းဆန်ခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသားနှစ်ဦးအနက် တစ်ဦးမှာ စစ်သားတစ်ဦးဖြစ်ကြောင်း ကနဦးက ဖော်ပြခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်ဦးလုံးမှာ အရပ်သားများဖြစ်ကြောင်း အစိုးရက ပြန်လည်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း ယွန်ဟပ်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ကိုရီးယားနှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုအပြီး ယခုကဲ့သို့ မြောက်ကိုရီးယားနိုင်ငံသားများတောင်ကိုရီးယားသို့ ဘက်ပြောင်းခိုလှုံခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကျူးဘားအမျိုးသားလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျရာ ခရီးသည် ၁၀၇ ဦးသေဆုံး

**ဟာဗားနား မေ ၁၉**

ကျူးဘား အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျရာတွင် သေဆုံးသူများကို ရည်ရွယ်၍ ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် နှစ်ရက်တာ သတ်မှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၁၉ ရက်က ဖော်ပြခဲ့သည်။

ကျူးဘားလေကြောင်းလိုင်း၏ လူပေါင်း ၁၁၀ ခန့် လိုက်ပါလာသော ဘိုးရင်း ၇၃၇ လေယာဉ်တစ်စင်းသည် မေ ၁၈ ရက်က ဟာဗားနားဂျိုဆေးမာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာလာပြီး မကြာမီပျက်ကျမှုဖြစ်ပွားခဲ့ရာ မေ ၁၉ ရက် နံနက်ပိုင်းအထိ အသက်ရှင်ကျန်ရစ်သူ သုံးဦးသာရှိကြောင်းနှင့် သေဆုံးသူမည်သူမည်ဝါ ဆိုသည်ကို အတိအကျ မသိရှိရသေးကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြ ထားသည်။

လေယာဉ်သည် ဟာဗားနားမြို့မှ ကျူးဘားနိုင်ငံ အရှေ့ပိုင်းရှိ ဟိုဂင်မြို့သို့ ပျံသန်းနေစဉ် မေ ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၈ မိနစ်တွင် ပျက်ကျသွားခဲ့ကြောင်း၊ လေယာဉ်ပျက်ကျရာတွင် အမှုထမ်းအပါအဝင် လေယာဉ်ပေါ်၌ လူပေါင်း ၁၁၀ ပါရှိကြောင်းနှင့် လေယာဉ်မှာ ဆိုးရွားစွာပျက်စီးခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရာနေရာကို ပိတ်ဆို့လိုက်ပြီး မီးသတ်ကားနှင့် အရေးပေါ်ကယ်ဆယ်ရေးကားများအဆက်မပြတ်ရောက်ရှိလာခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လေယာဉ်ပျက်ကျပြီးနောက် မိုးရွာချလိုက်ရာ ကယ်ဆယ်ရေး လုပ်ငန်းအတွက် အခက်အခဲဖြစ်ပွားစေခဲ့ကြောင်း သိရသည်။ ကျူးဘားနိုင်ငံ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းအတွက် ညွှန်ကြားမှုများ ဆောင်ရွက်ပေးခဲ့သည်။

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းထားပြီး အခင်းဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ အမြန်ဆုံးဖော်ထုတ်နိုင်ရန် ဆောင်ရွက်နေကြောင် ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပျက်ကျသည့်လေယာဉ်သည် ကျူးဘားလေကြောင်းလိုင်း ကုမ္ပဏီက မက္ကဆီကို နိုင်ငံလေကြောင်းကုမ္ပဏီတစ်ခုထံမှ ငှားရမ်းထားသည့် လေယာဉ်တစ်စင်း ဖြစ်သည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့် ဘိုးရင်း ၇၃၇ လေယာဉ်သည် ၁၉၇၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် လေယာဉ်တစ်စင်းဖြစ်ကြောင်း မက္ကဆီကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ မေ ၁၈ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

# နိုင်ငံတကာ သတင်းတိုထွာ

## အာဖဂန်အရှေ့ပိုင်း၌ အားကစားရုံတွင် ပေါက်ကွဲမှုဖြစ် ရှစ်ဦးသေဆုံး

**ဂျာလာလာဘတ် မေ ၁၉**

အာဖဂန်အရှေ့ပိုင်းမြို့တော် ဂျာလာလာဘတ်ရှိ ခရစ်ကတ်ပြိုင်ပွဲတစ်ခုကို ပစ်မှတ်ထားသည့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူ ရှစ်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရာမဒန် ဥပုသ်လအတွင်း ပထမဆုံးဖြစ်ပွားသော တိုက်ခိုက်မှုဖြစ်ကြောင်း အာဏာပိုင်များက မေ ၁၉ ရက်တွင် ပြောခဲ့သည်။

ယမန်နေ့က ပွဲကြည့်သူများသည် ဒေသတွင်း ရာမဒန်ဖလားပြိုင်ပွဲကို ကြည့်ရှုအားပေးနေစဉ် ၎င်းတို့ကြားထဲ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရရုံးမှ တာဝန်ရှိသူက ပြောခဲ့သည်။ အဆိုပါလူသေဆုံးသည့် ပေါက်ကွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားကြောင်း မသိရသေးပေ။ တာလီဘန်တို့က အဆိုပါလူသေဆုံးသည့် ပေါက်ကွဲမှုတွင် တာဝန်မရှိကြောင်း ဝုက်အပ်စ်မက်ဆေ့ချ်တွင် ပြောခဲ့သည်။

အာဖဂန်မြို့တော် ဂျာလာလာဘတ်သည် နန်ဂါဟာပြည်နယ်၏မြို့တော်ဖြစ်ပြီး ပါကစ္စတန်နှင့်လည်း နယ်စပ်ချင်းထိစပ်လျက်ရှိကြောင်း သိရသည်။ ဂျာလာလာဘတ်တွင် အာဖဂန်တို့ တည်ရှိပြီး အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့၏ ခြေကုပ်ယူရာနေရာလည်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## အမေရိကန်တက္ကဆက်ပြည်နယ် စာသင်ကျောင်း၌ ပစ်ခတ်မှုဖြစ်ပွား

**တက္ကဆက် မေ ၁၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်တီဖီမြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် မကြာသေးမီက ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ သေနတ်ပစ်ခတ်သူနှင့် သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအထက်တန်းကျောင်း တစ်ကျောင်း၌ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုကြောင့် လူပေါင်း ရှစ်ဦးမှ ၁၀ဦးအထိသေဆုံးခဲ့ရပြီး သေဆုံးသူအများစုမှာ ကျောင်းသားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူအချို့မှာလည်း ဒဏ်ရာအလွန်ပြင်းထန်ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ သေနတ်ပစ်ခတ်သူနှင့် သံသယရှိသူမှာ ကျောင်းသားများ ဖြစ်ကြသည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အနီးဝန်းကျင်ပြည်သူများကိုလည်း သတိပေးတပ်လှန့်မှုများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားပြီးနောက် အထက်တန်းကျောင်းသို့ ရဲကားနှင့် လူနာတင်ယာဉ်များရောက်လာပြီး ဝေဟင်တွင်လည်း ရဟတ်ယာဉ်ဖြင့် ကင်းလှည့်ဆောင်ရွက်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# ပဋိပက္ခတွေဆက်ဖြစ်နေဦးမယ့် ဂါဇာ-အစ္စရေးနယ်စပ်

**တင်လင်းအောင်**

ဂါဇာ-အစ္စရေးနယ်စပ်မှာ သေစေနိုင်လောက်တဲ့ အကြမ်းဖက်မှုတွေနဲ့ ဆန္ဒပြမှုတွေ ရက်သတ္တပတ်ပေါင်းများစွာ ဖြစ်ပွားမှုဟာ ပါလက်စတိုင်းကို ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားလာစေပါတယ်။

သို့သော်လည်း ဂါဇာ- အစ္စရေး နယ်စပ်မှာ ဖြစ်ပွားတဲ့ကိစ္စအပေါ် အကျိုးသက်ရောက်မှုတွေ ဘယ်လောက်တောင် ဖြစ်ဦးမလဲဆိုတဲ့အပေါ် မေးခွန်းတွေ ဆက်လက်ကျန်ရှိနေဆဲပါ။

ရက်သတ္တပတ် ခုနစ်ပတ်ကြာတဲ့ ဆန္ဒပြမှုမှာ ပါလက်စတိုင်း ၁၀၀ ကျော် အသတ်ခံခဲ့ရပါတယ်။ မေလ ၁၄ ရက်နေ့ တစ်ရက်တည်းမှာပဲ အစ္စရေး လက်ဖြောင့် သေနတ်သမားတွေ လက်ချက်ကြောင့် လူပေါင်း ၆၀ လောက်သေဆုံးခဲ့ပါတယ်။

ဆန္ဒပြသူ ထောင်ပေါင်းများစွာဟာ အမေရိကန်သံရုံး ဂျေရုဆလင်ကို ပြောင်းလာတာကိုလည်း ဆန့်ကျင်ခဲ့ကြပါတယ်။

သံရုံး ပြောင်းရွှေ့ခြင်းကြောင့် အကြမ်းဖက်မှုတွေ ပိုမိုဖြစ်ပွားစေသလို ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်မြင်သံကြားသတင်းက သံရုံးဖွင့်လှစ်ခြင်းအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ သမီးဟာ ဂုဏ်ယူဝမ်းမြောက်ကြောင်း အားပါးတရပြောနေချိန် ပြကွက်နဲ့ ဂါဇာနယ်စပ်မှာ လူတွေ အစုလိုက်သေဆုံးခြင်း ပြကွက်တို့ကို ယှဉ်တွဲပြသခဲ့တာက မီးလောင်ရာလေပင့်ဆိုသလို အရင်ထဲကမှ သံရုံးဖွင့်လှစ်ခြင်းကို အမြင်မကြည်တဲ့ ဆန္ဒပြသူတွေအတွက် ရင်ထဲမှာ ဗလောင်ဆူ၊ ဆောက်တည်ရာမရတော့ဘဲအကြမ်းဖက်ဆန္ဒပြမှုတွေ ပိုမိုဖြစ်ပွားအောင် နှိုးဆွလိုက်သလိုပါပဲ။

အစ္စရေးတို့ကတော့ သူတို့ရဲ့ လုပ်ဆောင်ချက်ဟာ နယ်စပ်ဒေသကို ကာကွယ်ဖို့အတွက်နဲ့ ပါလက်စတိုင်းဘက်မှ ထိုးဖောက်ဝင်ရောက်ခြင်းမပြုနိုင်အောင် လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

အစ္စရေးနယ်စပ်အနားမှာရှိတဲ့ ပါလက်စတိုင်းတို့ရဲ့နယ်မြေအစုအဝေးလေးကို ဟားမားစ်တို့က ထိန်းချုပ်ထားကြောင်း သိရပါတယ်။

မူဆလင်တို့ရဲ့ ရာမဒန် ဥပုသ်လဟာလည်း ကြာသပတေးနေ့မှာ စတင်ခဲ့ပါတယ်။ အဲဒါကြောင့် လူတွေဟာ ဆန္ဒပြမှုတွေမလုပ်တော့ဘဲ ရှောင်ကြဉ်မယ့်သဘောကိုလည်း တွေ့ရပါတယ်။

မေလ ၁၅ ရက်ကလည်း နယ်စပ်ဒေသအနီးမှာ အသက် ၂၆ နှစ်အရွယ်ရှိ မူတက်ဆင်ဟာဂျာဟာ နယ်စပ်ခြံစည်းရိုးကို ချိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ပုံကို ရုပ်သံဖိုင်ထုတ်လွှင့်ခဲ့ပါတယ်။

သူကဘာပြောခဲ့လဲဆိုတော့ သံရုံးပြောင်းရွှေ့ဖွင့်လှစ်ခြင်းကြောင့် ဆန္ဒပြမှုတွေဖြစ်ပွားတာပါလို့ ပြောခဲ့ပါတယ်။

"ဒါဟာ ပါလက်စတိုင်းတွေအတွက် မှန်ကန်တဲ့ လုပ်ဆောင်ချက်ကို ပြသနိုင်ခဲ့သလို အောင်မြင်မှုလည်း ဖြစ်တယ်" လို့ သူက ပြောခဲ့ပါတယ်။



အစ္စရေးတို့ရဲ့ စိုးမိုးအုပ်ချုပ်မှုမှ စတင်တဲ့ စစ်ပွဲဖြစ်ပွားနေစဉ် ၁၉၄၈ ခုနှစ်က ပါလက်စတိုင်းတို့ နယ်နှင်ဒဏ်ခံခဲ့ရတဲ့နေရာ သို့မဟုတ် ပါလက်စတိုင်းတို့ ထွက်ပြေးလာတဲ့ နေရာတွေကို ပြန်လည်သွားရောက်ရေး ပါလက်စတိုင်းတို့ရဲ့ တောင်းဆိုမှုကိုလည်း မူတက်ဆင်ဟာဂျာက လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားအောင် လှစ်ဟပြခဲ့ပါသေးတယ်။

သို့သော်လည်း တကယ့်အရေးကတော့ ဆန္ဒပြမှုတွေဘယ်တော့ ပြီးဆုံးမလဲ၊ ဘယ်လောက်အထိ ကြာမှာလဲ၊ ဆန္ဒပြသူတွေ ထပ်ပြီးသေဆုံးကြဦးမှာလားဆိုတာပဲ ဖြစ်ပါတယ်။

အစ္စရေးနိုင်ငံအတွက် ကန့်သတ်ထားတဲ့ သံတမန်ဆိုင်ရာ ဆိုးကျိုးတွေတော့ ရှိပါတယ်။ ဂါဇာ-အစ္စရေးနယ်စပ် ပဋိပက္ခမှာ လူပေါင်းအတော်များများ သေဆုံးခဲ့တာကြောင့် အစ္စရေးကိုလည်း နိုင်ငံအတော်များများက ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။

တူရကီ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံနဲ့ တောင်အာဖရိက နိုင်ငံတွေဟာ သံတမန်ဆိုင်ရာ ဖိအားတွေပေးနေချိန်မှာ တခြားနိုင်ငံတွေဘက်ကလည်း လက်နက်ဗလာ ဆန္ဒပြသူတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ တိုက်တွန်းမှုတွေ လုပ်ခဲ့ပါတယ်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုဟာ သေဆုံးမှုတွေအပေါ် လွတ်လပ်တဲ့ စုံစမ်းမှုတွေလုပ်ဖို့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်အပေါ် ဗီတိုအာဏာနဲ့ ပယ်ချခဲ့ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရဟာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဟားမားစ်တို့ကို အပြစ်တင်ခဲ့ပါတယ်။

ဂါဇာအယ်လ်ဇာတက္ကသိုလ်မှ နိုင်ငံရေးရာ ပါမောက္ခဖြစ်တဲ့ မူခေမာအဘူဆာဒါးက ဟားမားစ်တို့ဟာ အစ္စရေးတို့ရဲ့ ပိုင်နက်နယ်မြေပိတ်ဆို့မှုတွေ လျော့နည်းစေဖို့ မျှော်လင့်နေသူတွေဖြစ်ကြောင်းနဲ့ မကြာသေးမီနှစ်များအတွင်းက ပိတ်ဆို့ထားခဲ့တဲ့ အီဂျစ်တို့ရဲ့နယ်စပ်ဒေသပြန်ဖွင့်ပေးရေးတို့ကိုလည်း မျှော်လင့်နေသူတွေဖြစ်ကြောင်း ပြောခဲ့ပါတယ်။

**"သံရုံးဖွင့်လှစ်ခြင်းအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ သမီးဟာ ဂုဏ်ယူဝမ်းမြောက်ကြောင်း အားပါးတရပြောနေချိန် ပြကွက်နဲ့ ဂါဇာနယ်စပ်မှာ လူတွေ အစုလိုက်သေဆုံးခြင်း ပြကွက်တို့ကို ယှဉ်တွဲပြသခဲ့တာက မီးလောင်ရာလေပင့်ဆိုသလို အရင်ထဲကမှ သံရုံးဖွင့်လှစ်ခြင်းကို အမြင်မကြည်တဲ့ ဆန္ဒပြသူတွေအတွက် ရင်ထဲမှာ ဗလောင်ဆူ၊ ဆောက်တည်ရာမရတော့ဘဲ အကြမ်းဖက်ဆန္ဒပြမှုတွေ ပိုမိုဖြစ်ပွားအောင် နှိုးဆွလိုက်သလိုပါပဲ"**

နိုင်ငံတကာဖိအားတွေများလာနေတဲ့အစ္စရေးဟာ ဂါဇာဒေသမှာ ဆိုးရွားလာတဲ့ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအခြေအနေတွေကို ဖြေရှင်းဖို့ လုပ်ဆောင်ရတော့မှာပဲ ဖြစ်ပါတယ်။

ထရန့်အစိုးရနဲ့ တခြား ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ ပေါင်းစည်းလုပ်ကိုင်နိုင်မှုတွေ မရှိသေးကြောင်း ဥရောပသမဂ္ဂ နိုင်ငံတကာဆက်ဆံရေး ဉာဏ်ကြီးရှင်အဖွဲ့မှ ဟုဂျ်လိုဗက်က ဆိုပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းက အစ္စရေးတို့ရဲ့လုပ်ဆောင်ချက်တွေအပေါ် တစ်စုံတစ်ရာပြုလုပ်ဖို့ ဆန္ဒရှိပုံမပေါ်သေးကြောင်း သူက ဆက်ပြောပါတယ်။

ဒါကြောင့်လည်း အစ္စရေးဟာ အတင့်ပိုရဲလာတာ ဖြစ်နိုင်ကြောင်း ဥရောပသမဂ္ဂ နိုင်ငံတကာဆက်ဆံရေး ဉာဏ်ကြီးရှင်အဖွဲ့မှ ဟုဂျ်လိုဗက်က ပြောပါတယ်။

တဲလ်အဗစ်တက္ကသိုလ် အမျိုးသားလုံခြုံရေးဆိုင်ရာ လေ့လာရေး အင်စတီကျူမှ မာ့ခ်ဟယ်လာက ဘာပြောခဲ့လဲဆိုတော့ နိုင်ငံတွင်းမှာ လက်ယာစွန်းအများစုကြီးစိုးနေတဲ့ အစ္စရေးအစိုးရဟာ အပြင်ဘက်က ဖိအားတွေကို ခုခံတွန်းလှန်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ပိတ်ဆို့မှုတွေ ဖြေလျှော့ဖို့ တောင်းဆိုသံတွေ ကျယ်ကျယ်လောင်လောင်ကြားနေရသော်လည်း အစိုးရဟာ ဘာမှ လုပ်ပေးမှာမဟုတ်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ၎င်းတို့အနေနဲ့ ဟားမားစ်တို့ကို ငြိမ်းချမ်းရေးမိတ်ဖက်အနေနဲ့ မသုံးသပ်တဲ့အတွက်ကြောင့် ဖြစ်ကြောင်း သူက ဆက်ပြောခဲ့ပါတယ်။

၂၀၀၈ ခုနှစ်ကတည်းက အစ္စရေးနဲ့ ဟားမားစ်တို့ရဲ့ကြားမှာ စစ်ပွဲတွေ သုံးကြိမ်တောင် ဖြစ်ပွားခဲ့ပါတယ်။ အဲလို စစ်ပွဲတွေဖြစ်ပွားခဲ့တာဟာ ဂါဇာဒေသကို ပျက်စီးမှုကိန်းဆိုက်စေတာပါ။

အဲဒီစစ်ပွဲတွေကြောင့် အစ္စရေးတို့ဘက်မှာလည်း ပျက်စီးမှုတွေရှိခဲ့ပါတယ်။ ဒါပေမယ့် မပြောပလောက်တဲ့ ပမာဏလောက်ပဲ ဖြစ်ပါတယ်။

ဟားမားစ်တို့ဟာ ဘာသာစကား အသစ်တစ်ခုကို စတင်မွေးစားခဲ့ပြီး ဆန္ဒပြအငြင်းပွားမှုတွေဟာ ငြိမ်းချမ်းရေးအတွက်ဖြစ်တယ်ဆိုကာ ပြောခဲ့ပါတယ်။

အစ္စရေးတပ်ဖွဲ့ဝင်တွေက မေ ၁၄ ရက်က ဆန္ဒပြမှုဖြစ်ပွားတဲ့ နေရာတစ်ခုကို ပစ်ခတ်ခဲ့သလို ဆန္ဒပြသူတွေကလည်း မီးလောင်ဗုံးတွေနဲ့ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေကို အသုံးပြုခဲ့ကြောင်း အစ္စရေးတို့ဘက်က ဆိုပါတယ်။

မတ်လ ၃၀ရက်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုမှာ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေဟာ မေ ၁၅ ရက်မှာ ပြီးဆုံးတော့မလို ဖြစ်ပေမယ့်လည်း ဟားမားစ်ခေါင်းဆောင်တွေက ဆန္ဒပြမှုတွေကို အခြားပုံစံတွေနဲ့ ဆက်လက်ပြုလုပ်သွားဦးမှာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

ဂါဇာဒေသရှိ နိုင်ငံရေးဆန်းစစ်သူတစ်ဦးဖြစ်သူ ရီဟန်အော့ဒါက ဟားမားစ်တို့အနေနဲ့ "နေရပ်ပြန်အခွင့်အရေး" အတွက် ဆန္ဒပြသူထောင်ပေါင်းများစွာကို နယ်စပ်ဒေသမှာ ဆန္ဒပြမှုတွေဖြစ်အောင် အားပေး အားမြှောက်ပြုတဲ့အတွက် ဆန်းစစ်မေးခွန်းထုတ်ခြင်းတွေကို ရင်ဆိုင်ရဦးမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ပိတ်ဆို့မှုတွေ လျော့နည်းခဲ့သလို ရှိခဲ့သော်လည်း ကလေးတွေဆုံးရှုံးခဲ့တဲ့ မိဘတွေအတွက် ကြီးမားတဲ့ဝမ်းနည်းကြေကွဲမှုကို ဖြစ်စေပါတယ်။

ဟားမားစ်တို့ဟာ နောက်ထပ်စစ်ပွဲအသစ်တွေကို ဖန်တီးနေတာမျိုးမဟုတ်ဘဲ အကယ်၍နောက်ထပ်စစ်ပွဲအသွင်မျိုးဆောင်ခဲ့ရင် လက်ရှိ ဒုက္ခခံစားနေရတဲ့သူတွေဟာ ဒီထက်ဆိုးရွားတဲ့ ဆိုးကျိုးတွေကိုသာ ခံစားရမှာ ဖြစ်တယ်ဆိုတာ သိပါတယ်ဆိုပြီး တချို့လေ့လာဆန်းစစ်သူတွေကလည်း ဆိုပါတယ်။

သို့သော်လည်း ဟားမားစ်တို့ဟာ အလံဖြူထောင်ဖို့ကိုတော့ လိုလားမှုမရှိတာကို တွေ့ရပါတယ်လို့ ဟယ်လာက ဆိုပါတယ်။

ဒါကြောင့်မို့ ပဋိပက္ခတွေ ဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တို့ မလွဲမသွေ မျှော်လင့်ထားကြရဦးမှာဖြစ်ကြောင်း မူလာက ဆက်လက်ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**




## ရန်ကုန်မြစ်ကူး စက်သမ္ဗန်စီးခရီးသည်များ အသက်ကယ်အင်္ကျီဝတ်ဆင်ရေး ကြပ်မတ်ရန်လို

**ရန်ကုန် မေ ၁၉**

ရန်ကုန်ဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းတို့မှ နေ့စဉ် လူဦးရေ သိန်းချီ၍ ရန်ကုန်မြစ်ကို ဖြတ်သန်းခရီးသွားလာလျက်ရှိရာ မိုးရာသီတွင် ကူးတို့သမ္ဗန်စီး၍ ခရီးသွားလာရာ၌ အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းဖြင့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည့်အတွက် ခရီးသည်များ အသက်ကယ်အင်္ကျီကို အလေးထားဝတ်ဆင်ကြရန် ကူးတို့စက်လှေ မောင်းသူတို့က လိုလားလျက်ရှိကြောင်း သိရသည်။

**အများစုက မဝတ်ချင်**

“စက်လှေတိုင်းမှာ အသက်ကယ်အင်္ကျီတွေပါတယ်၊ တစ်စင်းကိုခရီးသည် ၁၂ဦး ခွင့်ပြုထားပါတယ်၊ အများစုက အသက်ကယ်အင်္ကျီမဝတ်ချင်ကြဘူး၊ ရာသီဥတုပူလို့လည်း ဖြစ်နိုင်တာပေါ့လေ၊ နေပူဒဏ်နဲ့လှိုင်းစင်ရင် ကာဖို့ကိုင်တာပဲရှိတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ် ကျော်ကတော့ နှစ်ဂါလန်ပုံးတွေကိုအသက်ကယ် အင်္ကျီပုံစံသုံးရတယ်၊ စဥ့်အိုးတန်းဗောတံတားက မြတ်သဒ္ဓာသင်္ဘောအောက်ကို စက်လှေဝင်တုန်းက နှစ်ဂါလန်ပုံးကိုင်ထားတဲ့သူတွေ အသက်ရှင်ဖူးတယ်၊ ကမာကဆစ်ဖြစ်စဉ်မှာလည်းအသက်ကယ် အင်္ကျီဝတ်တဲ့သူတွေ ရေထဲမှာ အန္တရာယ်ကင်းခဲ့တာကို တွေ့ခဲ့ဖူးတယ်”ဟုစဥ့်အိုး တန်းဗောတံတား ကမာကဆစ် သမ္ဗန်ဆိပ်မှုဂိတ်မှူး ဦးဝင်းမြင့်က ပြောသည်။

ရန်ကုန်ဘက်ခြမ်းတွင် ကူးတို့ဆိပ်ပေါင်း ၁၁ ခုရှိပြီး စက်သမ္ဗန်ဖြင့် စဥ့်အိုးတန်းဆိပ်မှ နေ့စဉ်လူဦးရေငါးသောင်းကျော်၊ ခြောက်သောင်းတို့ ကူးသန်းသွားလာကြလျက် ရှိသည်။ ရန်ကုန်-ဒလမြို့နယ်သို့ သွားလာရာတွင် သမ္ဗန်များကိုသာ ရာသီမရွေးအား ပြုသွားလာနေကြရသောကြောင့် အန္တရာယ်မဖြစ်စေရန် အသက်ကယ်အင်္ကျီများ ဝတ်ဆင်စေလိုခြင်းဖြစ်ပြီး သမ္ဗန်တွင် အသက်ကယ်အင်္ကျီ မပါရှိပါဘဲ ခရီးသွားပါက ဂိတ်မှူးများထံ အသိပေးကြရန် တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

“သမ္ဗန်စီးပြီး ခရီးသွားရတာကြောက်ပေမယ့် ခရီးသွားစရာဒါပဲရှိတယ်လေ၊ ရေလည်း မကူးတတ်ဘူး၊ အမျိုးသမီးတွေအနေနဲ့ ကြောက်စိတ်နဲ့ပဲမြစ်ကို ကူးနေရတာ၊ အသက်ကယ်အင်္ကျီကို မိုးရာသီ၊ ဆောင်းရာသီမှာ အများဆုံးဝတ်ဖြစ်တယ်၊ အခုတော့ မဝတ်ဘူး၊ ရာသီဥတုပူ လို့” ဟု ဒလမြို့သွေးလှူရှင်အသင်းမှ ဒေါ်သက်ရီဝင်းက ပြောသည်။

ဒလဘက်ရှိစက်သမ္ဗန်ဂိတ် ၁၀ ခုတွင် ပုဂ္ဂလိကဂိတ်ငါးခု၊ သမဝါယမအသင်းမှ ဂိတ်ငါးခုဖြင့်ပြေးဆွဲပေးလျက်ရှိပြီး မြစ်ကူးတံတားကြီး ပြီးစီးသွား၍ လမ်းပွင့်သွားသည့်တိုင် ဒလဘက်ကမ်းရှိကျေးရွာတို့မှာ စက်သမ္ဗန်များကို အားပြုသွားလာနေရ မည်ဖြစ်၍ စက်သမ္ဗန်ပြေးဆွဲမှုထူးခြားစွာ ထိခိုက်မှုမရှိနိုင်ကြောင်း သမ္ဗန်ဂိတ်များမှပြောကြားလျက်ရှိပြီး စက်သမ္ဗန်စီးခရီးသွားများ မိုးကြိုကာလတွင် ရုတ်တရက် ပြောင်းလဲတတ်သောရာသီဥတုကြောင့် အသက်ကယ်အင်္ကျီဝတ်ဆင်၍ ရေကြောင်းသွားလာသင့်ကြောင်း စက်သမ္ဗန်သမားများထံမှ သိရသည်။

**သတင်း - သန်းထိုက်**

# စက်သုံးဆီဈေးအတက်နှင့် နေ့စဉ်ဘဝများသို့ ရိုက်ခတ်လာသည့် ဂယက်

**သတင်းဆောင်းပါး - ခင်ရတနာ**



“ကားမမောင်းတော့ဘူး၊ တစ်နေကုန်ပတ်ပြီး လူရှာနေတာက ကျွန်တော်မဲ့ဆေးဖော်တာနဲ့အတူတူပဲ”ဟု ကိုရာဇာ တက္ကစီယာဉ်မောင်းက ပြောကြားသည်။ စက်သုံးဆီ ဈေးနှုန်းများ တရိပ်ရိပ်တက်လာခြင်းသည် တက္ကစီသမားများ သာမဟုတ် အားလုံးနဲ့သက်ဆိုင်သည်။ နေ့စဉ်လူမှုဘဝတွင် တောရောမြို့ပါမကျန် စက်သုံးဆီသုံးစွဲနေကြ ရသည်မို့ အားလုံး၏ အရေးကိစ္စပင်ဖြစ်သည်ဟု ကိုရာဇာက ဆက်ပြောသည်။

စက်သုံးဆီဈေးနှုန်းများသည် သင်္ကြန်မတိုင်မီမှ စတင်၍ တရိပ်ရိပ်တက်လာခဲ့ပြီး ယခုရက်ပိုင်းအတွင်း တစ်လီတာ ဈေးနှုန်းမှာ ငွေကျပ်တစ်ဆယ်ခန့်အထိ နေ့စဉ်တက်လာခြင်းကြောင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဈေးတက်စပြုလာခြင်း၊ သယ်ယူပို့ဆောင်ခြင်းမှ ရရှိသည့် ကုန်စည်များ ဈေးနှုန်းတက်ရိပ်ပြခြင်းတို့လည်း ဖြစ်လာနိုင်သည်ကို မြင်တွေ့ရသည်။

### စက်သုံးဆီဈေးမြင့်ခြင်း၏အစ

“ကမ္ဘာ့ရေနံစိမ်း ဈေးတက်လာပြီဆိုရင် ပြည်တွင်းစက်သုံးဆီဈေးက ဘယ်လိုမှ ထိန်းချုပ်လို့မရနိုင်ပါဘူး၊ ရေနံစိမ်းဈေးဆက်တိုက်ကျဆင်းလာတဲ့အတွက် ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းကလည်း မြင့်တက်လာတာဖြစ်ပါတယ်၊ ဒီလိုအခြေအနေမှာ လုပ်ငန်းရှင်တွေကလည်း ဈေးကို အတတ်နိုင်ဆုံး ထိန်းဖို့ကြိုးစားပါတယ်၊ ဒေါ်လာဈေးတက်တိုင်းတော့ စက်သုံးဆီဈေးက မတက်သေးပါဘူး၊ အကျဈေးနဲ့ ဝယ်ထားတဲ့ ဆီတွေ ကုန်သွားပြီး ကုန်သည်တွေကိုယ်တိုင်လည်း အတက်ဈေးနဲ့ ဝယ်ထားရတဲ့အခါ ဈေးနှုန်းတွေကလည်း အတက်ဈေးဖြစ်နေရတာ”ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူကပြောကြားသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသည် ဧပြီလမှစတင်ကာ မြင့်တက်လာခဲ့ပြီး ယနေ့ မေလ ၁၉ရက်တွင် ရေနံစိမ်းတစ်စည်လျှင် ဒေါ်လာ ၇၁ ဒသမ ၃၇ဖြစ်နေသည်ကို မြင်တွေ့ရသည်။ ကမ္ဘာ့ရေနံစိမ်းဈေးမြင့်တက်လာရသည့် အကြောင်းအရင်းများအနက် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးပေါ်လစီမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရပြီး တစ်လကျော်ကာလအတွင်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများသည် ဧပြီလမတိုင်မီ ဈေးနှုန်းများထက် လေးရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

**“မြန်မာနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းမှာ အခြားနိုင်ငံများထက် နည်းပါးနေပြီး တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သာရှိကြောင်း၊ မြန်မာနိုင်ငံ၏ အထက်တွင် ဈေးနှုန်းသက်သာသည့် နိုင်ငံများဖြစ်သည့် နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပြီး အများစုမှာ ရေနံထွက်ရှိသည့်နိုင်ငံများနှင့် အစိုးရများက ထောက်ပံ့ပေးထားသည့် နိုင်ငံများဖြစ်ကြောင်း Global Petrol Price စာမျက်နှာက ဖော်ပြထားသည်။”**




မေ ၁၈ရက် သောကြာနေ့ ပြည်တွင်း စက်သုံးဆီပိတ်ဈေးအရ ရန်ကုန်မှာ ဒီဇယ် တစ်လီတာ လျှင် လက်လီဈေး ၉၀၀ကျပ်နှင့် လက်ကားဈေးမှာ ၉၉၅ ကျပ်ဖြစ်ပြီး ပရီမီယံ ဒီဇယ်မှာ လက်လီဈေး ၉၉၅ကျပ်နှင့် လက်ကားဈေး ၉၁၀ကျပ်၊ အောက်တိန်း ၉၂မှာ လက်လီဈေး ၈၄၅ကျပ်နှင့် လက်ကားဈေး ၈၅၅ကျပ်၊ အောက်တိန်း ၉၅မှာ လက်လီဈေး ၈၉၅ကျပ်နှင့် လက်ကားဈေးမှာလည်း ၈၉၅ ကျပ်တို့ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ သတင်းထုတ်ပြန်ထားသည်။

သို့သော် ရန်ကုန်မြို့အပါအဝင် ကျန်ဒေသအတော်များများတွင် ဝယ်ယူသုံးစွဲနေကြရသည့် စက်သုံးဆီဈေးနှုန်းများမှာ အသင်းမှထုတ်ပြန်ထားသည့် ဈေးနှုန်းများထက် ငွေ ၅ ကျပ်မှ ငွေကျပ် ၅၀ ဝန်းကျင်အထိ ကွာခြားနေသည်ကို မြင်တွေ့ရသည်။

### ဆီဈေးတက်ရင် အခြားကုန်စည်တွေလည်းတက်တယ်

“ပန်းတနော်ကို ကွမ်းတစ်စီးတိုက်ရင် အရင်က ငွေကျပ် ၇၀၀၀၀ပေးရတယ်၊ အခု ကားတစ်စီးကို တစ်သိန်းကျော်မပေးရင် မလိုက်တော့ဘူး” ဟု ကွမ်းကုန်သည် တစ်ဦးက ပြောသည်။ ထို့အတူ စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုကြောင့် တက္ကစီမောင်းနှင်သူများကလည်း “အရင်က တစ်နေ့ကို ဆီတစ်သောင်းဖိုးလောက်ရင်းလည်း နှစ်သောင်းခွဲလောက် ပြန်ဝင်တယ်၊ အခုက ဆီဈေးတက်တော့ အမြတ်မကျန်ဘူး၊ ကားငှားလာသူတွေကိုလည်း ဆီဈေးတွေတက်တယ်ဗျ၊ ပိုပေးပါဦး ဆိုတာကို အမြဲပြောရတယ်”ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

ဆီဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ “ကားတစ်စီးတိုက် မြင်းခြံကနေ ကြက်သွန်သယ်ယူရင် ကားငှားခက တစ်သိန်းခွဲပေးနေကျပဲ၊ အခုက တစ်စီးကို နှစ်သောင်းပိုပေးရတယ်၊ ဆီဈေးတွေတက်လို့တဲ့၊ အဲဒီတော့ ကျွန်တော်တို့လည်း ဈေးကလိုက်တက်ရတော့တယ်”ဟု ပုဇွန်တောင်ဈေးတွင် ကြက်သွန်လက်လီလက်ကားရောင်းချသူ တစ်ဦးက ပြောသည်။

“ကမ္ဘာ့ရေနံစိမ်းဈေးတက်လို့တဲ့ဗျာ၊ ဆီဈေးတွေတက်တယ်တဲ့၊ ထားပါတော့၊ တစ်ကမ္ဘာလုံးဈေးတွေ ကျနေရင်ရော မြန်မာ့စက်သုံးဆီဈေးက ပြန်ကျဖူးလို့လား၊ အများဆုံးချပေးရင် တစ်လီတာ သုံးကျပ်ကနေ ငါးကျပ်ထက်မပိုဘူး၊ ကျွန်တော့်သဘောကတော့ နိုင်ငံခြားက ရေနံနဲ့ စက်သုံးဆီကုမ္ပဏီတွေ ဝင်လာစေချင်ပြီ၊ တက်လည်းတက်ဈေးပေါ့၊ ကျလည်း ကျဈေးပေါ့၊ တက်တုန်းကတော့ အပြိုင်လိုက်တက်ပြီး၊ နိုင်ငံတကာဈေးကျလာတော့ တက်ဈေးနဲ့ဝယ်မိလို့တဲ့လေ၊ အရှုံးခံပြီး မရောင်းပေးနိုင်ကြဘူးတဲ့”ဟု ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ စက်သုံးဆီဆိုင်တစ်ဆိုင်မှ ဝန်ထမ်းတစ်ဦးကလည်း ပြည်သူဘက်မှနေ၍ စဉ်းစားပေးသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း စက်သုံးဆီဈေးနှုန်းများ ကမ္ဘာ့ပေါက်ဈေးနှင့်အညီ ဖြစ်ပေါ်လာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစီအမံများ ချမှတ်နေကြောင်းကိုလည်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြီးခဲ့သည့်အပတ်လွှတ်တော်တွင် ဖြေကြားထားသည်။ စက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်းကလည်း ဈေးနှုန်းများကို နေ့စဉ်တွက်ချက်ပြီး ထုတ်ပြန်ပေးသည့်အပြင် နိုင်ငံပိုင်သတင်းစာများ၊ လူမှုကွန်ရက်များတွင် နေ့စဉ်ဖော်ပြခြင်းတို့ဖြင့် လက်လီဈေး၊ လက်ကားဈေးနှုန်းများကို ထုတ်ပြန်ပေး နေကြောင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းမှာ နိုင်ငံအများအပြားတွင် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်းမှ အတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်က ပြောသည်။




### နိုင်ငံတော်က ဘာတွေလုပ်ပေးမလဲ

စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းကို အနည်းငယ် သက်သာစေနိုင်ရန်အတွက် ပြင်ပပေါက်ဈေးထက် သက်သာသည့် နှုန်းထားဖြင့် ရောင်းချပေးလျက်ရှိပြီး ယင်းသို့ ရောင်းချပေးခြင်းအားဖြင့် စက်သုံးဆီ ဈေးနှုန်းများ မြင့်တက်ခြင်းကို အနည်းငယ်ခုခံမိမည်ဖြစ်ကြောင်း၊ စက်သုံးဆီ ဂါလန်သုံးသန်းအထိ ရောင်းချပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။ စက်သုံးဆီဈေးနှုန်းများ မှန်ကန်စေရန်နှင့် ပြည်သူများ လွတ်လပ်စွာရွေးချယ်နိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည့် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

မေလ ၁၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရေနံကုမ္ပဏီတစ်ခုတို့ တွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးအတွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံထားသည်။ အဆိုပါ ကုမ္ပဏီမှာ Total Oil ဖြစ်ပြီး ယင်းအပြင် Shell၊ Exxon၊ Chevron စသည့် ကုမ္ပဏီကြီးများ ဝင်ရောက်လာရန်အတွက်လည်း တွန်းအားပေးဖိတ်ခေါ်သင့်ကြောင်း ပြည်တွင်းစက်သုံးဆီဈေးကွက် ကျွမ်းကျင်သူအချို့က ပြောကြားသည်။

ထို့ပြင် ကမ္ဘာ့စက်သုံးဆီ၊ ရေနံစသည့် ဈေးနှုန်းများ မြင့်တက်သဖြင့် ပြည်တွင်း ဈေးနှုန်းမြင့်တက်ရသော်လည်း အများပြည်သူ အားလုံးနှင့် သက်ဆိုင်သည့်ကဏ္ဍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် စက်သုံးဆီဈေးနှုန်းများကန့်သတ်ပေးခြင်းကို အစိုးရမှ ပါဝင်လုပ်ဆောင်ပေးသင့်ကြောင်း ထောက်ပြသူများလည်း ရှိသည်။ “ပြည်ပကနေ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးတဲ့နေရာမှာ လာရောက်ရင်းနှီးမြှုပ်နှံတိုင်းလည်း ဈေးနှုန်းတွေက ထိုးကျမသွားနိုင်သေးပါဘူး၊ အားလုံးသိတဲ့အတိုင်း စက်သုံးဆီဈေးဟာ နိုင်ငံတကာစီးပွားရေး၊ ရေနံစိမ်းဈေး စတာတွေနဲ့လည်း ဆက်စပ်နေတာမို့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ မြင့်တက်နေတာဖြစ်ပါတယ်၊ စက်သုံးဆီ ဈေးနှုန်းမတက်တဲ့ နိုင်ငံတွေဟာ ရေနံထွက်ပြီး အသုံးပြုတဲ့နိုင်ငံတွေနဲ့ အစိုးရကနေ ဈေးကွက်ကို ချုပ်ကိုင်ပြီး လုပ်ဆောင်တဲ့နိုင်ငံတွေပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဈေးကတော့ လက်ရှိမှာ အများကြီး ပြန်ကျသွားဖို့မဖြစ်နိုင်သေးဘူး”ဟု စက်သုံးဆီရောင်းချသူတစ်ဦးကလည်း သုံးသပ်ပြသည်။

### စက်သုံးဆီဈေးတွေ တည်ငြိမ်ဖို့

“စက်သုံးဆီဈေးတွေက မြင့်တက်နေတယ်၊ ဒါကလည်း ရေနံစိမ်းဈေးကမြင့်တက်လာတဲ့အတွက် စက်သုံးဆီဈေးတွေက မြင့်တယ်၊ ကိုယ့်နိုင်ငံကလည်း ပြည်ပကနေ စက်သုံးဆီတင်သွင်းနေရတဲ့ အခါကျတော့ ဈေးတွေတက်တယ်၊ တစ်ဖက်မှာလည်း ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ရောင်းချ ဝယ်ယူခွင့်ပေးထားတယ်၊ တစ်ဖက်မှာလည်း ကုန်ဈေးနှုန်းတွေ ထိန်းချုပ်နိုင်ဖို့အတွက် စက်သုံးဆီဈေးက တစ် စိတ်တစ်ပိုင်းအရေးပါနေတော့ စိစစ်ပေးတာမျိုး လုပ်သင့်တယ်လို့ ထင်ပါတယ်၊ အခုက သယ်ယူပို့ဆောင်တဲ့ကိစ္စရပ်တိုင်းမှာ ဈေးတွေမြင့်တက်လာနိုင်တာမို့ အစိုးရက ကြားဝင်ပြီး ထိန်းသိမ်းညှိနှိုင်းပေးဖို့ တော့လိုအပ်မယ်”ဟု ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြောသည်။

ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်အတွက် စက်သုံးဆီဆိုင်အများစုက ကြိုးပမ်းနေကြကြောင်း အသင်းမှသိရှိရပြီး လက်ရှိတွင် လက်လီဈေးထက် လက်ကားဈေးနှုန်းများ မြင့်တက်မှုက ပိုမိုများပြားနေသည်ဟု စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရသည်။ ခန့်မှန်းကွာခြားမှုကို လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းမှာ အခြားနိုင်ငံများထက် နည်းပါးနေပြီး တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သာရှိကြောင်း၊ မြန်မာနိုင်ငံ၏ အထက်တွင် ဈေးနှုန်းသက်သာသည့် နိုင်ငံများဖြစ်သည့် နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပြီး အများစုမှာ ရေနံထွက်ရှိသည့် နိုင်ငံများနှင့် အစိုးရများက ထောက်ပံ့ပေးထားသည့် နိုင်ငံများဖြစ်ကြောင်း Global Petrol Price စာမျက်နှာက ဖော်ပြထားသည်။ ယင်းနေ့စဉ် အစီရင်ခံစာတွင် နိုင်ငံအများအပြား ပါဝင်ပြီး စင်ကာပူနိုင်ငံတွင် တစ်လီတာလျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁အထိ ရှိပြီး ဂျပန်နိုင်ငံတွင် တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀ နှင့် ဟောင်ကောင်တွင် တစ်လီတာလျှင် ၂ ဒသမ ၀၉ ဒေါ်လာ၊ လာအိုနိုင်ငံတွင် တစ်လီတာလျှင် ပျမ်းမျှ စက်သုံးဆီဈေးနှုန်းမှာ ၁ ဒသမ ၂၄ဒေါ်လာ၊ တရုတ်နိုင်ငံတွင် ၁ ဒသမ ၁၉ ဒေါ်လာ စသည်တို့ ဖြစ်ကြောင်း သိရှိရသည်။

“တက်ဈေးမှာ တစ်ပြည်လုံး၊ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ တက်နေတာဆိုတော့လည်း အတတ်နိုင်ဆုံး ချွေတာပြီး သုံးရတော့မှာပေါ့ဗျာ၊ ဒါပေမယ့် တစ်ကမ္ဘာလုံးမှာ စက်သုံးဆီဈေးတွေ ကျလာတဲ့အခါမှာလည်း ကမ္ဘာ့ဈေးကိုလိုက်ပြီး မြန်မြန် ပြန်ချပေးဖို့တော့ လိုအပ်တာပေါ့၊ လက်ရှိမှာတော့ စက်သုံးဆီက နေ့စဉ်တက်နေတယ်၊ တစ်နေ့နဲ့တစ်နေ့ကို မတူဘူး” ဟု တက္ကစီယာဉ်မောင်း ကိုရာဇာက ပြောသည်။ ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၉-၅-၂၀၁၈**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၈၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၅/၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၈၅/၈၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၈ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၁ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၄ ·၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၂ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၁၇ ·၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၂ ·၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ ·၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၆၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီခွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၀၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၀၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၅၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မိတ္ထီလာကျေးရွာနှစ်ရွာမှ ဒေသခံ ခြောက်ဦး ထောင့်သန်းရောဂါကူးဟု ယူဆရသည့် ရောဂါပိုးကူးစက်ခံရ၍ ဆေးကုသမှုခံယူနေရ

မိတ္ထီလာ မေ ၁၉

**ထောင့်သန်းရောဂါဟု ယူဆရသည့် ရောဂါဖြင့် သေဆုံးသွားသည့် နွား၏အသားကို ကိုင်တွယ်ခြင်းနှင့် စားသုံးခြင်းတို့ကြောင့် မိတ္ထီလာမြို့နယ် ဇရပ်ကုန်းကျေးရွာအုပ်စု ရွာတန်းကျေးရွာမှ ဒေသခံ ငါးဦးနှင့်အုံတုံ ကျေးရွာမှဒေသခံတစ်ဦးတို့ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးရှိ ကူးစက်ရောဂါကုသဆောင်၌ ဆေးကုသမှုခံယူနေရကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေလ ၁၇ ရက်နေ့က ရွာတန်းကျေးရွာတွင် ထောင့်သန်းရောဂါဟု ယူဆရသည့် ရောဂါဖြင့်သေဆုံးသွားသည့် နွား၏ အသားများကို ကိုင်တွယ်ခြင်းနှင့် စားသုံးမိခြင်းတို့ကြောင့် ယင်းကျေးရွာနေ ဦးကြည်ဆောင် (၈၅နှစ်)၊ ဦးမော်စီလုံး (ခ) ဦးဝင်းမောင် (၅၉ နှစ်)၊ ဦးသန်းလွင် (၃၆နှစ်)၊ ဦးပြည့်စုံ (၃၅နှစ်)၊ ဒေါ်လှမေ (၅၅နှစ်) တို့သည် ထောင့်သန်းရောဂါ ကူးစက်ခံရသဖြင့် ခရိုင်ပြည်သူ့ဆေးရုံးကြီးရှိ တက်ရောက်ကာ ဆေးကုသမှု ခံယူနေကြရသည်။

ယင်းကျေးရွာနေ ဒေသခံများအား ထောင့်သန်းရောဂါပိုး ထပ်မံကူးစက်ခံရမှုမရှိစေရေးအတွက် တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် ဦးမြင့်ထွန်း (ကြီးကြပ်ရေးမှူး-၁) နှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် ယင်းကျေးရွာရှိ ဦးကျော်ရွှေ၏နေအိမ်တွင် ယာယီဆေးခန်း ဖွင့်လှစ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု ၃၈ စု လူဦးရေ ၁၅၅ ဦးအား ထောင့်သန်းရောဂါပိုးကာကွယ်ဆေးများကို တစ်ဦးလျှင် နှစ်လုံးစီတိုက်ကျွေးခြင်းကို မေလ ၁၇ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မေလ ၁၉ ရက်နေ့ နံနက်ပိုင်းက အဆိုပါ အိမ်ထောင်စု ၃၈ စုမှ ဒေသခံများကို ထောင့်သန်းရောဂါပိုးကာကွယ် ဆေးများ တိုက်ကျွေးနေစဉ် အုံတုံကျေးရွာမှ ဦးအောင်ပု (၄၉နှစ်) သည် ခြေဆစ်၊ လက်ဆစ်များ ရောင်ရမ်းနေသည်ကို တွေ့ရှိရ၍ ဆေးခန်းသို့ လာရောက်ပြသရာ ထောင့်သန်းရောဂါဟု သံသယရှိသဖြင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဒေါ်သီဂီဌေး (ကြီးကြပ်ရေးမှူး -၂ )၊ ရှမ်းမ ငယ်ရဲစခန်းမှ ဒုတပ်ကြပ် ယဉ်မင်းဦးတို့က ခေါ်ဆောင်၍ ခရိုင်ပြည်သူ့ဆေးရုံကြီး ကူးစက်ရောဂါကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**




HTOO






ကာတွန်း
တီတီတုတ် ခွေးလေးတစ်ကောင် ဝယ်ထားတယ်..ဆို..
ခုဒေါ်မလာဘူးလား..
ဒေါ်လာပါတယ်.. ခြံဝမှာ..ကျန်နေခဲ့တယ်..
သမီးက..တီတီတုတ်ခွေးလေးကို..မမြင်ဖူးသေးခင်ကတည်းက..အရမ်းချစ်ချင်နေတာ..
ပြီး


ကာတွန်း


ဖိုးသာထူး
ဖိုးသာထူးရေ.. မေမေနဲ့..လမ်းလျှောက်ထွက်ရအောင်ကွာ..
လမ်းလျှောက်တာ ကျန်းမာရေးအတွက် ကောင်းတယ်ကွ..
ခဏအကြာ
ပြီးနောက်

# ပေကျင်းနိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာ ပါဝင်ပြသမည်

**ရန်ကုန် မေ ၁၉**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယခုလကုန်ပိုင်းတွင် ကျင်းပပြုလုပ်မည့်ပေကျင်း နိုင်ငံတကာခရီးသွားပြပွဲသို့ မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် မြန်မာခရီးသွားလုပ်ငန်းရှင်များ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရှင်တွေကတော့ ရန်ကုန်ကနေ မေ ၂၅ ရက်မှာ ထွက်ခွာမှာဖြစ်ပါတယ်၊ ဇွန် ၁ ရက်မှာ ရန်ကုန်ပြန်ရောက်မှာဖြစ်ပါတယ်၊ ဒီခရီးစဉ်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအပါအဝင် လူပေါင်း ၄၅ ဦးလောက် သွားရောက်ကြမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒီပြပွဲမှာဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ခရီးသွားလုပ်ငန်းတွေ၊ ဟိုတယ်တွေကို မိတ်ဆက်ပြသသွားမှာ ဖြစ်ပါတယ်" ဟု အာရှဂလိုဘယ်ခရီးသွားလုပ်ငန်းမှ မန်းနေဂျင်းဒါရိုက်တာ ဦးဝင်းတင်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မဏိရတနာစားသောက်ဆိုင်၌ မေ ၁၈ ရက်က ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။



အဆိုပါ နိုင်ငံတကာခရီးသွားပြပွဲကာလအတွင်း ပေကျင်းမြို့ မီးဆူးဟိုတယ်၌ မြန်မာအစားအသောက်ပွဲတော်ကြီး (Myanmar Food Festival) ကိုလည်း နှစ်ပတ်ကြာ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာအစားအသောက်များကို ရန်ကုန်မြို့ရှိ နာမည်ကြီးဟိုတယ်အချို့က ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ၎င်းပွဲတော်သို့ ကိုယ်စားလှယ်များအပြင် အာဆီယံနိုင်ငံအသီးသီးမှ သံအမတ်ကြီးများလည်း တက်ရောက်လိမ့်မည်ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း မြန်မာ့ခရီးသွားလုပ်ငန်းအကြောင်း ဟောပြောခြင်း၊ ခရီးသွားလုပ်ငန်းရှင်အချင်းချင်း ခရီးသွားလုပ်ငန်းများအကြောင်း မိတ်ဆက်ခြင်း စသော အစီအစဉ်များလည်း ပါဝင်ကြောင်းသိရသည်။

ပေကျင်း နိုင်ငံတကာခရီးသွားပြပွဲသည် အကျယ်အဝန်းအားဖြင့် ပေ ၅၅၀၀ ကျယ်ဝန်းမည်ဖြစ်ကြောင်း၊ ဥရောပ၊ အမေရိကန်၊ ဩစတြေးလျတို့ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံမှ ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ပေကျင်း နိုင်ငံတကာခရီးသွားဖိုရမ် ဖွင့်ပွဲကို မေ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၎င်းဖိုရမ်သို့ အာဆီယံနိုင်ငံအသီးသီးနှင့် တရုတ်နိုင်ငံမှ ထိပ်ပိုင်းတာဝန်ရှိသူများလည်း တက်ရောက်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-တရုတ် ခရီးသွားပြပွဲတစ်ရပ်ကို ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့၌ ပူးပေါင်းပြသသွားနိုင်ရေးအတွက် စာချုပ်တစ်ခုကိုလည်း ပြပွဲကာလအတွင်း ချုပ်ဆိုသွားရန်ရှိကြောင်း၊ ထို့အပြင် တရုတ်လေကြောင်းလိုင်း Southern Airlines တွင် မြန်မာ့ခရီးသွားမြှင့်တင်ရေးဗီဒီယိုများ ပြသနိုင်ရေးအတွက် စာချုပ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# မိတ္ထီလာမှ လေဘေးသင့်အိမ်ထောင်စု ၆၉ စုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**မိတ္ထီလာ မေ ၁၉**

မိတ္ထီလာမြို့နယ်တွင် မေ ၁၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးမှုရှိခဲ့သည့် လေဘေးသင့်အိမ်ထောင်စု ၆၉ စုအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း




က လေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေများပေးအပ်ခြင်းကြောင့် ဝမ်းမြောက်ကြောင်း၊ သဘာဝဘေးဖြစ်၍ ရှောင်လွှဲ၍မရဘဲ လူနေအိမ်များထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သည်ကို ဝမ်းနည်းမိသော်လည်း ယခုကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများအား ပြန်လည်ကြည့်ရှုစောင့်ရှောက်ထောက်ပံ့သည့်အတွက် ဝမ်းသာဂုဏ်ယူခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပေးအပ်သည့်ထောက်ပံ့ငွေများမှာ ပျက်စီးဆုံးရှုံးမှုအတွက် လုံလောက်သည့်အနေအထား မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအုန်းဌေးက ထောက်ပံ့ငွေများပေးအပ်ရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လေဘေးသင့် ရပ်ကွက်ကျေးရွာအုပ်စု ၁၅ စုမှ အိမ်ထောင်စု ၆၉ စုထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ကျပ် ၄၃ သိန်းကျော်ကို ပေးအပ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကလည်း ထောက်ပံ့ငွေ ကျပ်သိန်း ၃၀ ကျော်နှင့် ထောက်ပံ့ပစ္စည်း ၁၀ မျိုး၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့ကလည်း တာပေါ်လင်စများကို ထောက်ပံ့ခဲ့သည်။ ထောက်ပံ့သည့်ပစ္စည်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအုန်းဌေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေခိုင်ဝင်းနှင့် ဒုတိယ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမင်းသူတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဗန်းမောက်မြို့နယ်အတွင်း ဝါးပင်များ သေဆုံးလျက်ရှိ

**ဗန်းမောက် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဝါးရုံပင်အများအပြားအနေဖြင့် ယခုနှစ်အတွင်း အသီးများသီးပြီး အပင်သေခြင်းများ ဖြစ်နေကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် နားနန့်ထွန်ကျေးရွာမှ ရှမ်းနီဆရာမ မနန်းကြည်ဦးက "ကျွန်မတို့ နေထိုင်တဲ့ဒေသက တောတောင်တွေမှာ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ ဝါးဖြူရုံ၊ ဝါးပိုးရုံ၊ သိုက်ဝါးရုံ၊ သင်ဝါးရုံတွေဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် အခုနှစ်မှာ အသီးတွေသီးပြီး ဝါးရုံအများအပြား သေတာတွေ တွေ့ရပါတယ်"ဟု ပြောသည်။ ဗန်းမောက်မြို့နှင့် မိုင် ၆၀ ကျော်၊ ၇၀ ခန့် ဝန်းကျင် ဒေသအတွင်းရှိ တောတောင်များတွင် ယခင်က သဘာဝအတိုင်း ဝါးတောများ ထူထပ်စွာပေါက်ရောက်ကာ ဝါးတောများနှင့်အတူ သစ်ပင်ကြီးများလည်း မျိုးစုံပေါက်ရောက်သဖြင့် စိမ်းလန်းစိုပြည်သည့်ဒေသ ဖြစ်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါးတောများပေါက်ရောက်သည့် နေရာများ၌ ဝါးရုံပင် အများအပြားမှာ အသီးများသီးပြီး အပင်သေသည်ကို တွေ့မြင်လာရခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**သန်းမောင်လေး**

# ရခိုင်ပြည်နယ်မှ ကြက်ခြေနီဝန်ထမ်းတစ်ဦး ထူးချွန်ဝန်ထမ်းအဖြစ် ရွေးချယ်ခံရ

**မောင်တော မေ ၁၉**

မောင်တောဒေသ၌ ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခကာလများတွင် ရခိုင်အထူးစီမံချက်မှ စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် စွမ်းစွမ်းတမံ ကြိုးစားအကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ခြင်းအတွက် ဦးဇော်တင့်အား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၂၀၁၇ ခုနှစ်အတွက် ထူးချွန်ဝန်ထမ်းအဖြစ် ရွေးချယ်လိုက်ကြောင်း သိရသည်။

ဦးဇော်တင့်သည် ၂၀၁၇ ခုနှစ်အတွင်း မင်းပြားနှင့်မောင်တောဒေသရှိ ကျေးရွာများတွင် လိုအပ်သော ဆန်းစစ်လေ့လာခြင်းများ ပြုလုပ်ပြီး စီမံချက်ကျေးရွာများကို ရွေးချယ်ပေးနိုင်ခဲ့ကာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ Community Resilience Program ၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ (Livelihood)၊ ရေနှင့် သန့်ရှင်းရေး (WASH, DRR )နှင့် ကျန်းမာရေး အသိပညာပေးခြင်း (Health Education)များကိုလည်း တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ထူးချွန်ဝန်ထမ်း(အမျိုးသား)အဖြစ် ရွေးချယ်ခံရသော ဦးဇော်တင့် (၄၀နှစ်)သည် လူမှုကရုဏာလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်မှစတင်ပြီး ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းသည် နာဂစ်ပြန်လည်ထူထောင်ရေး ကာလများတွင်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း လပွတ္တာမြို့နယ်ရုံးခွဲတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာရှင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ရခိုင်ပြည်နယ် အထူးဒေသစီမံချက် (Rakhine Special Programme) တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွင်းဆင်းအရာရှိ (Livelihood Field Officer)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လတွင် စီမံကိန်းညှိနှိုင်းရေးမှူး(program coordinator)အဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

**ဇင်ဦး၊ နိုင်လင်းကြည်**

# တပ်ကုန်းမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၆၉၀၀ ခန့် ထုတ်ချေးမည်

**တပ်ကုန်း မေ ၁၉**

တောင်သူဦးကြီးများအတွက် ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များကို သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မေ ၁၇ ရက်မှ စတင်ထုတ်ချေးလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း၌ ကျေးရွာအုပ်စုပေါင်း ၅၂ အုပ်စုမှ တောင်သူ ၁၃၀၀၀ ခန့်အတွက် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၆၉၀၀ ခန့် ထုတ်ချေးပေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်အနေဖြင့် မေ ၁၇ ရက်တွင် ကျေးရွာအုပ်စုသုံးအုပ်စုမှ တောင်သူ ၇၈ ဦးအား စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၄၈၉ သိန်း စတင်ထုတ်ချေးပေးခဲ့ပြီး ချေးငွေပေးအပ်ပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် ယခင်နှစ်များကကျင့်သုံးခဲ့သော တောင်သူလယ်သမားသုံးဦး အစုအဖွဲ့ဖွဲ့ကာ အချင်းချင်း အာမခံသည့် ပုံစံဖြင့် ချေးပေးခြင်းမဟုတ်တော့ဘဲ တောင်သူတစ်ဦးချင်း၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ -၇)မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ် ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံစနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးသည့် ပုံစံသစ်ဖြင့် ပြောင်းလဲထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ပုံစံသစ်ဖြင့် ယနေ့တွင် တောင်သူဦးကြီးများအား စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးသည့် အခြေအနေနှင့် ပတ်သက်ပြီး တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝင်းဌေးဦးက "ကျွန်တော်တို့ တပ်ကုန်းမြို့နယ်ဘဏ်ခွဲက ဒီနေ့မှာ ၂၀၁၈ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကို မန်ကျည်းပင်ကျေးရွာအုပ်စု၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စုနဲ့ မြို့ပေါ်ရပ်ကွက်ဖြစ်တဲ့ ဗိုလ်မင်းရောင်ရပ်တို့မှ တောင်သူ ၇၈ ဦးကို စုစုပေါင်းစိုက်ပျိုးစရိတ်ချေးငွေ ၄၈၉ သိန်း ထုတ်ချေးပေးတာဖြစ်ပါတယ်၊ ထုတ်ချေးပေးတဲ့ အခါမှာလည်း ကျွန်တော်တို့ အခုနှစ်မှာ စတင်သတ်မှတ်ထားတဲ့ မူဝါဒအရ ကျေတဲ့တောင်သူတွေကို ကျေသလို ကျွန်တော်တို့ စတင်ပြီးတော့ ထုတ်ချေးပေးတာ ဖြစ်ပါတယ်၊ အရင်နှစ်တွေကတော့ အစုအဖွဲ့အလိုက် ကျေးရွာခွဲအလိုက် ထုတ်ချေးပေးတာဖြစ်ပေမယ့် အခုနှစ်ကတော့ ပြေကျေတဲ့သူကို ပြေကျေသလို စတင်ထုတ်ချေးတာပဲ ဖြစ်ပါတယ်၊ အဲ့လို ထုတ်ချေးရာမှာ လက်ရှိအနေအထားအရ အဆင်ပြေပါတယ်၊ တောင်သူတွေကလည်း ဒီစနစ်ကို နားလည်သဘောပေါက် လက်ခံတဲ့အနေအထားမျိုး ရှိပါတယ်၊ နောက်ပြီး တခြားစက်မှုလယ်ယာတို့၊ သမဝါယမတို့ကနေ ထုတ်ချေးထားတဲ့ တောင်သူတွေဆိုရင်လည်း အဲဒီမှာ အာမခံတင်ထားတယ်ဆိုရင် သက်ဆိုင်တဲ့ ဌာနတွေကနေ ထောက်ခံချက်ပေးထားမယ်ဆိုရင် ကျွန်တော်တို့ဆီက ချေးငွေထုတ်ပေးပါတယ်၊ တောင်သူတွေဘက်ကလည်း ဒီလို စောစောစီးစီး ရလာမယ်ဆိုရင် ကြွေးကျန်တွေကို စောစော ပြန်ဆပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ထုတ်ချေး ပေးတဲ့အချိန်ကာလတိုတဲ့အတွက် စနေ၊ တနင်္ဂနွေလိုမျိုး ရုံးပိတ်ရက်တွေမှာပါ ထုတ်ချေးပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

တပ်ကုန်းမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့် တောင်သူဦးရေ ၁၂၀၀၀ ကျော် ရှိခဲ့ရာမှ ယခုအခါ ပြန်လည်ပေးဆပ်သည့် တောင်သူအရေအတွက် ၆၀၀၀ ကျော်ရှိလာပြီဖြစ်ပြီး ပြန်လည်ပေးဆပ်ရန် ကျန်သေးသည့် တောင်သူဦးရေမှာလည်း ၆၀၀၀ နီးပါး ထက်ဝက်မျှ ကျန်နေသေးကြောင်း မှတ်တမ်းများအရ သိရသည်။

ပုံစံသစ်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူမှု အခြေအနေနှင့် ပတ်သက်ပြီး တပ်ကုန်းမြို့နယ် ရှားတုန်းအိုင်းကျေးရွာမှ တောင်သူ ဦးစိုးဝင်းက "ကျွန်တော်တို့ တောင်သူတွေ အကျေဆပ်တာနဲ့ တစ်ဦးချင်းစနစ်မျိုးနဲ့ မြေယာမှတ်ပုံတင် အပေါင်ထားပြီးတော့ ထုတ်ချေးခွင့်ပြုမယ်ဆိုတဲ့ စနစ်မျိုးနဲ့ ထုတ်ချေးမယ်လို့ သိရတယ်၊ ကျွန်တော့် အမြင်



ပြောရရင် ဒီစနစ်က အကောင်းဆုံးစနစ်လို့ မြင်ပါတယ်၊ ဘာကြောင့်လဲဆိုရင် အရင်တုန်းက ၁၀ ဦး တစ်ဖွဲ့၊ ငါးဦးတစ်ဖွဲ့၊ သုံးဦးတစ်ဖွဲ့ ဖွဲ့ထားတာရှိတယ်၊ အဲ့လိုမျိုးဖွဲ့ပြီး ထုတ်ချေးတာရှိတယ်၊ ထုတ်ချေးတဲ့အခါမှာ အုပ်စုလိုက် ထုတ်ချေးတာဖြစ်တဲ့အတွက် တစ်အုပ်စုကို တစ်ယောက်ကျန်ရင် တောင်မှ ထုတ်ချေးခွင့်မရပါဘူး၊ တစ်အုပ်စုလုံး ကျေမှ ထုတ်ချေးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကနဦးဆုံး ဆပ်ထားတဲ့ တောင်သူတွေအတွက် အများကြီးနစ်နာပါတယ်၊ အခုလို တစ်ဦးချင်း ထုတ်ချေးပေးတဲ့ စနစ်က အကောင်းဆုံးဖြစ်ပါတယ်၊ ထုတ်ချေးထားတဲ့ ငွေကြေးကို အချိန်မီ အခါမီ သတ်မှတ်ထားတဲ့ရက်အတိုင်း ပြန်ဆပ်နိုင်တဲ့အခါ ကျွန်တော်တို့ မြေယာမှတ်ပုံတင်ကို ပြန်ရမယ်၊ ပြန်ရပြီးတော့ မိုးရာသီရောက်လို့ စိုက်ပျိုးစရိတ်ပြန်လည်ထုတ်ချေးရတဲ့အချိန် ရောက်ရင် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အလွယ်တကူ အခက်အခဲမရှိ ပြန်ထုတ်ချေးလို့ ရမယ်ဆိုတော့ အင်မတန်မှ ကောင်းပါတယ်"ဟု သူ့အမြင်ကို သုံးသပ်ပြောသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

## ဒက္ခိဏသီရိမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၈-၂၀၁၉ ခုနှစ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ နည်းပညာများနှင့် ကျေးရွာသစ်လုပ်ရှားမှု စီမံကိန်းလုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို မေ ၁၈ ရက်က ကူနစ်လုံးဆည်စုကျေးရွာအုပ်စု ကျေးစာဥကျေးရွာရှိ မြန်မာဆယ်လ်မားအူးအွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှု (SMU)ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးထွန်းနှင့် မြို့နယ် မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံ၊ ကျေးရွာသစ်လှုပ်ရှားမှုတာဝန်ခံ၊ ကျေးရွာအုပ်စုတာဝန်ခံနှင့် ကျေးရွာတာဝန်ခံတို့က ၂၀၁၈-၂၀၁၉ ခုနှစ် မိုးကြိုမိုးရာသီတွင် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ နည်းပညာနှင့် ဆယ်လ်မားအူးအွန်ဒုံ ကျေးရွာသစ်စီမံကိန်းလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စိုက်ပျိုးတောင်သူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကာ အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ခံများနှင့် တောင်သူ ၁၀၀ ကျော် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို ထိုနေ့ ညနေပိုင်းတွင်လည်း မန်ကျည်းကုန်းကျေးရွာရှိ ကျေးရွာသစ်စီမံကိန်း လှုပ်ရှားမှုခန်းမ၌ ဆက်လက်ပြုလုပ်ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ လက်ထောက်ဦးစီးမှူးနှင့်သက်ဆိုင်ရာ တာဝန်ခံများက ကျေးရွာသစ်စီမံကိန်း လှုပ်ရှားမှုအဖွဲ့ဝင်များ၊ တောင်သူများနှင့်ပူးပေါင်း၍ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ စိုက်ပျိုးနည်းပညာများ မြင့်မားလာရေးနှင့် တိရစ္ဆာန်များ၏ရောဂါများ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနည်းပညာများကို ဆွေးနွေးခဲ့ကြသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ရေအရည်အသွေး လာရောက်စစ်ဆေးနိုင်

**သထုံ မေ ၁၉**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ရေအရည်အသွေး စမ်းသပ်သော ဓာတ်ခွဲခန်း ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ပြည်နယ်အတွင်း ကျေးရွာများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကျေးရွာရှိ ရေတွင်း၊ ရေကန်များမှ ရေများကို အရည်အသွေး စမ်းသပ်လိုပါက ရေနမူနာယူလာ၍ ဦးစီးဌာနရုံးတွင် လာရောက်စစ်ဆေးနိုင်ကြောင်း သိရသည်။

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကိုလည်း မေ ၁၄ ရက်မှစ၍ ဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ မွန်ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်နေကြောင်း သိရသည်။

သင်တန်းတက်ရောက်သော သင်တန်းသားများအနေဖြင့် သင်တန်းတွင် ရေ၏ ရုပ်သဘောအရ မသန့်စင်မှု၊ ဒြပ်သဘောအရ မသန့်စင်မှု၊ ဇီဝသဘောအရ မသန့်စင်မှုများကို သင်ကြားရမည်ဖြစ်ပြီး ထိုပညာရပ်များကို လက်တွေ့ပြန်လည်အသုံးချခြင်းဖြင့် ကျေးရွာများတွင် သောက်သုံးနေသော ရေတွင်းရေကန်များမှ ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဗထူး**

## မင်းလှမြို့နယ်တွင် လေပြင်းတိုက်၍ အိမ် ၃၃ လုံးနှင့် ကျောင်းနှစ်ကျောင်းတွင် အမိုးများပျက်စီး

**မင်းလှ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုများအတွင်း၌ နေအိမ် ၃၃ လုံးနှင့် စာသင်ကျောင်းနှစ်ကျောင်း အမိုးလန်ခြင်းနှင့် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံရေကျော်ကျေးရွာအုပ်စုတွင် နေအိမ် ၂၁ လုံးနှင့် အမက စာသင်ကျောင်းနှစ်ကျောင်း အမိုးလန်ပျက်စီးကာ နေအိမ် လေးလုံး ပြိုလဲပျက်စီးခဲ့ကြောင်း၊ ကျွဲတလင်းကျေးရွာအုပ်စုတွင် နေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီးခြင်း၊ အလယ်ကုန်းကျေးရွာအုပ်စုတွင် နေအိမ် တစ်လုံး အမိုးလန်ပျက်စီးခြင်းနှင့် သရော(အမ်)ကျေးရွာအုပ်စုတွင် လျှပ်စစ်မီးတိုင်လေးတိုင် ပြိုလဲပျက်စီးခြင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။ လေပြင်းဒဏ်ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုများ မရှိခဲ့ကြောင်းနှင့် လေပြင်းတိုက်ခတ်သည့်ကျေးရွာများသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ ပူးပေါင်း၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**ပေါက်စ(မင်းလှ)**

## နတ်မောက်မြို့နယ်မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နတ်မောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရေထွက်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာတွင် မေ ၁၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် အိမ် ၁၀ လုံး ပျက်စီးမှုရှိခဲ့ရာ အဆိုပါ အိမ်ထောင်စု ၁၀ စုအတွက် မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ပစ္စည်းများ မေ ၁၈ ရက်က ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမြင့်စိုးက လေဘေးသင့်ပြည်သူများအား နတ်မောက်မြို့စိတ်ဓာတ်ဖြူစင်ကရုဏာရှင်အသင်းရုံး၌ တွေ့ဆုံ၍ ပုဆိုးနှင့် ထဘီ၊ တဘက်၊ တီရှပ်၊ ဇလုံ၊ ဆပ်ပြာ၊ စတီးဇွန်းနှင့် သောက်ရေခွက်၊ ပလတ်စတစ်ရေချိုးခွက်များနှင့် ထောက်ပံ့ငွေ ကျပ် ၅၅၁၉၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **လှဝင်း(နတ်မောက်)**

## ဖားကန့်စစ်ရှောင်စခန်းများရှိ ပြည်သူ ၃၀၀၀ ကျော်အား အလုပ်အကိုင် ဖန်တီးပေးရေးစီစဉ်

**ဖားကန့် မေ ၁၉**



ဖားကန့်ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးခြင်းနှင့် ပြည်သူများလည်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဖားကန့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံပွဲကို ဖားကန့်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၈ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများကို ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ရှင်းလင်းပြောကြားပြီး ဖားကန့်ဒေသ၏ ရွှေ့ပြောင်းလုပ်သား များပြားမှု၊ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ များပြားမှု၊ အလုပ်လက်မဲ့များပြားနေမှု၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအား ထောက်ပံ့မှုအစီအစဉ်များ စသည့် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကဖြေရှင်းရမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဒေသခံများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော မူးယစ်ဆေးဝါးသုံးစွဲသူများအား စနစ်တကျဆေးဝါးကုသ၍ ဆေးဖြတ်ကာ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးသည့် ဆေးဖြတ်စခန်း(Centre Base)တည်ထောင်ခြင်း၊ ဖားကန့်မြို့နယ်တွင်ရှိသော စစ်ရှောင်စခန်း (IDP Camp) ၁၈ ခုမှ လူဦးရေ ၃၀၀၀ ကျော်အား မြေနေရာပေး၍ အလုပ်အကိုင်ဖန်တီးပေးမည့် အစီအစဉ်များ စသည်တို့ကိုလည်း ဆွေးနွေးခဲ့သည်။

ဖားကန့်ဒေသသည် ကျောက်မျက်တူးဖော်ရေး လုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် အားထားလုပ်ကိုင်လျက်ရှိခြင်းကြောင့် လျှပ်စစ်မီးရရှိရန်နှင့် ကျောက်မျက်အကြမ်းထည်များကို အချောထည်များဆောင်ရွက်နိုင်ရန် နည်းပညာသင်တန်းများ ပို့ချပေးပါက ဒေသခံများ အလုပ်အကိုင်ရရှိစေရေးအတွက် များစွာ အထောက်အပံ့ ရရှိမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသူများက တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်က ဒေသခံများ၏ ဆွေးနွေးမှုကို ပြည်ထောင်စုဝန်ကြီးထံ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးဒဏ်ခံနိုင်မှုစနစ် တိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဟားခါးမြို့၌ အလုပ်ရုံဆွေးနွေး

**ဟားခါး မေ ၁၉**

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ချင်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ အလုံးစုံသော သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၈ ရက်က ဟားခါးမြို့ရှိ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက အမှာစကားပြောကြားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာထွန်းနိုင်နှင့် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ Dr.Muneyoshi Numadaတို့က သုတေသန လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ဟားခါးမြို့နယ်အတွင်း မြေပြိုမှု သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ မြေပြိုမှုဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် တွက်ချက်မှုလုပ်ငန်းများကို ကွင်းဆင်း၍ သုတေသနဆောင်ရွက်ရန် အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ချင်းပြည်နယ်၌ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်များအတွင်း မီးဘေး ၁၅ကြိမ်၊ ရေဘေး ခြောက်ကြိမ်၊ မြေပြိုဘေး ၃၇ကြိမ်၊ လေဘေး ၆၄ကြိမ်၊ ကမ်းပြိုဘေး သုံးကြိမ် ဖြစ်ပွားခဲ့ကာ ရန်ပုံငွေ စုစုပေါင်း ကျပ်သိန်း ၁၆၀၀ ကျော် ထောက်ပံ့ပေးခဲ့ရကြောင်း၊ သဘာဝဘေး အန္တရာယ်များမှာ အကြိမ်ရေစိပ်သလို ပို၍ပြင်းစွာ ဖြစ်ပွားလာလျက်ရှိပြီး ဘေးအန္တရာယ်များကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့နေရကြောင်း၊ သဘာဝဘေးကို မဖြစ်ပွားအောင် တားဆီး၍ မရနိုင်သော်လည်း ဘေးဖြစ်ပွားပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် စနစ်တကျ ကြိုတင်စီမံနိုင်သောကြောင့် ယခုလို အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ စသည်တို့ကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ဆောင်ရွက်နေသလို ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကိုယ်တိုင် သဘာဝဘေးကို တုံ့ပြန်ဆောင်ရွက်နိုင်သော ရပ်ရွာလူထုဖြစ်စေရန် ဆင့်ပွားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာမီးလင်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

**ရမည်းသင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လ ရန်ပုံငွေဖြင့် ကျေးရွာ ၁၁ ရွာတွင် မီးလင်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်း တည်ရှိနေသည့် အင်တောကြီး၊ သာယာကုန်း၊ တူရွင်းတိုင်၊ မြင်းခြံ၊ ညောင်ချဉ်ကုန်း၊ ဆည်တို၊ ညောင်လေးပင်၊ ကုက္ကိုကုန်း၊ စည်းခုံ၊ သဲကွဲနှင့် အောင်ချမ်းသာကျေးရွာများအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း အရှည် ၁၃ မိုင် သွယ်တန်းခြင်းနှင့် ထရန်စဖော်မာ ၁၁ လုံးတပ်ဆင်ရန်အတွက် လုပ်ငန်းများကို ရမည်းသင်းခရိုင်နှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့က ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများမှာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ၁၁ ရွာ မီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေမှ ကျပ် ၂၉၂ သန်းကျော် ကျခံသုံးစွဲ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၄၇ ရွာရှိသည့်အနက် မီးလင်းပြီးသည့်ကျေးရွာ ၁၁၇ ရွာရှိရာ ယခု ၁၁ ရွာတွင် ထပ်မံမီးရရှိပါက မီးလင်းသည့်ကျေးရွာ ၁၂၈ ရွာအထိ ရှိလာမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**



# အမြန်လမ်းမကြီး (လမ်းကွန်ရက်/ကူးပြောင်းလမ်း)တွင် ယာဉ်အန္တရာယ်ကင်းစေလို

**ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)**

၂၀၁၅ ခုနှစ် ဧပြီလ ၁၀ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့် အမြန်လမ်းမကြီးများဥပဒေ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် အပိုဒ်(ဃ)တွင် အမြန်လမ်းမကြီးဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လမ်းမကြီးကို ဆိုသည်။ ယင်းစကားရပ်တွင် လမ်းမကြီး၏ လမ်းတစ်ဖက်တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ယင်းလမ်းမကြီးပေါ်ရှိ တံတားများလည်း ပါဝင်သည်ဟုလည်းကောင်း၊ အပိုဒ် (ဆ)တွင် လမ်းကွန်ရက်ဆိုသည်မှာ အမြန်လမ်းမကြီးများနှင့် လမ်းမကြီးများကို ဆက်သွယ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကို ဆိုလိုသည်ဟုလည်းကောင်း၊ အပိုဒ်(ဇ)တွင် ကူးပြောင်းလမ်းဆိုသည်မှာ အမြန်လမ်းမကြီးနှင့် အခြားလမ်းများဆုံသည့်နေရာတွင် မော်တော်ယာဉ်များ ကူးပြောင်းဝင်ထွက်သွားလာနိုင်ရန် တည်ဆောက်ထားသော တံတားနှင့်လမ်း အဆောက်အအုံကို ဆိုလိုသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။




မြန်မာ့သမိုင်းရာဇဝင်တွင် တောင်ငူခေတ်အဖြစ် မင်းကြီးညို(မဟာသီရိဇေယျသူရ)မှ နတ်သျှင်နောင်(စာဆိုရှင်)အထိ မင်းအဆက်ဆက်ထီးနန်းတည်ရှိခဲ့ရာ ကေတုမတီ(ခေါ်) တောင်ငူမြို့သည် ပဲခူးတိုင်းဒေသကြီး၏ ဒုတိယအကြီးဆုံးမြို့ဖြစ်ပြီး တောင်ငူခရိုင် ခြောက်မြို့နယ်၏ ပထမအကြီးဆုံးမြို့လည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ တောင်ငူမြို့သည် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာသာသနာရေး စသည်ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်လည်း ရှိနေပေသည်။ ဆထက်တိုး၍ ဖွံ့ဖြိုးတိုးတက်ဖို့ရန် မြို့သူမြို့သားအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရဦးမည်ဖြစ်သည်။

**တောင်ငူမြို့၏ လမ်းကွန်ရက်**

ရန်ကုန်-မန္တလေးအမြန်လမ်းအသစ်မှ တောင်ငူမြို့အတွင်းသို့အဝင်အထွက်ပြုလုပ်ရာ (လမ်းကွန်ရက်/ကူးပြောင်းလမ်း) သည် အရှေ့အနောက် အနေအထားဖြင့် တောင်ငူမြို့၏ မြောက်ဘက်အထွက် ပေါ်တော်မူဘုရားနှင့် ဘုရင့်နောင်ရုပ်တုကြီး တည်ရှိရာအကြား ရန်ကုန်-မန္တလေး ကားလမ်းအဟောင်း၏အနောက်ဘက် စပ်လျက်တည်ရှိနေပါသည်။ ကားလမ်းအဟောင်းနှင့် အမြန်လမ်းမကြီး(ကားလမ်းအသစ်) သို့ သွားလာရာ (လမ်းကွန်ရက်/ကူးပြောင်းလမ်း)၏ ဘယ်ညာတို့တွင် လူနေထိုင်ရာကျေးရွာများ၊ လယ်ယာ လုပ်ကွက်များ၊ ရပ်ကွက်များအပြင် အခြေခံပညာကျောင်းများ တောင်ငူတက္ကသိုလ်(ညောင်ကိုင်း)နှင့် ပညာရေး ကောလိပ်တို့လည်း တည်ရှိနေကြပါသည်။

စာရေးသူတို့၏ တောင်ငူမြို့ရှိ အမြန်လမ်းမကြီး(မြို့ထဲသို့အဝင်အထွက်)လမ်းတွင် ရှေ့မည်မျှအကွာတွင် ကျောင်းရှိသည်ဟုပင် သတိပေးဆိုင်းဘုတ်များ မတွေ့ရပေ။ အမြန်လမ်းမကြီးဆီမှ (လမ်းကွန်ရက်/ကူးပြောင်းလမ်း)အတိုင်း မြို့အတွင်းသို့လည်းကောင်း၊ မြို့အတွင်းမှ အမြန်လမ်းမကြီးဆီသို့လည်းကောင်း ယာဉ်(ကား)မောင်းနှင်အသုံးပြုမှုတွင် ယင်းလမ်း၏အရှည် (အကွာအဝေး)အရ လမ်းမကြီးပေါ်တွင် မောင်းနှင်သည့်အရှိန်အတိုင်း မမောင်းဘဲ အရှိန်လျှော့၍ မောင်းနှင်ခြင်းဖြင့် မိမိအတွက်အချိန်ကုန် လူပင်ပန်းလည်း ဖြစ်စေမည်မဟုတ်ပါ။

တခြား၊ တခြားသော မြို့များတွင်လည်း တောင်ငူမြို့ကဲ့သို့ (လမ်းကွန်ရက်/ကူးပြောင်းလမ်း)များ ရှိကြပါသည်။ သို့ဖြစ်ရာ ဤစာမူသည် တောင်ငူတစ်မြို့တည်းအတွက်သာ ရည်ရွယ်ခြင်းမဟုတ်ဘဲ အလားတူ အခြားသောမြို့များအတွက်ပါ ရည်ရွယ်ရေးသားရခြင်းဖြစ်ပါသည်။

**လမ်းကွန်ရက်များ၏ အခြေအနေ**

(လမ်းကွန်ရက်/ကူးပြောင်းလမ်း) တည်ရှိရာနေရာ (ဧရိယာ)၏ ဘယ်ညာ၊ အရှေ့အနောက်စသည်တို့မှ ရွာသူရွာသားများ မြို့အတွင်းသို့ သွားလာခြင်း(လမ်းကွန်ရက်/ကူးပြောင်းလမ်း)၏ ဘယ်ညာရှိရင်းတို့ စိုက်ပျိုးလုပ်ကိုင်ရာ လယ်ယာမြေများအတွင်း သွားလာခြင်းများ မပြတ်ရှိကြသလို ရပ်ကွက်နေထိုင်သူများလည်း သွားလာမှုများ မပြတ်ရှိကြသည်။ ရပ်ကွက်များကိုဖြတ်၍တည်ရှိသော(လမ်း ကွန်ရက်/ကူးပြောင်းလမ်း)သည် စည်ပင်သာယာနယ်နိမိတ်အတွင်းပင် တည်ရှိပါသည်။ (လမ်းကွန်ရက်/ကူးပြောင်းလမ်း)တစ်လျှောက် အရှေ့အနောက် မသွားလျှင်ပင် ရပ်ကွက်တစ်ခုမှ တခြားရပ်ကွက်တစ်ခုသို့ သွားလာရမည်ဆိုပါက ၎င်းအားတောင်မြောက်ဖြတ်၍ သွားလာနေရခြင်းများရှိသည်။

**စောင့်ကြည့်ဖမ်းဆီး တရားစွဲဆိုရန်လည်း မဖြစ်နိုင်**

အထက်ပါကဲ့သို့ သွားလာမှုများသည် မဖြစ်မနေ အသုံးပြုသွားလာနေရခြင်းများ ဖြစ်ကြပေသည်။ အမြန်လမ်းမကြီးများဥပဒေအခန်း(၈) တားမြစ်ချက်များ အပိုဒ်(၁၄)ရှိ "အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့် လုပ်သားများမှအပ မည်သူမျှ ခြေကျင်သွားခြင်း၊ စက်ဘီး(သို့မဟုတ်) မော်တော်ဆိုင်ကယ် စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနေးယာဉ်ဖြင့် သွားလာခြင်း၊ လှည်းနှင့် တိရစ္ဆာန်များအပါအဝင် တခြားတားမြစ်သည့် ယာဉ်များ သွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်းမပြုရ" ဟူသော ပြဋ္ဌာန်းချက်အရ ထိုသို့မဖြစ်မနေ အသုံးပြုသွားလာနေကြရသူများအား အမြဲစောင့်ကြည့်ဖမ်းဆီး တရားစွဲဆိုရန်လည်း မဖြစ်နိုင်ပေ။

**ကင်းလွတ်ချက်နှင့် သတိမူသင့်သည့်အချက်**

အခန်း(၇) ကင်းလွတ်ချက်များ အပိုဒ်(၁၃)ရှိ "တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လှည်းနှင့် ဖြတ်သန်းသွားလာခွင့်မပြုသည့် အခြားယာဉ်များ မောင်းနှင်ခြင်း(သို့မဟုတ်) ရပ်နားခြင်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်း သွားလာခြင်းကြောင့် လူနှင့်ပစ္စည်း ထိခိုက်မှု (သို့မဟုတ်) သေဆုံးမှု ဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်မရှိစေရ" ဟူသော ပြဋ္ဌာန်းချက်အရ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်နေကြသည့် ယာဉ်မောင်းများအနေဖြင့် (လမ်းကွန်ရက်/ ကူးပြောင်းလမ်း)တွင် မိမိမောင်းနှင်သည့်ယာဉ်(ကား)နှင့် ယာဉ်နှင့် ယာဉ်ချင်း၊ ကားနှင့်လူ၊ ကားနှင့် လယ်ယာသုံးပစ္စည်းယာဉ်၊ ကားနှင့်တိရစ္ဆာန်ယာဉ်၊ ကားနှင့် အနေးယာဉ်တို့ မတော်တဆ တိုက်မိမှု ဖြစ်ပွားပါက ယာဉ်မောင်းသူများအနေဖြင့် မိမိ၏ ယာဉ်သာ မောင်းနှင်အသုံးပြုရမည့် အမြန်လမ်းမကြီးနေရာကို လူ၊ အနေးယာဉ်၊ တိရစ္ဆာန်ယာဉ်၊ လယ်ယာသုံးပစ္စည်းယာဉ်တို့က တက်ရောက် မောင်းနှင်သွားလာခွင့်မရှိဘဲ မောင်းနှင်သွားလာကြသဖြင့် မိမိသာ မှန်သည်၊ မိမိတွင် အပြစ်မရှိဟု ဆိုချင်ကြသည်။ ဆိုကြမည်လည်းဖြစ်သည်။ မိမိမှန်ခြင်း မှားခြင်းထက် လမ်းအသုံးပြုသူ မိမိကိုယ်တိုင်နှင့် အခြားသူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက် သေကျေမှုများ မဖြစ်ကြစေရန် သတိမူသင့်သည်။

ယာဉ်မောင်းနှင့် လမ်းအသုံးပြုသူ အပြန်အလှန်အားဖြင့် မှားယွင်းတတ်ကြပေသည်။ "မည်သူမဆို လူ့အသက်ကို အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးအား နာကျင်စေတန်လောက်အောင် သို့တည်းမဟုတ် နာကျင်စေတန်လောက်အောင်သော်လည်းကောင်း၊ အလွန်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ၊ အများပြည်သူဆိုင်ရာလမ်းပေါ်၌ ယာဉ်ကို မောင်းနှင်လျှင် သို့တည်းမဟုတ် စီးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ရာဇသတ်ကြီး ဥပဒေပုဒ်မ-၂၇၉ တွင် ပြဋ္ဌာန်းထားပါသည်။

ထို့အတူ လူ့အသက်ကို ဖြစ်စေ၊ တခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ၊ ဘေးဖြစ်အောင် မည်သူမဆို အလွန်သော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်မှုတစ်ခုခုကို ပြုခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူအား နာကျင်စေလျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ တစ်ထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၃၇ နှင့် ယင်းပုဒ်မ-၃၃၇ ၏ စာပိုဒ်ပါ နာကျင်စေလျှင်ဟူသည့် စကားရပ်နေရာ၌ အပြင်းအထန် နာကျင်စေလျှင်ဟူသည့်စကားရပ်ကို အစားထိုးလိုက်လျှင် ငါးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင်၊ ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပုဒ်မ-၃၃၈ တွင် ပြဋ္ဌာန်းထားပါသည်။

မတော်တဆယာဉ်တိုက်ရာမှ လူသေသည်အထိ ဖြစ်ခဲ့လျှင် မည်သူမဆို ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုအဖြစ်ဖြင့်သော်လည်းကောင်း၊ လူသတ်မှုအဖြစ်ဖြင့်သော်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခြင်း မခံထိုက်သော အရမ်းပြုလုပ်မှုကို သို့တည်းမဟုတ် ပေါ့လျော့သော ပြုလုပ်မှုကိုပြု၍ လူကိုသေစေလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ သို့ရာတွင် အဆိုပါ ပြုလုပ်မှုကို သေစေတန်ရာသည်ဟု သိလျက်နှင့် ပြုလျှင် ထောင်ဒဏ်ကိုတိုး၍ ဆယ်နှစ်ထိ ချမှတ်နိုင်သည်ဟု ရာဇသတ်ကြီး ဥပဒေပုဒ်မ-၃၀၄ (က)တွင် ပြဋ္ဌာန်းထားပါသည်။

အရက်သောက်စား၍ ယာဉ်မောင်းခြင်း၊ အသက်မပြည့်သေးဘဲ ယာဉ်မောင်းခြင်း၊ သတ်မှတ်ယာဉ်မောင်းလိုင်စင် မရသေးဘဲ ယာဉ်မောင်းခြင်းများ မပြုမိစေဘဲ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးကြစေလိုပါသည်။ သတိဆိုသည်မှာ ပိုသည်မရှိ ဟူသည့်စကားပုံကို လက်ကိုင်ထားကြစေလိုပါသည်။ တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြမည့် တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းသား ကျောင်းသူလေးများ အပါအဝင် တောင်သူလုပ်သား လူအများ၏ အသက်ခန္ဓာများအား မပျက်စီး မထိခိုက်စေရန် ယာဉ်မောင်းသူများအနေဖြင့် ဆင်ခြင်တုံတရားထားကာ မောင်းနှင်ကြခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေလိုကြောင်း ရေးသားလိုက်ရပါသည်။ ။

"မတော်တဆ တိုက်မိမှု ဖြစ်ပွားပါက ယာဉ်မောင်းသူများအနေဖြင့် မိမိ၏ယာဉ်သာ မောင်းနှင်အသုံးပြုရမည့် အမြန်လမ်းမကြီးနေရာကို လူ၊ အနေးယာဉ်၊ တိရစ္ဆာန်ယာဉ်၊ လယ်ယာသုံးပစ္စည်းယာဉ်တို့က တက်ရောက် မောင်းနှင်သွားလာခွင့်မရှိဘဲ မောင်းနှင်သွားလာကြသဖြင့် မိမိသာ မှန်သည်၊ မိမိတွင် အပြစ်မရှိဟု ဆိုချင်ကြသည်။ ဆိုကြမည်လည်းဖြစ်သည်။ မိမိမှန်ခြင်း မှားခြင်းထက် လမ်းအသုံးပြုသူ မိမိကိုယ်တိုင်နှင့် အခြားသူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေကျေမှုများ မဖြစ်ကြစေရန် သတိမူသင့်သည်"

**ကိုးကား**

(၁) အမြန်လမ်းမကြီးများ ဥပဒေ
(၂) ရာဇသတ်ကြီးဥပဒေ

## ငှက်ဖျားပိုးရှိမရှိ သွေးဖောက်စစ်ဆေးပေးပြီး သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**မိုင်းယု မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်၊ မိုင်းယုမြို့မှ ရွှေ့ပြောင်းလုပ်သားများနှင့် ပြည်သူများကြားတွင် ငှက်ဖျားရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရေးအတွက် ငှက်ဖျားပိုးရှိမရှိ သွေးဖောက်စစ်ဆေးပေးခြင်းနှင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မေ ၁၈ ရက်က ဝမ်တာကြန့်ကျေးရွာအုပ်စုရှိ ဝမ်တာကြန့်ကျေးရွာနှင့် ခါဆမ်မိန်းကျေးရွာတို့ ၌ ပြုလုပ်ခဲ့သည်။

ကျေးရွာများရှိ ပြည်သူများအား ငှက်ဖျားရောဂါပိုး ရှိမရှိ သွေးဖောက်စစ်ဆေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ဝမ်တာကြန့်ကျေးရွာမှ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့က ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ဝမ်တာကြန့်ကျေးရွာနှင့် ခါဆမ်မိန်းကျေးရွာတို့မှ ပြည်သူများနှင့် ငှက်ပျောခြံများမှ ရွှေ့ပြောင်းလုပ်သားများ စုစုပေါင်း ၉၅ ဦးအား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အခမဲ့ သွေးဖောက်စစ်ဆေး စမ်းသပ်စစ်ဆေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့သလို ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



## မြောင်းမြမြို့၌ လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာဆွေးနွေး

**မြောင်းမြ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၉ ရက်က မြောင်းမြမြို့အထက ၁ ကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြောင်းမြမြို့နယ် ပညာရေးမှူးရုံး ဒုတိယဦးစီးမှူး ဦးဝင်းကျော်ကျော်က အမှာစကားပြောကြားပြီး မြောင်းမြခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဇော်ဌေးက လျှော်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်နည်းလမ်းများ၊ လျှော်လျှပ်နေစဉ် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားသင့်သည့် အချက်များ၊ လျှော်လျှပ်ပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ အရေးပေါ်ကယ်ထုတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လျှော်လျှပ်ခတ်မှုအပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့နောက် ဆရာ၊ ဆရာမများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မြောင်းမြခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက လျှော်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

**အောင်မင်း(မြောင်းမြ)**

## The Republic of the Union of Myanmar

## Ministry of Education
## Invitation for Bids

| | |
|---|---|
| Date: | 16 May 2018 |
| Loan/Grant No. and Title: | MYA 3472 – Equipping Youth for Employment |
| Contract No. and Title: | MYA 3472/EYE/NCB/Goods/ CBMSC/Dorms-Furniture/01 |
| Deadline for Submission of Bids: | 15 June 2018 |

1. The **Government of Myanmar** has received financing from the Asian Development Bank (ADB) towards the cost of **Equipping Youth for Employment Project (EYE)**. Part of this financing will be used for payments under the Contract named above. Bidding is open to Bidders from eligible source countries of ADB.

2. The Ministry of Education (represented by the Department of Education Research, Planning & Training) ("the Employer") invites sealed bids from eligible Bidders for the supply of Furniture and Bedding Materials for Student Dormitories at 16 GTHS/ITC Locations.

**List of Goods and Related Services**

| No | Items' Description | Unit | Qty |
|---|---|---|---|
| Lot 1 (Supply to 4 ITC locations) | | | |
| For supply to the following 4 locations: Pakkoku ITC, Mandalay ITC, Magway ITC, Tha Ga Ya ITC | | | |
| 1 | Bunk Beds for Students | Each | 144 |
| 2 | Single Beds for Teachers | Each | 8 |
| 3 | Single Bed Mosquito Nets | Each | 372 |
| 4 | Single Iron Box | Each | 372 |
| 5 | Single Bed Mattress | Each | 372 |
| 6 | Bed Sheets | Each | 740 |
| 7 | Lockable Cabinet | Each | 80 |
| 8 | Lockable Cupboard | Each | 8 |
| 9 | Long Table | Each | 16 |
| 10 | Plastic Chairs | Each | 296 |

| No | Items' Description | Unit | Qty |
|---|---|---|---|
| Lot 2 (Supply to 6 GTHS locations) | | | |
| For supply to the following 6 locations: Waibarrgi GTHS, Aung San GTHS, Taungoo GTHS, Pha-An GTHS, Pathein GTHS, Mawlamyine GTHS | | | |
| 1 | Bunk Beds for Students | Each | 216 |
| 2 | Single Beds for Teachers | Each | 12 |
| 3 | Single Bed Mosquito Nets | Each | 558 |
| 4 | Bed Pillows with Pillow Cases | Each | 558 |
| 5 | Single Bed Blankets | Each | 558 |
| 6 | Single Bamboo Bed Mats | Each | 558 |
| 7 | Lockable Cabinet | Each | 120 |
| 8 | Lockable Cupboard | Each | 12 |
| 9 | Long Table | Each | 24 |
| 10 | Plastic Chairs | Each | 444 |

| No | Items' Description | Unit | Qty |
|---|---|---|---|
| Lot 3 (Supply to 6 GTHS locations) | | | |
| For supply to the following 6 locations: Nay Pyi Taw GTHS, Meikhhila GTHS, Mandalay GTHS, Lashio GTHS, Monywar GTHS, Kale GTHS | | | |
| 1 | Bunk Beds for Students | Each | 216 |
| 2 | Single Beds for Teachers | Each | 12 |
| 3 | Single Bed Mosquito Nets | Each | 558 |
| 4 | Bed Pillows with Pillow Cases | Each | 558 |
| 5 | Single Bed Blankets | Each | 558 |
| 6 | Single Bamboo Bed Mats | Each | 558 |
| 7 | Lockable Cabinet | Each | 120 |
| 8 | Lockable Cupboard | Each | 12 |
| 9 | Long Table | Each | 24 |
| 10 | Plastic Chairs | Each | 444 |

3. National competitive bidding will be conducted in accordance with ADB's NCB procedure and is open to all Bidders from eligible countries as described in the Bidding Document.

4. To obtain further information and inspect the Bidding Documents, bidders should contact:

EYE Project Management Unit (PMU)
Department of Education Research, Planning & Training, Ministry of Education, Bldg No 13,
Nay Pyi Taw, Myanmar
Telephone: +95 67407534/67407273
Fax: +95 67407406
E-maill address:
projectmanager.EYEPMU@gmail.com
With copy to: procurement.EYEPMU@gmail.com

5. To purchase the Bidding Documents in English, eligible bidders should

- write to the address above requesting the Bidding Documents for MYA3472/EYE/NCB/Goods/CBMSC/Dorms-Furniture/01
- pay a nonrefundable Bidding Document Fee of *MMK 10,000 either by cash payment or through bank transfer to:*

Bank A/C No: MD-012898
Bank Name: Myanmar Economic Bank
Bank Address: Thiri Kyaw Swa Street, Near Bank Zone, Zabu Thiri Township, NayPyiTaw
Account Name: Department of Education Research, Planning & Training, Ministry of Education

6. Deliver your bid

- to the address above
- on or before the deadline: **15 June 2018 (15.00 Hours MST)**
- **together with a Bid Security as described in the Bidding Document**

Bids will be opened immediately after the deadline for bid submission in the presence of Bidders' representatives who choose to attend. Late Bids will be rejected. Electronic Bid submission is not permitted.

7. The Ministry of Education will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.

## အမှတ် ၁၂၃ သစ်စက်၊ ကလေးမြို့ရှိ (၃)ခန်းတွဲ ဝန်ထမ်းနေအိမ် အဆောက်အအုံဟောင်း (၃)လုံး ဈေးပြိုင်လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အမှတ် ၁၂၃ သစ်စက်မှ (၃)ခန်းတွဲ ဝန်ထမ်းနေအိမ်အဆောက်အအုံဟောင်း(၃)လုံးကို ၆-၆-၂၀၁၈ ရက် နံနက် ၁၀:၀၀နာရီတွင် မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊ သစ်မင်းဇေယျာခန်းမ၌ ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်သိလိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့် အခြားပစ္စည်းဟောင်းများ**
**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊**
**ဖုန်း-၀၇၁-၃၀၁၉၁၊ ၀၇၁-၂၁၀၂၅၊ ၀၉-၇၉၀၁၆၅၈၈၆၊ ၀၉-၄၅၁၃၃၇၆၂၀**

## အသိပေးကြေညာခြင်း

၂၈-၄-၂၀၁၈ ရက်စွဲပါ ရတနာပုံသတင်းစာနှင့် ၂၉-၄-၂၀၁၈ ရက်စွဲပါ မန္တလေး၊ မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတို့တွင် ကြော်ငြာထားသော မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ၂၀၁၈၊ ဧပြီလမှ စက်တင်ဘာလအထိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူရာတွင် Lot(1) Royal Steel Palace Co.,Ltd, Lot(2) GF Engineering & Construction Co.,Ltd, Lot(3) SUNTAC TECHNOLOGIES CO.,Ltd, Lot(4) Master Glory Co.,Ltd, Lot(5) အောင်ခေတ်သစ်ကုမ္ပဏီ၊ Lot(6) မုဒုံမောင်မောင်ကုမ္ပဏီ၊ Lot(7) နေဖြိုးပြည့်ကုမ္ပဏီ၊ Lot(8) ကုဋ္ဌေကျော်ကုမ္ပဏီ၊ Lot(9) မြတ်ဖြိုးရွှေငွေကုမ္ပဏီ၊ Lot(10) GAIA Co.,Ltd, Lot(11) 25th Group Construction Co.,Ltd, Lot(12) UE Unique Enterprise Co.,Ltd, Lot (13) ဆုဖြိုးရဲကုမ္ပဏီ၊ Lot(14) သီဟမင်းဆွေကုမ္ပဏီ၊ Lot(15) မြေလတ်သစ္စာကုမ္ပဏီ၊ Lot(16) ရွှေဝင်းစတားကုမ္ပဏီ၊ Lot(17) Zarni Chit Co.,Ltd. စသည့်ကုမ္ပဏီများအား ၁၆-၅-၂၀၁၈ ရက်တွင် ကျင်းပသော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ် တင်ဒါအောင်မြင်ကြောင်း ကြော်ငြာအပ်ပါသည်။

ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)၊ ၇၃ လမ်းနှင့်သဇင်လမ်းထောင့်၊ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာထားပါသည်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် တစ်ပတ်အတွင်း လာရောက်စာချုပ်ချုပ်ဆို၍ လုပ်ငန်းစတင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ တစ်ပတ်အတွင်း စာချုပ်လာရောက်မချုပ်ဆိုပါက ဒုတိယအောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## တစ်ဦးချင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်း

**စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်သည့်ဝင်ငွေ**

၁။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေဆိုသည်မှာ ဝင်ငွေရရှိရန် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်း/ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် ဝင်ငွေတို့အပြင်/ငွေချေးသက်သေခံလက်မှတ်များကို စီးပွားရေး လုပ်ငန်းသဖွယ်လုပ်ကိုင်ခြင်းနှင့် အတိုးရရန်ရင်းနှီးမြှုပ်နှံခြင်းတို့မှ ဝင်ငွေအပေါ် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်။

**အခွန်နှုန်း**

၂။ စီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

**ဝင်ငွေတွက်ချက်ခြင်း**

၃။ စီးပွားရေးလုပ်ငန်းမှ ရရှိသောဝင်ငွေကို တွက်ချက်ရာတွင် ယင်းဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှကုန်ကျစရိတ်နုတ်ပယ်ပြီး အသားတင်အမြတ်ငွေအပေါ် သက်သာခွင့်များခွင့်ပြုပြီး ကျန်ငွေကိုသာ သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-

(က) မတည်စရိတ်
(ခ) ကိုယ်ရေးကိုယ်တာစရိတ်
(ဂ) လုပ်ငန်းပမာဏနှင့် မမျှအောင် များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့်စရိတ်။

၄။ စီးပွားရေးလုပ်ငန်းမှဝင်ငွေသည် ဆောင်ရွက်ရသည့်လုပ်ငန်းအပေါ်ရရှိသည့်ဝင်ငွေ (သို့မဟုတ်) ရောင်းရငွေနှင့် လုပ်ကိုင်ရသည့်လုပ်ငန်း သဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ရေခဲထုတ်လုပ်ရောင်းချသူ၏ ကုန်ကျစရိတ်နှင့် ကုန်စုံပစ္စည်းများရောင်းချခြင်းလုပ်ငန်းမှ ကုန်ကျစရိတ်များမှာ တူညီနိုင်မည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

**အခွန်တွက်ချက်ခြင်း (နမူနာ)**

